ကြေးမုံ
The Mirror Daily
၁၉၅၇ ဖပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်၊ သောကြာနေ့။ Friday, 4 December 2020 ၁၀၂၁၆

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အမြဲတမ်းအတွင်းဝန်နှင့် နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းထိုက်ရွှေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်စိုးတင့်နိုင်၊ ဦးခင်မောင်ဝင်းနှင့် ဦးဝင်းမော်ထွန်း၊ တပ်မတော်မှအရာရှိကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂)နှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယခုကျင်းပသည့် အစည်းအဝေးသည် ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ဗဟိုကော်မတီ၏

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

## အချပ်ပို ၁၆ မျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ၂၀၂၀ ရွေးကောက်ပွဲ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ၏ ဆန္ဒမဲရရှိမှု အခြေအနေများကို အချပ်ပိုစာမျက်နှာ (၁၆) မျက်နှာဖြင့် ဖော်ပြပါရှိပါသည်။

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၃

| | | |
|---|---|---|
| ဟားခါး | -၁ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၆ | ဒီဂရီစင်တီဂရိတ် |
| ရမ်ကလောင်း | ၆ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၇ | ဒီဂရီစင်တီဂရိတ် |

# ချင်းရွှေဟော်၌ ကိုဗစ်-၁၉ အတည်ပြုလူနာနှင့်ထိတွေ့ခဲ့သူများအား Rapid Test Kit ဖြင့်စစ်ဆေး



**ချင်းရွှေဟော် ဒီဇင်ဘာ ၃**

ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားနေရပ်ပြန် အမျိုးသမီးတစ်ဦးထံမှ ဒီဇင်ဘာ ၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့ရာ အဆိုပါ အတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူ ၅၅ ဦးအား ချင်းရွှေဟော်မြို့ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာသီဟနှင့် ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ Rapid Test Kit ဖြင့် ယနေ့ နံနက် ၁၀ နာရီက ပြည်သူ့ဆေးရုံ၌ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ ပထမအကြိမ် Rapid Test Kit ဖြင့် စစ်ဆေးခဲ့ရာတွင် စစ်ဆေးချက်အဖြေအရ ထိတွေ့သူအားလုံးတွင် ရောဂါပိုးမတွေ့ရှိရကြောင်းနှင့် ၁၀ ရက်အကြာတွင် ဒုတိယအကြိမ်အဖြစ် ၎င်းတို့၏ ခတ်ခွဲနမူနာများအား ထပ်မံရယူပြီး ချင်းရွှေဟော်မြို့ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ မူဆယ်မြို့ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ဆက်လက်ပေးပို့စစ်ဆေးသွားမည်ဖြစ်ကြောင်း ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

ကြေးမုံ ယနေ့ ဖတ်စရာ

ကြည်နူးအားကျ အလေးစားပို ရန်ကုန်တက္ကသိုလ် — ဆောင်းပါး စာမျက်နှာ » ၆

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်နှင့်အတူ ဂုဏ်ယူဖွယ် ရန်ကုန်တက္ကသိုလ် လက်ရွေးစင်ဘောလုံးအသင်း — ဆောင်းပါး စာမျက်နှာ » ၈

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ — စာမျက်နှာ » ၁၀

ကြေးမုံ

# အမျိုးသားအောင်ပွဲနေ့နှင့် အမျိုးသားအကျိုးစီးပွား

ရန်ကုန်တက္ကသိုလ် ပေါ်ပေါက်လာခြင်းနှင့်အတူ အမျိုးသားရေးလှုပ်ရှားမှုလည်း တစ်ဆက်တည်းဖြစ်ပေါ်လာခဲ့သည်။ ထိုအမျိုးသားရေးလှုပ်ရှားမှုကြီးသည် ယူနီဗာစီတီ အက်ဥပဒေကို ကျောင်းသားများနှင့် ပြည်သူတစ်ရပ်လုံး ကန့်ကွက်နေသည့်ကြားမှ အတည်ပြုပြဋ္ဌာန်းလိုက်သဖြင့် ပေါ်ပေါက်လာသော အမျိုးသားရေးလှုပ်ရှားမှု၊ အမျိုးသားရေး သမိုင်းမှတ်တိုင်၊ အမျိုးသားအောင်ပွဲနေ့ဖြစ်သည်။

၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့သည် မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေးလှုပ်ရှားမှု အစီအစဉ်တွင် ထင်ရှားပြောင်မြောက်သော သမိုင်းမှတ်တိုင်ကြီးဖြစ်၍ ထိုနေ့ထိုရက်သို့ရောက်လေတိုင်း အမျိုးသားအောင်ပွဲနေ့ကို ကျင်းပလေ့ရှိသည်။ ထိုအောင်မြင်သောလှုပ်ရှားမှုကြီးသည် ကျောင်းသားအရေး၊ ပညာအရေး လှုပ်ရှားမှုသဘော သက်သက်မဟုတ်ချေ။ အမျိုးသားကျောင်းများ မြန်မာပြည်အနှံ့ ပေါ်ပေါက်လာရေးနှင့် နိုင်ငံလွတ်လပ်ရေးလှုပ်ရှားမှုအရှိန်အစပျိုးသော အမျိုးသားရေးလှုပ်ရှားမှု မီးရှူးတန်ဆောင်ဖြစ်သည်။

အမျိုးသားအောင်ပွဲနေ့သည် ရန်ကုန်တက္ကသိုလ်ကြီးနှင့်အတူ ပေါ်ပေါက်လာသောကြောင့် နှစ်(၁၀၀) ပြည့် မီးရှူးတန်ဆောင်နေ့ဖြစ်လာပြီ။ နှစ် (၁၀၀) တွင် တစ်ကြိမ်သာကြုံကြိုက်ရသည့် အမျိုးသားအောင်ပွဲနေ့ကို ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသောကာလဖြစ်၍ သိုက်သိုက်မြိုက်မြိုက် စည်စည်ကားကား မကျင်းပနိုင်သော်လည်း ထင်ထင်ရှားရှား လေးလေးနက်နက် ထိုက်ထိုက်တန်တန် ဂုဏ်ပြုကြရမည်ဖြစ်သည်။ အမျိုးသားစိတ်ဓာတ်၊ အမျိုးသားရေး နိုးကြားထက်သန်မှုသည် တိုင်းပြည်နှင့် လူမျိုးအတွက် အရေးကြီးသဖြင့် သမိုင်းတန်ဆောင်ထွန်းပြောင်မှုကို လှစ်ဟပြကြရမည်ဖြစ်သည်။

နိုင်ငံတိုင်း နိုင်ငံတိုင်းတွင် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် မွန်မြတ်အားကောင်းသော အမျိုးသားရေးစိတ်ဓာတ် မရှိမဖြစ်လိုအပ်ပါသည်။ မိမိနိုင်ငံ လွတ်မြောက်ရေးအတွက်လည်းကောင်း၊ မိမိနိုင်ငံ ကာကွယ်စောင့်ရှောက်ရေးအတွက်လည်းကောင်း၊ မိမိနိုင်ငံ၏အကျိုးစီးပွား မပျက်စီးမယုတ်လျော့ရေးအတွက် လည်းကောင်း အမျိုးသားရေးစိတ်ဓာတ်များ ထွန်းကားအောင် ကြိုးပမ်းအားထုတ်ကြပါသည်။ ပြင်းပြသော အမျိုးသားရေး၊ နိုးကြားသော အမျိုးသားစိတ်တို့ဖြင့် မိမိနိုင်ငံ၏ အကျိုးစီးပွားကို ရှေးရှုဖော်ဆောင်ကြသည်။

၁၉ ရာစု၊ ၁၉ ရာစုလွန်ကာလတွင် နိုင်ငံများသည် နယ်ချဲ့လက်အောက်ဘဝမှ လွတ်မြောက်ရေးအတွက် ထက်သန်သောအမျိုးသားရေးစိတ်ဓာတ်ဖြင့် တွန်းလှန်နိုင်ခဲ့ပြီး ၂၀ ရာစု၊ ၂၁ ရာစုကာလတွင် မိမိနိုင်ငံ ချမ်းသာကြွယ်ဝရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသော အမျိုးသားရေးစိတ်ဓာတ်ဖြင့် ကြိုးပမ်းအားထုတ်နေကြသည်။ မိမိနိုင်ငံ ပိုင်နက်နယ်မြေကို ကာကွယ်ရာ၌၊ မိမိနိုင်ငံ အကျိုးစီးပွားထိခိုက်မှုကို ကာကွယ်ရာ၌ အမျိုးသားရေးစိတ်ဓာတ်သည် မရှိမဖြစ်လိုအပ်သည်။ ယင်းအမျိုးသားရေးစိတ်ဓာတ် သန္ဓေတည်မွေးဖွားရာနေ့သည် ယင်းနိုင်ငံ၏ သမိုင်းအထင်ကရ အမျိုးသားရေးလှုပ်ရှားမှုကြီး စတင်သောနေ့ကို သတ်မှတ်ကြသည်။ မြန်မာနိုင်ငံအနေဖြင့်မူ တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ဖြစ်သည်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဖွင့်လှစ်သင်ကြားခဲ့သော ရန်ကုန်တက္ကသိုလ်နှင့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများသည် တက္ကသိုလ်ကြီးဖွင့်လှစ်ပြီး ရက်ပိုင်းအကြာတွင် အမျိုးသားရေးလှုပ်ရှားမှုကြီးကို စတင်နိုင်ခဲ့သည်မှာ ပြင်းပြသော အမျိုးသားရေးစိတ်ဓာတ်ကြောင့် ဖြစ်သည်။ ရာပြည့် ရန်ကုန်တက္ကသိုလ်နှင့် ရာပြည့်အမျိုးသားအောင်ပွဲနေ့သည် နှစ်ပေါင်း ၁၀၀ သက်တမ်းသို့ ချင်းနင်းဝင်ရောက်ပြီဖြစ်၍ လူ့သက်တမ်းတစ်ခုကို ကျော်လွန်လာပြီဖြစ်သည်။ သို့အတွက် နှစ်ပေါင်း ၁၀၀ ကာလက နိုင်ငံအပေါ်ထားရှိခဲ့သော အမျိုးသားရေးစိတ်ဓာတ်များ မေးမှိန်ပျောက်ကွယ်မသွားဖို့လိုအပ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိနိုင်ငံ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရာ၌ တစ်ကမ္ဘာလုံးအကျိုးကို လွှမ်းခြုံရှုမြင်လာသည့် အချိန်အခါဖြစ်သည်။ အဖြစ်အပျက်အကြောင်းအရာများသည် မိမိတစ်နိုင်ငံသာမက တစ်ကမ္ဘာလုံးစီးဝင်ဖြစ်ပေါ်နေသော ကာလဖြစ်သည်။ ထို့ကြောင့် အကျိုးစီးပွားများကို ဖော်ဆောင်ရာ၌ မိမိနေရာကွက်ကွက်လေးသာ ရှုမြင်ဆောင်ရွက်ခြင်းဖြင့် အလုပ်မဖြစ်နိုင်တော့ဘဲ တစ်ကမ္ဘာလုံးလွှမ်းခြုံရှုမြင်သော တွေးခေါ်မြော်မြင်ဆင်ခြင်နိုင်စွမ်းအားဖြင့် ကြိုးပမ်းအားထုတ်မည်ဆိုသည့် အမျိုးသားရေးစိတ်ဓာတ်များ မွေးမြူကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လွန်ခဲ့သည့် နှစ် ၁၀၀ ကာလက ပေါ်ထွန်းခဲ့သော အမျိုးသားရေးမီးရှူးတန်ဆောင်သည် သမိုင်းကာလအားဖြင့် မဝေးကွာသေးပေ။ အမျိုးသားလွတ်မြောက်ရေးမှ သန္ဓေတည်ခဲ့သော အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံ၍ မျက်မှောက်ကာလ၌ နိုင်ငံချစ်စိတ်၊ ကမ္ဘာချစ်စိတ်၊ အားလုံးနှင့် သဟဇာတဖြစ်မည့် မြော်မြင်စိတ်များမွေးမြူ၍ အကျိုးစီးပွားများကို ဖော်ဆောင်ကြရမည်ဖြစ်ပါကြောင်း။ ။

# လယ်ယာသုံးစက်ကိရိယာများ ဖြန့်ဖြူးရောင်းချရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် လယ်ယာသုံး စက်ကိရိယာများ ဖြန့်ဖြူးရောင်းချနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဗဟိုသမဝါယမအသင်းမှ တာဝန်ရှိသူများ၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်သမဝါယမဦးစီးဌာနများမှ ဌာနမှူးများ၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ပြည်နယ်သမဝါယမအသင်းစုချုပ်များ၊ မြို့နယ်သမဝါယမအသင်းစုများမှ တာဝန်ရှိသူများ တက်ရောက်သည်။

အဆိုပါအစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားရာ၌ သမဝါယမအသင်းသားတောင်သူများ လိုအပ်လျက်ရှိသော လယ်ယာသုံးစက်ကိရိယာများကို ဈေးနှုန်းအသက်သာဆုံးနှင့် ကာလရှည် အရစ်ကျရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ဝယ်ယူရာတွင် အသင်းသားများ၏ လက်ဝယ်အရောက် Running Condition နှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အခက်အခဲများ အပေါ် ဝိုင်းဝန်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ကိုဗစ် - ၁၉ ကာလအတွင်း ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ New Normal Life ပုံစံနှင့် လုပ်ငန်းများအား လုပ်ဆောင်သွားကြရန်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၃ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃ ရက် )

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါ်ကြည်ကြည်စိန်း ကို မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား

“အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ကာကွယ်တုံ့ပြန်ဖို့၊ သီးသန့်ရန်ပုံငွေထားရှိလို့ အချက်အလက်ကောက်ယူစို့”

“Orange the World: Fund, Respond, Prevent, Collect!”

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃-၁၂-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၈၀၀ | ၉,၉၀၀ | ၄၃၃ | ၄,၂၄၈,၈၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၀၀ | ၃,၉၂၁ | ၁၄,၃၂၃,၉၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၁ | ၈,၄၀၀ |
| FPB | ၂၂,၅၀၀ | ၂၂,၀၀၀ | ၅၂ | ၁,၁၄၄,၅၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၃၃၁ | ၉၀၇,၄၅၀ |
| EFR | ၃,၈၀၀ | ၃,၈၀၀ | ၁၉၀ | ၇၂၄,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၃

ရန်ကုန်(ရွှေဈေး) ၁၃၀၁၀၀၀ မန္တလေး(ရွှေဈေး) ၁၃၀၁၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၆၀/၆၁၀ ကျပ် | ၅၉၅/၆၂၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၅၀/၅၉၅ ကျပ် | ၅၈၀/၆၀၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၄၅/၆၇၀ ကျပ် | ၇၁၀/၇၃၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၅၂၅/၅၅၅ ကျပ် | ၅၈၀/၅၉၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၅၁၂/၅၁၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၀/၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၉၅/၅၀၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၃.၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၀၃.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၁.၇၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၈၀၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၄.၉၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၉၀၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၈၂.၆၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၉.၃၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၆၈.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀.၉၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဒေါ်အေးအေးသင်း၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

*ရှေ့ဖုံးမှ

ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက် ၁၆ ချက် ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီး ၁၅ ချက်၊ ဆောင်ရွက်ဆဲ တစ်ချက်နှင့် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာလ ၂၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် ၂၁ ချက် ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီး ၁၈ ချက်နှင့် ဆောင်ရွက်ဆဲ သုံးချက်တို့ ဖြစ်ပါကြောင်း၊ အစည်းအဝေး (၂)ကြိမ် ပြုလုပ်ခဲ့ရာ စုစုပေါင်းဆုံးဖြတ်ချက် ၃၇ ချက် ချမှတ်ခဲ့ပြီး ဆောင်ရွက်ပြီး ၃၃ ချက်၊ ဆောင်ရွက်ဆဲ လေးချက်တို့ ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ဆောင်ရွက်ဆဲအချက်များကို သတ်မှတ်ချိန်အတွင်း အမြန်ပြီးစီးအောင် သက်ဆိုင်ရာ ဆပ်ကော်မတီများအလိုက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

"လွတ်လပ်ရေးနေ့ အခမ်းအနားများ" ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နှစ်စဉ်နှစ်တိုင်းကျင်းပပြုလုပ်ခဲ့သော်လည်း ယနေ့ကာလသည် Coronavirus Disease 2019 (COVID–19) ဖြစ်ပွားနေသော အချိန်ကာလဖြစ်သည့်အတွက် သတ်မှတ်ပေးထားသော လုပ်ငန်းတာဝန်များအပြင် "Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ" နှင့် "ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန"တို့က ထုတ်ပြန်ထားသည့် ပြည်သူသို့ပန်ကြားချက်များ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် စံလုပ်ငန်းလမ်းညွှန်ချက်များကိုပါ အလေးအနက် ဂရုပြုရမည့်ကိစ္စတစ်ရပ် အနေဖြင့် ထည့်သွင်းစဉ်းစားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

### စံလုပ်ငန်းလမ်းညွှန်ချက် ၁၆ ချက်

"ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန" အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားများကို ကျင်းပရာတွင် COVID–19 ရောဂါကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် "အခမ်းအနား စီစဉ်ဆောင်ရွက်မည့်သူများ လိုက်နာရန် စံလုပ်ငန်းလမ်းညွှန်ချက် (၁၀)ချက်"၊ "လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား" တို့တွင် လိုက်နာဆောင်ရွက်ရမည့် "စံလုပ်ငန်းလမ်းညွှန်ချက် ခြောက်ချက်"၊ စုစုပေါင်းအချက် ၁၆ ချက်ကို ရေးဆွဲပေးထားပြီး ဖြစ်သည့်အတွက် သက်ဆိုင်ရာဆပ်ကော်မတီများနှင့် တာဝန်ရှိသူများ အနေဖြင့် အဆိုပါ "စံလုပ်ငန်းလမ်းညွှန်ချက် ၁၆ ချက်" ကို တိတိကျကျလိုက်နာဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

လတ်တလောဖြစ်ပွားလျက်ရှိသည့် Coronavirus Disease 2019 (COVID–19) ကူးစက်ရောဂါကြောင့် ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ကျင်းပမည့် နံနက်ပိုင်းအခမ်းအနားများဖြစ်သည့် "နိုင်ငံတော်အလံတင် စစ်ရေးပြအခမ်းအနား"၊ "နိုင်ငံတော်အလံ အလေးပြုပွဲနှင့် နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့သဝဏ်လွှာ ဖတ်ကြားခြင်းအခမ်းအနား" နှင့် နိုင်ငံတော်သမ္မတ အိမ်တော်၊ သဘင်ဆောင်၌ ကျင်းပမည့် "ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား" များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ပေးထားသည့် စံလုပ်ငန်းလမ်းညွှန်ချက်များ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ ကျင်းပသွားရမည်ဖြစ်ပါကြောင်း။

အဆိုပါအခမ်းအနားများသို့ တက်ရောက်မည့် ဧည့်သည်တော်များနှင့် လူထုပရိသတ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ပေးထားသည့် "စံလုပ်ငန်း လမ်းညွှန်ချက်များ"၊ "အမိန့်နှင့် ညွှန်ကြားချက်များ" နှင့်အညီ တက်ရောက်နိုင်ရေးအတွက် တက်ရောက်မည့် လူဦးရေကို သတ်မှတ်လျှော့ချထားပြီးဖြစ်သည့်အပြင် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် ပြောကြားလိုပါကြောင်း။

နိုင်ငံတော်သမ္မတအိမ်တော်၌ ညနေပိုင်းတွင် ကျင်းပမည့် "လွတ်လပ်ရေးနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနား" ကို ယခုနှစ်တွင် ကျင်းပခြင်းမပြုတော့ဘဲ လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မီးရှူး၊ မီးပန်းများ ဂုဏ်ပြုပစ်ဖောက်ခြင်းအစီအစဉ်ကို အများပြည်သူ တွေ့မြင်နိုင်သည့်နေရာများတွင် ခမ်းနားထည်ဝါစွာ ဂုဏ်ပြုပစ်ဖောက်သွားမည်ဖြစ်ပါကြောင်း၊ မီးရှူး၊ မီးပန်းများ ပစ်ဖောက်ရာတွင်လည်း အန္တရာယ်ကင်းရှင်းစွာ ပစ်ဖောက်နိုင်ရေးအတွက် စနစ်တကျကြိုတင်စီမံပြီး ဇာတ်တိုက်လေ့ကျင့်ထားရန် ပြောကြားလိုပါကြောင်း။



၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

လက်ရှိဖြစ်ပွားနေသည့် COVID–19 ကူးစက်ရောဂါ အခြေအနေကြောင့် စာသင်ကျောင်းများ ပိတ်ထားရသည့်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နှစ်စဉ်ကျင်းပနေသည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာပြိုင်ပွဲများ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများကို ယခုနှစ်တွင် ကျင်းပခြင်း မပြုလုပ်ရန် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အကြောင်းကြားထားပြီးဖြစ်ပါကြောင်း။

### ကြိုတင်စီစဉ်ဆောင်ရွက်ထား

လွတ်လပ်ရေးနေ့အခမ်းအနားများ ကျင်းပမည့်နေရာများတွင် ပိုးသတ်ဆေးကြိုတင်ဖျန်းထားနိုင်ရေး၊ အဆိုပါနေရာအားလုံးတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများ အနေဖြင့် အခမ်းအနားသို့ တက်ရောက်လာသူများနှင့် ထိတွေ့နိုင်မှုများ ရှိနိုင်သည့်အတွက် ကျန်းမာရေး စစ်ဆေးမှုများ ကြိုတင်ဆောင်ရွက်ထားနိုင်ရေး၊ အခမ်းအနားသို့ တက်ရောက်လာသူများအတွက် နှာခေါင်းစည်း(Mask)များ၊ မျက်နှာအကာ(Face Shield)များနှင့် လက်အိတ် (Glove) များ ဖြန့်ဝေနိုင်ရန် ကြိုတင်စီစဉ်ဆောင်ရွက်ထားရေး၊ အခမ်းအနား ကျင်းပပြုလုပ်မည့်နေရာသို့ မဝင်ရောက်မီ ကိုယ်အပူချိန်တိုင်းတာစစ်ဆေးရန်နှင့် လက်ဆေးကြောသန့်စင်နိုင်ရန် လက်သန့် ဆေးရည် (Hand Sanitizer/Gel) များ ထားရှိနိုင်ရေး၊ အခမ်းအနားသို့ တက်ရောက်မည့်သူများအတွက် နေရာခင်းကျင်းရာတွင်လည်း တစ်ဦးနှင့်တစ်ဦး အကွာအဝေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် Social Distancing များအတိုင်း နေရာချထားနိုင်ရေးနှင့် အရေးပေါ် ကျန်းမာရေးကိစ္စရပ်များအတွက် လုံလောက်သောဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အထောက်အကူပြုယာဉ်များကို ကြိုတင်စီမံဆောင်ရွက်ထားနိုင်ရေးတို့ကို သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရန် ပြောကြားလို ပါကြောင်း။

"နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေး ဆပ်ကော်မတီ" အနေဖြင့် နေပြည်တော်၊ မြို့တော်ခန်းမရင်ပြင်၌ နံနက် ၇ နာရီတွင် ကျင်းပမည့် "နိုင်ငံတော်အလံအလေးပြုပွဲနှင့် နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့သဝဏ်လွှာ ဖတ်ကြားခြင်းအခမ်းအနား" သို့ တက်ရောက်မည့် အင်အားစာရင်းများကိုလည်း အတည်ပြုချက် ရရှိထားပြီးဖြစ်သည့်အတွက် အချိန်မီဖိတ်ကြားနိုင်ရေးနှင့် လိုအပ်သည့် ပန်ကြားလွှာများ ထည့်သွင်းဖော်ပြနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် ပြောကြားလိုပါကြောင်း။

"ပြန်ကြားရေးဝန်ကြီးဌာန" အနေဖြင့်လည်း လွတ်လပ်ရေးနေ့မတိုင်မီနှင့် လွတ်လပ်ရေးနေ့တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဖျော်ဖြေရေးအစီအစဉ်များကို သီးခြား ထုတ်လွှင့်ပြသနိုင်ရေးအတွက် "သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန" နှင့် "ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန" တို့ ညှိနှိုင်းရိုက်ကူးထုတ်လွှင့်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းများ၊ လွတ်လပ်ရေးနေ့နှင့် သက်ဆိုင်သော မျိုးချစ်စိတ်ဓာတ်ထက်သန်စေသည့် ဇာတ်လမ်းများ၊ သမိုင်းဝင်တေးသီချင်းများ ထုတ်လွှင့်ပြသနိုင်ရေးနှင့် သတင်းစာ၊ ဂျာနယ်များတွင်လည်း ရေးသားဖော်ပြသွားနိုင်ရေးတို့ကို အချိန်မီစီမံဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

### စနစ်တကျသုံးစွဲ

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပို့စကတ်များကိုလည်း အချိန်မီဖြန့်ဝေနိုင်ရေးအတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းကာ အချိန်မီ ပြီးစီးအောင် ဝိုင်းဝန်း ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ ထို့အပြင် ဆပ်ကော်မတီအလိုက် အသုံးစရိတ်များကို သေချာစွာစိစစ်တွက်ချက်၍ စနစ်တကျသုံးစွဲသွားရန် ပြောကြားလိုပါကြောင်း။

"လုံခြုံရေးဆပ်ကော်မတီ" အနေဖြင့်လည်း သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များအား လစ်ဟာမှုမရှိအောင် ဘက်စုံထောင့်စုံသုံးသပ်ဆောင်ရွက်ကာ စနစ်တကျစီမံချက်များ ရေးဆွဲပြီး လုံခြုံရေးအပြည့်အဝရှိအောင် စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် ပြောကြားလိုပါကြောင်း။

ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့် ယခင်ကျင်းပခဲ့သည့် ဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ တွေ့ကြုံနေရသည့်အခက်အခဲများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ အမြဲတမ်းအတွင်းဝန် ဦးဇော်သန်းသင်းက ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက် ၂၁ ချက်အနက် ဗဟိုကော်မတီက ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက် ခြောက်ချက်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းထိုက်ရွှေက "နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲစစ်ရေးပြဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ နံနက်ပိုင်းအခမ်းအနားများတွင် စစ်ရေးပြ ဆောင်ရွက်မည့် ဂုဏ်ပြုတပ်ဖွဲ့အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များ၊ စံလုပ်ငန်းလမ်းညွှန်ချက်များအတိုင်း လူဦးရေကန့်သတ်လျှော့ချကာ ဖွဲ့စည်းလေ့ကျင့် ဆောင်ရွက်နေမှုအခြေအနေများ၊ ဇာတ်တိုက်လေ့ကျင့်မှု အခြေအနေများ၊ စစ်ရေးပြ အခမ်းအနားတွင် ပါဝင်သည့် အရာရှိ၊ စစ်သည်များအား Swab ယူကာ သီးခြားထားရှိဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က "နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ ဆပ်ကော်မတီနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် တာဝန်များ ခွဲဝေချထားမှုအခြေအနေ၊ ဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ နံနက်ပိုင်းအခမ်းအနားများအတွက် လူဦးရေကန့်သတ်လျှော့ချကာ တစ်ဦးနှင့်တစ်ဦး ရှစ်ပေခွာပြီး နေရာချထားမည့် လျာထားမှုအကွက်ချပုံစံနှင့် အစမ်းဇာတ်တိုက် လေ့ကျင့်ဆောင်ရွက်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများ၊ အခမ်းအနားကျင်းပရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေ၊ လွတ်လပ်ရေးနေ့အမျိုးသားရေး ဦးတည်ချက်များကို အများပြည်သူမြင်သာအောင် ဆိုင်းဘုတ်ကြီးများ စိုက်ထူသွားမည့်အခြေအနေများ၊ ဖိတ်ကြားရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများနှင့် ရင်ထိုးတံဆိပ်၊ ပန်ကြားလွှာနှင့် ယာဉ်ဝင်/ထွက်ခွင့်ကတ်များ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က "လွတ်လပ်ရေးနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် သန်းကျော်စိုးက "မီးရှူးမီးပန်းများ ပစ်ဖောက်ရေးဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ ဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ၂၀၂၁ ခုနှစ်၊

စာမျက်နှာ ၅ သို့ ❒

## ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ☆ ကျောင်းနေအရွယ် လူငယ်အားလုံး အခြေခံပညာသင်ယူခွင့်ရရှိရေး၊
- ☆ လူမှုစီးပွားရေးအတွက် လက်တွေ့ကျ အကျိုးပြုသည့် ဘာသာရပ်များ တစ်သက်တာ သင်ယူမှု အခွင့်အလမ်း ရရှိရေး၊
- ☆ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားဒေသများ၌ ပညာရေးတွင် ပိုမိုပံ့ပိုး ရင်းနှီးမြှုပ်နှံရေး၊
- ☆ ပညာရေးဖွံ့ဖြိုးမှုအတွက် နည်းပညာနှင့် အခြေခံအဆောက်အဦများ ဖြည့်ဆည်းရေး၊
- ☆ တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး

## ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ရာပြည့်အမျိုးသားအောင်ပွဲနေ့မှသည် တိုင်းရင်းသားအားလုံး ပူးပေါင်းဆောင်ရွက်လို့ ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်စို့။

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်
(၉-၁၂-၂၀၂၀)

❍ ကျောဖုံးမှ

ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးမှ ဌာနေကိုယ်စားလှယ်များ၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ ပြည်တွင်း၊ ပြည်ပလူမှုရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မသန်စွမ်းကျောင်းများနှင့် မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

### ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကြောင့်

အခမ်းအနားတွင် ဒုတိယသမ္မတက ယခင်နှစ်များက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ COVID-19 ကြောင့် ယခုကဲ့သို့ ဗီဒီယိုကွန်ဖရင့်ဖြင့် အခမ်းအနားကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမိသားစုဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ မသန်စွမ်းသူများက လူ့အဖွဲ့အစည်းအပေါ် အကျိုးပြုဆောင်ရွက်နိုင်ခဲ့ခြင်းများကို ကျေးဇူးပြုသည့်အနေဖြင့်သာမက လက်ရှိမသန်စွမ်းသူများသည် လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ စွမ်းဆောင်နိုင်စွမ်းရှိခြင်း၊ အသုံးဝင်တန်ဖိုးရှိခြင်းများကို အသိအမှတ်ပြုသည့်အနေဖြင့်ပါ အခမ်းအနားများကို ၁၉၉၄ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပလာခြင်းဖြစ်ပါကြောင်း။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ရှေ့ပြေးရလဒ်များအရ မြန်မာနိုင်ငံရှိ မသန်စွမ်းမှုအခြေအနေများကို ဖော်ပြရာတွင် မျက်မှန်တပ်သည့်တိုင်အောင် အမြင်ခက်ခဲခြင်းမှာ ၆ ဒသမ ၃ ရာခိုင်နှုန်း၊ နားကြားကိရိယာ တပ်ထားသည့်တိုင် အကြားခက်ခဲခြင်းမှာ ၂ ဒသမ ၄ ရာခိုင်နှုန်း၊ လမ်းလျှောက်နှင့် လှေကားတက်ရာတွင် ခက်ခဲခြင်းမှာ ၅ ဒသမ ၄ ရာခိုင်နှုန်း၊ မှတ်ဉာဏ်နှင့် သင်ယူလေ့လာရာတွင် ခက်ခဲခြင်းမှာ ၄ ဒသမ ၄ ရာခိုင်နှုန်း၊ မိမိကိုယ်ကို စောင့်ရှောက်ရာတွင် (တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အဝတ်အစား ဝတ်ဆင်ရာတွင်) ခက်ခဲခြင်းမှာ ၁ ဒသမ ၉ ရာခိုင်နှုန်း၊ အခြားသူများနှင့် ဆက်သွယ်ရာတွင် ခက်ခဲခြင်းမှာ ၁ ဒသမ ၆ ရာခိုင်နှုန်းရှိသည်ကို သိရှိရပါကြောင်း။

နိုင်ငံတော်အနေဖြင့် အခုကဲ့သို့ COVID-19 ကပ်ရောဂါ ကြုံတွေ့နေရသည့် အချိန်ကာလအတွင်း ၂၀၃၀ အစီအစဉ်၏ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးမူနှင့်အညီ အနာကြီးရောဂါသည်များအပါအဝင် မသန်စွမ်းသူအားလုံး အကျုံးဝင်ပါဝင်ခံစားရရှိရန် ရည်ရွယ်၍ COVID-19 Economic Relief Plan (CERP) အရ မသန်စွမ်းသူများ COVID-19 အရေးပေါ်တုံ့ပြန်ရေး ပူးပေါင်းကော်မတီ၊ မြန်မာ နိုင်ငံမသန်စွမ်းသူများအသင်းချုပ်၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ရင်းနှီးစွာပူးပေါင်းပြီး ထောက်ပံ့ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ဆက်လက်ထောက်ပံ့ ဆောင်ရွက်ကြရန်လည်း အလေးအနက်ထားတိုက်တွန်းပြောကြားလိုပါကြောင်း။

မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော လူ့အဖွဲ့အစည်းဖြစ်စေရန် Barrier Free Community ဆိုင်ရာ ကနဦးစီမံကိန်းများကို နေပြည်တော်မြို့မဈေးနှင့် ရေပန်းဥယျာဉ်တို့၌ စံနမူနာပြဆောင်ရွက်ထားရှိပြီးဖြစ်၍ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ဆောင်ရွက်နိုင်ရန် တိုက်တွန်းလိုပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများတွင် ပါဝင်သော နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပုဂံမြို့တို့ရှိ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော ဦးစားပေးနေရာများ၌ မသန်စွမ်းသူများအနေဖြင့် အတားအဆီးကင်းမဲ့စွာ သွားလာနိုင်ရေး ရှေ့ပြေးစီမံကိန်း (Myanmar Barrier Free Tourism Pilot Project)ကို ၂၀၂၀ ပြည့်နှစ် ဇွန် ၁၄ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ပို၍ ကောင်းမွန်သော အစီအစဉ်သစ်များကို ကြုံတွေ့ခံစားနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။



အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဂုဏ်ပြုစကား ပြောကြားစဉ်။

မသန်စွမ်းမှုကို လူ့အခွင့်အရေးစာချုပ်စာတမ်းများ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာသက်သေထူနိုင်ရန် (၆၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံကြီးက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (United Nations Convention on the Rights of Persons with Disabilities– UNCRPD) ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်က အတည်ပြုချမှတ်ပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် အာရှပစိဖိတ်ဒေသတွင်း နိုင်ငံလည်းဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံလည်း ဖြစ်သည့်အတွက် အာရှနှင့် ပစိဖိတ်ဒေသ မသန်စွမ်းသူများဆိုင်ရာ အင်ချွန်းမဟာဗျူဟာ (၂၀၁၃-၂၀၂၂)နှင့် ASEAN Enabling Master Plan (2025) တို့ကို လိုက်နာအကောင်အထည်ဖော်နိုင်ရန် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းများ၊ မသန်စွမ်းသူများ၏ အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်လျက်ရှိပါကြောင်း။

### ကရင်ပြည်နယ်တစ်ခုလုံး လွှမ်းခြုံနိုင်ရေး

အင်ချွန်းမဟာဗျူဟာအရ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ ကနဦးစီမံကိန်းများကို ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့၌ ဆောင်ရွက်လျက်ရှိရာ ကိုဗစ်ကာလ ပုံစံသစ်အဖြစ် Remote Assessment နှင့် Digitalization နည်းလမ်းများဖြင့် ယခုနှစ်ကုန်အပြီး ကရင်ပြည်နယ်တစ်ခုလုံး လွှမ်းခြုံနိုင်ရေးအတွက် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အတည်ပြုလက်မှတ်ရေးထိုးခဲ့သော ကွန်ဗင်းရှင်းနှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ(၂၀၁၅)နှင့် နည်းဥပဒေများ(၂၀၁၇) တို့ကို ပြဋ္ဌာန်းခဲ့သည့်အတွက် မသန်စွမ်းသူများ၏ ဘဝအရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပိုမိုအောင်မြင်မှုရရှိလာခဲ့ပါကြောင်း၊ ထင်ရှားသည့် ဆောင်ရွက်မှုများမှာ အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း၊ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကော်မတီများဖွဲ့စည်းခြင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ရန် ဆပ်ကော်မတီကိုးခုဖြစ်သည့် ကျန်းမာရေးဆပ်ကော်မတီ၊ ပညာရေးဆပ်ကော်မတီ၊ အလုပ်အကိုင်ရေးရာ ဆပ်ကော်မတီ၊ သုတေသနဆပ်ကော်မတီ၊ စောင့်ကြည့်အကဲဖြတ်ဆပ်ကော်မတီ၊ မသန်စွမ်းအမျိုးသမီးနှင့်ကလေးသူငယ်များရေးရာ ဆပ်ကော်မတီ၊ သဘာဝဘေးနှင့် အခြားအရေးပေါ် အခြေအနေဆိုင်ရာ ဆပ်ကော်မတီ၊ တရားမျှတမှု ရရှိနိုင်ရေး ဆပ်ကော်မတီနှင့် သတင်းအချက်အလက် နည်းပညာနှင့် လွယ်ကူစွာသွားလာနေထိုင် အသုံးပြုနိုင်ရေးဆပ်ကော်မတီ ဖွဲ့စည်းခြင်းတို့ဖြစ်ပါကြောင်း။

### မူကြမ်းရေးဆွဲဆောင်ရွက်နေပြီဖြစ်

ASEAN Enabling Master Plan (2025) ကို ထိရောက်အောင် ဆက်လက်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၁၈-၂၀၃၀)၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များနှင့်အညီ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေ၊ အလွယ်တကူ လက်လှမ်းမီရယူအသုံးပြုနိုင်ရေး စသည့် လျာထားအခန်းများပါဝင်သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ ငါးနှစ် စီမံကိန်းမူကြမ်းကို ၂၀၂၀ ပြည့်နှစ် အကုန်တွင် အတည်ပြုနိုင်ရန် Technical Core Group က ဦးဆောင်၍ ဆပ်ကော်မတီကိုးခုက တာဝန်ရှိသူများနှင့်အတူ မူကြမ်းရေးဆွဲဆောင်ရွက်နေပြီဖြစ်ပြီး ယင်းအတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

အနာဂတ်ကာလတွင် မသန်စွမ်းသူများအတွက် အတားအဆီးကင်းသည့် လူ့အဖွဲ့ အစည်းတစ်ရပ် ဖန်တီးဆောင်ရွက်ပေးခြင်းသည် မသန်စွမ်းသူများ၏ ဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ပြည့်မီစေခြင်းလည်း ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများအတွက် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာတွင် မသန်စွမ်းသူများကိုယ်တိုင် ပူးပေါင်းပါဝင်မှုကိုလည်း အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း။

စာမျက်နှာ ၅ သို့ ☆

## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်းသိနိုင်တယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၁-၂-၁၉၄၇ ရက်နေ့တွင် ပင်လုံမြို့စော်ဘွားများ ထမင်းစားပွဲတွင် ပြောကြားသောမိန့်ခွန်းမှ ကောက်နုတ်ချက်)



ရွှေကြက်ယက်၊ ရွှေကြက်ကျာဘုရား။ ဓာတ်ပုံ – သန့်ဇော်ဦး

❒ စာမျက်နှာ ၃ မှ

(၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မီးရှူး၊ မီးပန်းများပစ်ဖောက်ရာတွင် ယခင်နှစ်ထက် အရေအတွက်နှင့်အချိန် တိုးမြှင့်ပစ်ဖောက်နိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် အများပြည်သူ တွေ့မြင်နိုင်သောနေရာများတွင် ခမ်းနားထည်ဝါစွာ ပစ်ဖောက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး စိုးမြင့်ဦးတို့က "လုံခြုံရေးဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ ပေးအပ်ထားသည့်လုပ်ငန်းတာဝန်များအပေါ် ဆောင်ရွက်သွားမည့် လုံခြုံရေးအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် "ပြန်ကြားရေးဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လွတ်လပ်ရေးနေ့နှင့် လွတ်လပ်ရေးနေ့ အကြိုကာလတွင် နိုင်ငံပိုင်သတင်းစာများ၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့တွင် ထုတ်လွှင့်ဖော်ပြမည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်များ၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ထုတ်ဝေမည့် သဝဏ်လွှာများ၊ လွတ်လပ်ရေးနေ့အခမ်းအနားများအား တိုက်ရိုက်ထုတ်လွှင့်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဝင်းမောင်က သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ရိုက်ကူးထားသည့် ယိမ်းအကများနှင့် ပြဇာတ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက "နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့ သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

**ကျန်းမာရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု**

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းတို့က "ကျန်းမာရေးဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျန်းမာရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ COVID–19 ရောဂါ ကူးစက်ဖြစ်ပွားမှု မရှိစေရေးအတွက် လိုအပ်သည့်ဆေးနှင့် အကာအကွယ်ပစ္စည်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အခမ်းအနားကျင်းပမည့်နေရာများတွင် COVID–19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အခမ်းအနားတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား ကျန်းမာရေးဆေးစစ်မှု ကြိုတင်ဆောင်ရွက်မည့်အခြေအနေများနှင့် အခမ်းအနားကျင်းပရာတွင် လိုက်နာဆောင်ရွက်ရမည့် စံလုပ်ငန်းလမ်းညွှန်ချက် (၁၆)ချက်အတိုင်း လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ပိုင်းဝန်းကူညီစစ်ဆေးဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က "အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီ" နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နိုင်သက်ဦးက "စာရင်းစစ်ဆေးရေးဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များနှင့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်သမ္မတအိမ်တော်၊ သဘင်ဆောင်၌ ကျင်းပမည့် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များ၊ စံလုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ အခမ်းအနားသို့ တက်ရောက်မည့် လူအင်အား လျှော့ချထားမှုအခြေအနေ၊ တက်ရောက်မည့်ဧည့်သည်တော်များအား Social Distancing နှင့်အညီ နေရာချထားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် သက်ဆိုင်ရာဌာနများအလိုက် တာဝန်ခွဲဝေချထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေး**

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် သက်ဆိုင်သောအခမ်းအနားများ မကျင်းပမီနှင့် ကျင်းပနေစဉ်အတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆပ်ကော်မတီများအလိုက် တင်ပြချက်များ၊ အကြံပြုဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

✰ စာမျက်နှာ ၄ မှ

ယခုနှစ်ကျရောက်သော အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့၏ ဆောင်ပုဒ်ဖြစ်သည့် "Building Back Better: toward a disability–inclusive, accessible and sustainable post COVID–19 World" "ပိုမိုကောင်းမွန်သည့် COVID–19 အလွန်ကမ္ဘာတည်ဆောက်ဖို့ မသန်စွမ်းသူများ လက်လှမ်းမီပါဝင်ပြီး ရေရှည်တည်တံ့စေရန် ကြိုးစားစို့" နှင့်အညီ COVID–19 ကာလအတွင်း မသန်စွမ်းသူများကို ဆက်လက်ထောက်ပံ့နိုင်ရေး၊ မသန်စွမ်းသူများအတွက် အရင်းမပျောက် မတည်ရန်ပုံငွေ သုံးဘီလီယံဖြင့် မသန်စွမ်းသူများ၏ ဘဝအခြေအနေမြင့်မားတိုးတက်စေရေး၊ COVID–19 ကာလအတွင်း စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အကူအညီပေးရေး၊ Case Management လုပ်ငန်းများမှ တစ်ဆင့် ကာကွယ်စောင့်ရှောက်ရေးနှင့် UNCRPD ကော်မတီက ပေးပို့လာသော Conclusion Ovservation များကို ထိထိရောက်ရောက် စီမံဆောင်ရွက်နိုင်ရေးတို့အတွက် အသေအချာ အကောင်အထည်ဖော်ဆောင်ရွက်ကြပါဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့် ၂၀၂၀ ပြည့်နှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် သဝဏ်လွှာကို United Nations Resident and Humanitarian Coordinator, Mr. Ola Almgren က ဖတ်ကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသသည်။

**ဂုဏ်ပြုစကားပြောကြား**

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဂုဏ်ပြုစကားပြောကြားပြီး မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်ကိုမြင့်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ၂၀၂၀ ပြည့်နှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိကြသူများကို ကြေညာသည်။

မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို ၁၉၉၄ ခုနှစ်မှစတင်၍ နှစ်စဉ်အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ ယခု ၂၀၂၀ ပြည့်နှစ်တွင် (၂၇)ကြိမ်ရှိပြီ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် Geotechnical Site Survey လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက်အမှတ် A–6 တွင် Geotechnical Site Survey လုပ်ငန်းများကို MV FUGRO EQUINOX (Call Sign : C6AJ8) ရေယာဉ်ဖြင့် Point A တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၉ မိနစ် ၁၀ ဒသမ ၈၂၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၂ မိနစ် ၄၉ ဒသမ ၃၇၇ စက္ကန့်၊ Point B တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၆ မိနစ် ၁၂ ဒသမ ၁၀၉ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ် ၄၉ ဒသမ ၃၂၁ စက္ကန့်၊ Point C တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၄ မိနစ် ၁၅ ဒသမ ၅၀၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၉ မိနစ် ၂၆ ဒသမ ၄၈၀ စက္ကန့်၊ Point D တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၇ မိနစ် ၅၃ ဒသမ ၈၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၂ မိနစ် ၄၄ ဒသမ ၆၀၈ စက္ကန့်တို့တွင် (၂၃.၁၂.၂၀၂၀) ရက်နေ့မှ (၃၀.၄.၂၀၂၁) ရက်နေ့အထိ လုပ်ငန်းများဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၂၃.၁၂.၂၀၂၀) ရက်နေ့မှ (၃၀.၄.၂၀၂၁)ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

■

# ကြည်နူးအားကျ အလေးစားပို ရန်ကုန်တက္ကသိုလ်

ဝေဖြိုးဟန်(အင်းစိန်)



ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ။ ဓာတ်ပုံ-မြင့်မောင်မောင်



### ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်းမှာ ဦးဝေဖြိုးဟန်ဖြစ်သည်။
- ၁၉၈၄ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။
- ၂၀၀၆ခုနှစ်တွင် ရန်ကုန်နည်းပညာတက္ကသိုလ်မှ စက်မှုအင်ဂျင်နီယာဘွဲ့ရသည်။
- ၂၀၁၉ခုနှစ်တွင် ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ဥပဒေပညာဘွဲ့လွန်ဒီပလိုမာ (PGDL) ရသည်။
- ၂၀၀၆ ခုနှစ်တွင် ပြည်တွင်းကုမ္ပဏီတစ်ခု၌ AutoCAD ပုံဆွဲဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။
- ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ စင်ကာပူနိုင်ငံတွင် သွားရောက်အလုပ်လုပ်ခဲ့သည်။
- ၂၀၁၂ ခုနှစ်မှစတင်၍ ပြည်သူ့ခေတ်ဂျာနယ်၊ ဒီလှိုင်းစာစောင်၊ မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ၊ စံတော်ချိန်သတင်းစာ၊ The Politic ဂျာနယ်၊ လူထုပုံရိပ်ဂျာနယ်၊ Youth မဂ္ဂဇင်း စသည်တို့၌ သုတ၊ ရသ၊ နိုင်ငံရေးအတွေးအမြင်ဆောင်းပါးပေါင်း ၂၅၀ ကျော် ရေးသားခဲ့သည်။
- ၂၀၁၇ ခုနှစ်တွင် “ဘကြီးဖြိုးထံပေးစာများ” စာအုပ်နှင့် ၂၀၂၀ ပြည့်နှစ်တွင် “ကြုံရဆုံရ အမတ်ဘဝ” စာအုပ်တို့ ထုတ်ဝေခဲ့သည်။
- ၂၀၁၆- ၂၀၂၁ ခုနှစ်၊ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အင်းစိန်မြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ထို့အပြင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ လက်ရှိနေရာမှပင် ပြန်လည်ရွေးကောက်ခံပြီး အနိုင်ရထားသူဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့က ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်ခဲ့ပြီ ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ် ရာပြည့်အမှတ်တရဆောင်းပါးများ သတင်းစာများထဲ ဖတ်ရသည်မှာ အင်မတန်အရသာရှိလှပါ၏။ ရန်ကုန် တက္ကသိုလ်ဆိုသည့်အသံကြားရတိုင်း စိတ်ထဲ မည်သည့် အရာကို လွမ်းလို့လွမ်းရမှန်းမသိလွမ်းမိပါ၏။ တက္ကသိုလ် ကျောင်းသားဘဝကို ပြန်တွေးမိတိုင်း ကြည်နူးပျော်ရွှင်မှု သိင်္ဂါရရသကို ခံစားမိကြမှာ အမှန်ပင်ဖြစ်ပါ၏။

**အားကျခဲ့ရ**

ရန်ကုန်တက္ကသိုလ်သည် ကျွန်တော့်အား အလွန်ပင် ဆွဲဆောင်နိုင်ခဲ့သည်။ ငယ်စဉ်ကတည်းက ရန်ကုန် တက္ကသိုလ်ဘွဲ့နှင်းသဘင်၊ သစ်ပုပ်ပင်၊ ဂျပ်ဆင်၊ အာရ်စီ၊ လိုက်ဘရီတို့နှင့် မစိမ်းခဲ့ပါ။ ဦးလေး၊ အဒေါ်များက ရန်ကုန်တက္ကသိုလ်ကျောင်းသား ကျောင်းသူများဖြစ်နေ၍ သူတို့ပြောပြသည့် တက္ကသိုလ်နေ့ရက်များ၊ ရှစ်လေးလုံးအရေးတော်ပုံကာလ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ ရဲရဲတောက် ဦးဆောင်ပါဝင်ခဲ့သည့် အကြောင်းအရာများ၊ ဆို့နင့်ကြေကွဲဖွယ် တကယ့်အဖြစ်အပျက်များကို နားထောင်ခဲ့ရသည်။ ကျောင်းနောက်ခံ ပုံရိပ်များနှင့်အတူ သူတို့ရိုက်ထားသည့် ဓာတ်ပုံများကို ကြည့်ရသည့်အခါများ၌ အလွမ်း၊ အမော၊ အသော၊ အနှောများကို ခံစားမိကာ အားကျခဲ့ရသည်။ တက္ကသိုလ်ဟူသည် သင်ရိုးညွှန်းတမ်းထဲက စာတစ်ခုတည်းကိုသာ သင်ကြားနေသည့်နေရာမဟုတ်။ ဘဝအတွက် အတွေ့အကြုံကောင်း၊ သင်ခန်းစာကောင်း၊ စိတ်ဓာတ်ကောင်းများကိုပါ တစ်ပါတည်း သင်ယူတတ်မြောက်နိုင်သော နေရာလည်းဖြစ်သည်။ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဆင်ခြင်တွေးတော ကြံဆနိုင်ခဲ့သော ရပ်ဝန်းလည်းဖြစ်သည်။

ကျွန်တော့်အဒေါ်အငယ်ဆုံး ဘွဲ့ယူသည့်အခါ ဘွဲ့နှင်းသဘင်ခန်းမထဲအထိ လိုက်ဝင်ခွင့်ရခဲ့သည်။ ထိုအချိန်ကတည်းက တစ်နေ့ ဒီခန်းမကြီးထဲ ဘွဲ့ယူနိုင်အောင် ကြိုးစားမည်ဟု သန္နိဋ္ဌာန် ချခဲ့သည်။ ထိုအကြောင်းကို လူကြီးများအား ပြောပြသည့်အခါ သူတို့သဘောခွေ့ကြသည်။ အမေ့လက်သုံးစကားက ဆယ်တန်းအောင်အောင်ကြိုးစား၊ ဒါမှ တက္ကသိုလ်တက်ပြီးဘွဲ့ရမှာ ဟူ၍ ဖြစ်၏။ ထိုအချိန်သည် ကျွန်တော့်အသက် ၁၁ နှစ်သာ ရှိသေး၏။

ကျွန်တော်ဆယ်တန်းအောင်သည့် အချိန်တွင် ရန်ကုန်တက္ကသိုလ်အပါအဝင် မြို့ပေါ်တက္ကသိုလ်များကို ပိတ်ထားသည့်ကာလဖြစ်သည်။ တက္ကသိုလ် နောက်ခံရုပ်ရှင်ဇာတ်လမ်းများသည်ပင် လှိုင်နယ်မြေ ထဲက MICT park ထဲ သွားရိုက်ကြရသည်။ အင်းလျားကန်ပေါင်ပေါ် လမ်းလျှောက်ပြီး အကြော်ထိုင်စားပြခြင်းကို တက္ကသိုလ်ကျောင်းသားဖြစ်ကြောင်း မှတ်ယူရသည့်အချိန် ဖြစ်ခဲ့သည်။ ငယ်ငယ်ကမက်ခဲ့သော တက္ကသိုလ်ကျောင်းသားလုပ်မည့် အိပ်မက် ပျက်ခဲ့ရသည်။ တက္ကသိုလ်တက်ရလျှင် စာလည်းလုပ်မည်၊ ဝါသနာပါရာ စာပေ၊ အနုပညာအလုပ်များကိုလည်း လုပ်မည်ဟူသော အတွေး မှေးမှိန်သွားသည်။

**မွေ့ပျော်ချင်လွန်းခဲ့**

ထို့ကြောင့် ရန်ကုန်တက္ကသိုလ်နှင့် အဓိပတိလမ်းကို တက်ဖူးချင်၊ ရောက်ဖူးချင်စိတ်ဖြင့် ကျောင်းထဲ၌ ICT diploma သင်တန်းဖွင့်သည့်အခါ သွားလျှောက်သည်။ ရန်ကုန် တက္ကသိုလ် ရူပဗေဒဌာနက ဆရာကြီးဒေါက်တာစိန်ဝင်း စီစဉ်သော သင်တန်းဖြစ်သည်။ ဆယ်တန်းအောင်ပြီးခါစ အရွယ်မို့ တက္ကသိုလ်ဆိုသည့် ရပ်ဝန်းထဲ မွေ့ပျော်ချင်လွန်းခဲ့သည်။ တက်ခွင့်ရသော် အပျော်ကြီး ပျော်ခဲ့ရသည်။ သူငယ်ချင်းတချို့နှင့်အတူ သွားတက်သည်၊ သိပ္ပံဆောင်မှာ သင်ရသည်၊ သို့သော် အတန်းထဲ သိပ်မရောက်ဖြစ်ပေ။ ကျောင်းဝင်းထဲက ကြားဖူးနားဝရှိထားသမျှ နေရာစုံ လျှောက်သွားသည်။ ဦးချစ်ဆိုင်မှာထိုင်သည်၊ စစ်ကိုင်းလမ်းမှာထိုင်သည်၊ အင်းလျားကန်ပေါင်သွားသည်။ အဓိပတိ လမ်းမပေါ်လျှောက်ရင်း ကိုယ့်ကိုယ်ကိုယ် ရန်ကုန် တက္ကသိုလ်ကျောင်းသားအဖြစ် ခံယူလိုက်သည်။ အဆိုပါ သင်တန်းက သုံးလ တစ်ဖြတ်တက်ပြီး Level သုံးခုပြီးပါက ဒီပလိုမာပေးသည်။

**လေးစားတန်ဖိုးထားမိ**

ဖတ်ခဲ့ဖူးသည့်ဝတ္ထုများ၊ ကြည့်ခဲ့ဖူးသည့် ရုပ်ရှင်များ၊ နားထောင်ခဲ့ဖူးသည့် သီချင်းများက ကျွန်တော့်အပေါ် တော်တော်လွှမ်းမိုးသည်။ စိန်ပန်းတွေ၊ ကံ့ကော်တွေကို မြင်တိုင်း ကဗျာစပ်ချင်သည်။ ဂျပ်ဆင်ထိပ်ကလရိပ်ပြာကို ရှာဖွေကြသည်။ မာလာဆောင်ပြည်လမ်းရှေ့ ကောင်မလေးတွေများ တွေ့လေမလား သွားသွားကြည့်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းနေခဲ့သည့် ပဲခူးဆောင်ဘက် ခဏခဏ သွားကြည့်သည်။ နာမည်ကျော် ဗဟိုဆောင်ငါးခုဖြစ်သည့် အင်းဝဆောင်၊ စစ်ကိုင်းဆောင်၊ သထုံဆောင်၊ ပင်းယဆောင်နှင့် ပဲခူးဆောင်များအကြောင်း ဖတ်ဖူး၊ ကြားဖူးထားသဖြင့် ပိုစိတ်ဝင်စားမိသည်။ ရန်ကုန် တက္ကသိုလ်နှင့်တွဲလျက် မသိမဖြစ်သိရမည့် ကျောင်းသားများဖြစ်သော ကိုအောင်ဆန်း၊ ကိုနု၊ ကိုသိန်းဖေ၊ ကိုဗဟိန်း၊ ကိုဗဆွေ၊ ကိုသိန်းဟန် (ဇော်ဂျီ)၊ ကိုဝန် (မင်းသုဝဏ်) တို့ကြောင့် ကျောင်းကြီးကို လေးစားတန်ဖိုးထားမိသည်။

စာမျက်နှာ ၇ သို့ ➲

**ယနေ့ ရန်ကုန်တက္ကသိုလ်သည် အခြားတက္ကသိုလ်ကြီးများနှင့်နှိုင်းယှဉ်လျှင် ပိုပြီးဂရုစိုက်ခံရသည်။ သမိုင်းကြောင်းအကောင်းဆုံးနှင့် ခေတ်ပေါင်းများစွာ၊ အစိုးရပေါင်းများစွာ ဖြတ်သန်းကျင်လည်ခဲ့သော တက္ကသိုလ်ကြီးလည်း ဖြစ်သည်။ ထိုတက္ကသိုလ်ကြီး၏ သမိုင်းသည် ကျွန်တော်တို့ မြန်မာပြည်၏သမိုင်းဖြစ်ပါသည်။ ပိတ်ထားခဲ့သည့်တံခါးများ ပြန်ဖွင့်လာသည့်အတွက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသူအားလုံးကို လေးစားဂုဏ်ပြုကျေးဇူးတင်မိ။**

○ စာမျက်နှာ ၆ မှ

ဆရာဇဝန၏ ကောလိပ်ကျောင်းသားဝတ္ထုကို ဖတ်ဖူးထားသည်ကတစ်ကြောင်း၊ ကျွန်တော်တို့ငယ်ငယ်က မြန်မာ့ရုပ်မြင်သံကြားကနေ တနင်္ဂနွေနေ့လယ်ပိုင်းဆို အဖြူအမည်း ခေတ်က ရုပ်ရှင်များပြန်ပြ၍ ရုပ်ရှင်မင်းသားကြီး ကောလိပ်ဂျင်နေဝင်း၏ **"ကောလိပ်ဂျင်"**ဇာတ်ရုပ်နှင့် ကျောပါတယ် မအေးစိန် အကြောင်း ကြည့်ဖူးထားသည်က တစ်ကြောင်း၊ ဆရာမောင်ဝဏ္ဏ၏ **"ပန်းတွေနဲ့ဝေ"** ရုပ်ရှင်မှ မင်းသားကြီး ညွန့်ဝင်းနှင့် မင်းသမီး ခင်ယုမေ တို့၏ သရုပ်ဆောင်ချက်များကို ကြည့်ဖူးထားသည်က တစ်ကြောင်းတို့ကြောင့် ရန်ကုန်တက္ကသိုလ်ကို အရူးအမူး စွဲလမ်းမိခဲ့ရပါသည်။ ဆရာ ငြိမ်းကျော်၊ ဆရာမောင်စိန်ဝင်း (ပုတီးကုန်း) တို့၏ ဝတ္ထုများကြောင့်လည်း ကျွန်တော်ဟာ တက္ကသိုလ်နယ်မြေကို အချစ်တို့ဖြင့် ထုံမွမ်းပြည့်စုံနေသော ချစ်သူတို့ပျော်ရာမြေအဖြစ် မှတ်ထင်ယူခဲ့မိပါသည်။

## ရွှက်လွှင့်ခဲ့ရ

ထိုအခိုက်အတန့်များသည် ခဏပင်။ တက္ကသိုလ်ဝင်ခွင့်ကျောင်းလျှောက်လွှာများ ပြန်ကျလာသည့်အတွက် ICT သင်တန်းကို ပြီးဆုံးအောင်ပင် မတက်ဖြစ်တော့ပေ။ ကိုယ်တက်ခွင့်ရသည့်ကျောင်းသို့ ရွက်လွှင့်ခဲ့ရတော့သည်။ ပျော်ရာမှာမနေ၊ တော်ရာမှာနေ ဆိုစကားအတိုင်း ကျွန်တော့်ဘဝ အနာဂတ်အတွက် မြကျွန်းညိုကို နှုတ်ဆက်ခဲ့ရသည်။

ရက်ကို လစား၊ လကို နှစ်စားရင်းဖြင့် အချိန်နာရီများ တရွေ့ရွေ့ ကုန်ဆုံးသွားပြီးနောက် ကျွန်တော်ကျောင်းပြီးသွားသည်။ တက္ကသိုလ်ပညာကို ငါးနှစ်သင်ယူပြီးသည့်အခါ ရန်ကုန်နည်းပညာတက္ကသိုလ်က ပေးအပ်သော စက်မှုအင်ဂျင်နီယာဘွဲ့ရသည်။ ထို့နောက် ဘွဲ့လက်မှတ်ကိုင်ကာ နိုင်ငံခြားထွက် အလုပ်လုပ်ရသည်။ ဝမ်းရေးအတွက် တိုင်းတစ်ပါးမှာ ပိုက်ဆံသွားရှာရသည်။ လေးနှစ်ကြာသည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်ကျောင်းကြီးများ ပြန်ဖွင့်သည့် သတင်းကြားရသည်။ အင်မတန် ဝမ်းသာစရာဖြစ်ခဲ့သည်။ မြန်မာ့နိုင်ငံရေးအခင်းအကျင်းသည်လည်း ရွေးကောက်ပွဲများမှတစ်ဆင့် လွှတ်တော်နိုင်ငံရေးဆီသို့ ဦးတည်နေချိန်ဖြစ်သည်။

အသက်မဲ့နေသော တက္ကသိုလ်ကြီးများ အသက်ပြန်ဝင်လာသည်။ နှစ်ပေါင်းများစွာ မပြုပြင်ဘဲ ပစ်ထားခံရသည့်အတွက် ယိုယွင်းပျက်စီးနေသော သမိုင်းဝင်အဆောက်အအုံများကို နဂိုရှိပြီးသား ဒီဇိုင်း၊ ကာလာအနေအထားအတိုင်း မူဟန်မပျက် ပြုပြင်မွမ်းမံကြသည်။ တက္ကသိုလ်သည် တက္ကသိုလ်နှင့်ပြန်တူလာစေရန် အရေးကြီးပါသည်။ Infrastructure အားနည်းချက်ဆိုသည်မှာ ယခုပြင်လျှင် ယခုရသည်။ အသစ်လိုချင်လျှင် ချက်ချင်းဖန်တီးပေးနိုင်စွမ်းရှိသည်။ သို့သော် Infrastructure မည်မျှပင် ပြည့်စုံကောင်းမွန်နေပါစေ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ရှိမှသာလျှင် ပြီးပြည့်စုံသော တက္ကသိုလ်တစ်ခု ဖြစ်မည်ဟု ယုံကြည်ပါသည်။ လူများရှိပြီး သင်ကြားရေးမူမကောင်းလျှင်လည်း တက္ကသိုလ်ပညာရေး အဆင့်အတန်းဟာ နိမ့်ကျမြဲ နိမ့်ကျနေမည်သာဖြစ်၏။ သင်ကြားပေးမည့်သူ၊ သင်ယူကြမည့်သူ အများကြီးရှိနေသော်လည်း သုတေသနပြုချက် Research ကောင်းကောင်း မလုပ်နိုင်သော တက္ကသိုလ်သည် ဒုံရင်းက ဒုံရင်းသာဖြစ်နေမှာ သေချာသည်။ ယနေ့ ရန်ကုန်တက္ကသိုလ်သည် အခြားတက္ကသိုလ်ကြီးများနှင့် နှိုင်းယှဉ်လျှင် ပိုပြီးဂရုစိုက်ခံရသည်။ သမိုင်းကြောင်းအကောင်းဆုံးနှင့် ခေတ်ပေါင်းများစွာ၊ အစိုးရပေါင်းများစွာ ဖြတ်သန်းကျင်လည်ခဲ့သော တက္ကသိုလ်ကြီးလည်း ဖြစ်သည်။ ထိုတက္ကသိုလ်ကြီး၏ သမိုင်းသည် ကျွန်တော်တို့ မြန်မာပြည်၏သမိုင်းဖြစ်ပါသည်။ ပိတ်ထားခဲ့သည့် တံခါးများ ပြန်ဖွင့်လာသည့်အတွက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသူအားလုံးကို လေးစားဂုဏ်ပြု ကျေးဇူးတင်မိပါသည်။

## သထုံလမ်းတစ်ဝိုက် ကျင်လည်ခဲ့ကြရ

ကျောင်းနံရံမှာ ဒေါင်းအလံတွေ ပြန်စိုက်ခွင့်ရသည့် ကာလ၌ ကျွန်တော်သည် ကျောင်းသားအဖြစ် ပြန်လုပ်ခွင့်ကြုံသည်။ ဘွဲ့ရပြီး ၁၂ နှစ်အကြာ၌ အခါအခွင့်သင့်၍ ရလာသည့်အခွင့်အလမ်းကို မိမိရရ ဆုပ်ကိုင်နိုင်ရန် ပြင်ဆင်ခဲ့ရသည်။ ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ဥပဒေပညာဘွဲ့လွန် ဒီပလိုမာ (အွန်လိုင်းသင်တန်း) PGDL တက်ခွင့်ရသည်။ တစ်နှစ်ကျော်လောက် တန်းစီဇယားဖြင့် လျှောက်ထားခဲ့ပြီးမှ တက်ခွင့်ရသော သင်တန်းဖြစ်သည်။ မိန်းထဲမှာမဟုတ်သော်လည်း မိန်းရန့်များထုံမွမ်းနေသည့် သထုံလမ်းတစ်ဝိုက် ကျင်လည်ခဲ့ကြရသည်။

အွန်လိုင်းသင်တန်းဆိုသော်ငြား face to face တက်ရသည့် ရက်များလည်းရှိသည်။ တခြားအချိန်များ၌ ကျောင်းသို့မကြာခဏ သွားရသည်များလည်း ရှိ၏။ ထို့နောက် သထုံလမ်းမှသည် တက္ကသိုလ်ရိပ်သာလမ်းကိုဖြတ်၍ အဓိပတိလမ်းမှဝင်ကာ ရန်ကုန်တက္ကသိုလ်ကြီးထဲ ရောက်ရောက်သွားသည်။ ICT တက်ခဲ့စဉ်က ဟောင်းနွမ်းယိုယွင်းနေသော ကျောင်းသားအဆောင်များ၊ စာသင်ဆောင်များ၊ လမ်းများ၊ မီးတိုင်များ၊ ခုံတန်းလေးများသည် ယခင်ကနှင့် မတူတော့ပေ။ ထူးခြားတိုးတက်ပြောင်းလဲမှုများကို မျက်ဝါးထင်ထင် မြင်တွေ့ရတော့သည်။ ကျွန်တော် ဆယ်တန်းအောင်စဉ်အချိန်က လွမ်းမောဖွယ် သက်မဲ့ခန္ဓာကြီးနှယ် ဖြစ်နေသော ကျောင်းအိုကြီးသည် ယခု အသစ်တစ်ဖန် ရှင်သန်ထမြောက်နေပေပြီ။ ကျောင်းထဲရောက်သည်နှင့်တစ်ပြိုင်နက် စိတ်သည် ပျိုမျစ်နုနယ် ငယ်ရွယ်သွား၏။ လန်းဆန်းတက်ကြွသွား၏။ ရှူရှိုက်ရသည့် လေရနံ့ချင်းပင် ကွာသွားသည်ဟုထင်ရ၏။ မြင်မြင်သမျှ ကြည်နူးစရာကောင်းနေ၏။ ကျောင်းသား ကျောင်းသူများဖြင့် ပြန်လည်လှုပ်ရှားသက်ဝင်နေသော ရန်ကုန်တက္ကသိုလ်ကြီးကို မြင်ရသည်မှာ လွန်စွာနှစ်ထောင်းအားရမိပါသည်။အနာဂတ်မျိုးဆက်သစ်တို့ ကံကောင်းလွန်းကြသည်။

## ဒီပလိုမာဘွဲ့ပေးအပ်

ဘွဲ့လွန်ဥပဒေပညာကို အွန်လိုင်းမှ တစ်နှစ်သင်ယူပြီးမြောက်သည့်အခါ ဘွဲ့နှင်းသဘင်ကျင်းပပြီး အခြားဘွဲ့ရများနှင့်အတူ ဒီပလိုမာဘွဲ့ပေးအပ်ပါသည်။ အွန်လိုင်း PGDL သင်တန်းသည် လွယ်လွယ်နှင့်တက်ပြီး မြန်မြန်လက်မှတ်ရသည်ဟု မထင်ကြစေချင်ပါ။ အင်မတန်ခက်ခဲပြီး အာရုံစိုက် လေ့လာဆည်းပူးနိုင်မှသာ စာမေးပွဲအောင်မြင်နိုင်မည်ဖြစ်ပါသည်။ Semester နှစ်ခုတက်ရပါသည်။ Semester တစ်ခုလျှင် တစ်ဘာသာချင်းစီအတွက် Assignment ရှစ်ခု လုပ်ရသည်။ Tutorial ဖြေရသည်။ Semester နှစ်ခု ပြီးရန် ဘာသာရပ် ကိုးခု သင်ရပြီး စာတမ်းတစ်စောင် တင်ရပါသည်။ ဖြေဆိုသူတိုင်း မအောင်ပါ။ အောင်မြင်ခဲ့ပြီးသူများအနေဖြင့် အလုပ်သင်ရှေ့နေဆင်းခွင့်ရပါသည်။ အလုပ်သင်ကာလပြီးဆုံးလျှင် ရှေ့နေလိုက်ခွင့်ရပါသည်။ အထက်တန်းရှေ့နေ လုပ်သက်သုံးနှစ်ရှိပြီးသူဆိုလျှင် တရားလွှတ်တော်ရှေ့နေလိုင်စင် လျှောက်ထားခွင့်ရှိသွားပါသည်။ ထိုကဲ့သို့ အဖိုးတန်သော ပညာရပ်ဖြစ်၍ တန်ဖိုးထားကာ လေ့လာဆည်းပူးခဲ့ရပါသည်။ Semester နှစ်ခုလုံးနှင့် စာတမ်းတစ်စောင်ကို အကောင်းဆုံးဖြေဆိုအောင်မြင် တင်ပြနိုင်ခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ စင်မြင့်ပေါ်၌ ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ်ပေးအပ်သည့် ဘွဲ့လွန်ဒီပလိုမာလက်မှတ် တက်ယူခွင့်ရခဲ့ပါသည်။ ကျွန်တော် အသက် ၁၁ နှစ် အရွယ်တုန်းက သန္နိဋ္ဌာန်ချထားခဲ့သည့်အတိုင်း လက်တွေ့ ဖြစ်မြောက်ခဲ့၍ ကျေနပ်အားရ ဝမ်းသာမဆုံးဖြစ်မိပါသည်။

နိဂုံးချုပ်ရလျှင် ၁၉၂၀ ပြည့်နှစ်တွင် စတင်ပေါ်ပေါက်လာသော ရန်ကုန်တက္ကသိုလ်ကြီး ယခုဆိုအနှစ် တစ်ရာတိုင်ခဲ့ပါပြီ။ သမိုင်းကောင်းများဖြင့် ပြည့်နှက်နေသော ရန်ကုန်တက္ကသိုလ်ကြီး နောင်နှစ်ပေါင်းများစွာတိုင် ရပ်တည်အောင်မြင်နိုင်ပါစေ။ ကမ္ဘာ့အဆင့်မီ တက္ကသိုလ်ကြီးအဖြစ် ခမ်းခမ်းနားနား ထည်ထည်ဝါဝါ ဖြစ်လာနိုင်ပါစေ။ တကယ့် အစစ်အမှန် ပညာတတ်မြောက်ပြီး ဂုဏ်သိက္ခာရှိသော ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးနိုင်ပါစေ။ နိုင်ငံရေး၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ အားကစားကဏ္ဍများတွင်လည်း ရှေးယခင်နှစ်များဆီကကဲ့သို့ ထူးခြားပြောင်မြောက်သူများ ထွန်းတောက်လာနိုင်ပါစေကြောင်း ဆုတောင်းပေးလိုက်ရပါသည်။ ။




## ဘားအံမြို့ အမှတ်(၁) ဘီလပ်မြေစက်ရုံ၌ စုဆောင်းငွေအပေါ် အတိုးများထုတ်ပေးခြင်းနှင့် ပညာသင်စရိတ်ထောက်ပံ့

**ဘားအံ ဒီဇင်ဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ အမှတ်(၁) ဘီလပ်မြေစက်ရုံ တန် ၉၀၀ (မြိုင်ကလေး) ငွေစုငွေချေးသမဝါယမအသင်းလီမိတက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နေသည့်ကာလအတွင်း အသင်းသားများ၏ စားဝတ်နေရေးအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ အသင်းသား ၄၉၈ ဦးသို့ စုဆောင်းငွေအပေါ် အတိုး ငွေကျပ် ၄၇၅၅၃၅၃၈၊ အသင်းသားဝေစုအဖြစ် ငွေကျပ် ၁၄၉၄၀၀၀၀ နှင့် အသင်းသား အသင်းသူများ၏ သားသမီးများအတွက် ပညာသင်စရိတ် ငွေကျပ် ၂၅၀၀၀၀ တို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

COVID- 19 ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့

## ရာပြည့်မင်္ဂလာ ဆုပန်လွှာ

❂ တစ်ကိုးနှစ်ဆယ်၊ ချိန်ခါရွယ်မှ
ခုကာလတိုင်း ကြံ့ကြံ့ခိုင်စွာ
နိုင်ငံ့သားကောင်း၊ သမီးကောင်းများ
မွေးဖွားသန့်စင်၊ ကျေးဇူးရှင်တည့်
သမိုင်းရှိသော...
အမိတက္ကသိုလ် မြကျွန်းညို။
ရာပြည့်ထိတိုင် စဉ်နုပျို။
မင်္ဂလာရှိသော မိခင်အို။

❂ မင်္ဂလာရှိသော
အမိတက္ကသိုလ်၊ မြကျွန်းညိုတွင်
ပညာရင်နို့၊ သောက်သုံးစို့ပြီး
အသီးသီးသော၊ သမီးနှင့် သား
အများပြားလျှင်၊ စားဝတ်နေရေး
ဘဝရေးတွက် ယနေ့နက်ဖြန်
ပစ္စုပ္ပန်မှာ၊ မာတာတက္ကသိုလ်
မြကျွန်းညိုမှ ခွဲခွာကြကာ
ဝေးသွားပါလည်း ... ။
မဟာမိခင်၊ ကျေးဇူးရှင်၏
သွန်သင်ညွှန်ပြ၊ ဩဝါဒကြောင့်
ဘဝများစွာ၊ အေးချမ်းပါလျက်
ခရီးဆက်ခဲ့ ... ။
ရက် လ နှစ်ပေါင်းများစွာတည်း။

❂ ရက် လ နှစ်များ၊ ကုန်လွန်သွားလည်း
တို့များငယ်စဉ်၊ ပညာရင်နို့
သောက်သုံးစို့သည့်၊ အမိတက္ကသိုလ်
မြကျွန်းညိုကား၊ နုပျိုနေဆဲ
လှနေမြဲတည့်၊ ရင်ထဲထာဝရ
သူ့ဘဝ၌၊ သားလှသမီး
အသီးသီးကို၊ ဆက်ပြီးမွေးထုတ်
ပတ်တကုတ်ဖြင့်...။
အားထုတ်ကြိုးပမ်းနေမည်တကား။
ရာပြည့်တက္ကသိုလ်နှလုံးသား။
နှစ်ပေါင်း ရာထောင် တည်စေသား။
သားတို့သမီးတို့ ဆုခြွေပါး ...။ ။

(ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်သို့ ဂုဏ်ပြုလျက်)

မြင့်မိုရ်ဦး(ပဲခူး)

# ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်နှင့်အတူ ဂုဏ်ယူဖွယ် ရန်ကုန်တက္ကသိုလ် လက်ရွေးစင်ဘောလုံးအသင်း

ဒေါက်တာမြင့်သန်း
(ညောင်လေးပင်)

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့က စတင်တည်ထောင်ခဲ့သော ရန်ကုန်တက္ကသိုလ်ကြီးသည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် သက်တမ်းနှစ်တစ်ရာတင်းတင်း ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

ကမ္ဘာ့ပညာရေးလောကတွင် ခေတ်မီတက္ကသိုလ်များကို တည်ထောင်ခဲ့ကြရာ ခရစ်နှစ် ၁၀၈၈ ခုနှစ်က တည်ထောင်ခဲ့သည့် အီတလီနိုင်ငံမြောက်ပိုင်းရှိ ဗိုလိုညာ (Bologna) တက္ကသိုလ်က စတင်ခဲ့ကြောင်း သိရပါသည်။ အင်္ဂလန်နိုင်ငံ၏ ရှေးအကျဆုံးတက္ကသိုလ်များမှာ အောက်စဖို့ဒ်တက္ကသိုလ်နှင့် ကိန်းဗရစ်ချ်တက္ကသိုလ်တို့ ဖြစ်ကြပါသည်။ ပညာသင်ကြားမှု လွတ်လပ်ခွင့် အယူအဆကို ဗိုလိုညာတက္ကသိုလ်က စတင်ဖော်ထုတ်ဆောင်ရွက်ခဲ့ခြင်းလည်း ဖြစ်ပါသည်။ တက္ကသိုလ်ပညာသင်ကြားလေ့လာရေးတွင် လွတ်လပ်မှုရှိရေးကို အာမခံသည့် "Constitution Habita" ဆိုသည့် "ချာတာ" ချမှတ်ခဲ့ပြီး တစ်ကမ္ဘာလုံးရှိ တက္ကသိုလ်အားလုံးတို့မှာ လွတ်လပ်သည့် ကိုယ်ပိုင်အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြကြောင်းလည်း သိရပါသည်။

**အာရှတိုက်အတွက်ပါ ဂုဏ်ယူဖွယ်ကောင်း**

မြန်မာနိုင်ငံအနေဖြင့် ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်ကို စတင်တည်ထောင်ခဲ့ရာ စတင်ချိန်က "တက္ကသိုလ်"ဟု မခေါ်သေးဘဲ ရန်ကုန်တက္ကသိုလ် "ယူနီဗာစီတီ" ကျောင်းတော်ကြီးဟုသာ ခေါ်ပါသေးသည်။ တက္ကသိုလ်ဆိုသည့်ဝေါဟာရကို ၁၉၃၀ ပြည့်နှစ်တွင် စတင်သုံးစွဲခဲ့သည်။ ဆရာကြီးမင်းသုဝဏ်၏ မှတ်တမ်းများအရ ၁၂၉၂ ခုနှစ် သီတင်းကျွတ်လဆန်း ၆ ရက်နေ့တွင် ပြည်လမ်းတက္ကသိုလ်ကျောင်းတိုက်ကြီး (ယူနီဗာစီတီကောလိပ်)၊ ပင်းယဆောင် ဆရာများ၏ အခန်းတွင် ကျင်းပခဲ့သော အစည်းအဝေးက ဝေါဟာရအချို့ကို မြန်မာမှုပြုခဲ့ကြောင်း သာဓကအားဖြင့် "University" ကို "တက္ကသိုလ်"၊ "College" ကို "ကျောင်းတိုက်"၊ "Senate" ကို "ပါမောက္ခအဖွဲ့"ဟု ခေါ်ဆိုခဲ့ပြီး "ကျောင်းတိုက်"ဆိုသည့်အခေါ်ကို ၁၉၃၆ ခုနှစ်နောက်ပိုင်း ဆရာကြီးဦးဖေမောင်တင် တက္ကသိုလ်ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်စဉ်က သုံးခဲ့သေးပြီး စစ်ကြီးအပြီးတွင် မူလဝေါဟာရဖြစ်သော "ကောလိပ်" ဆိုသည်ကိုပဲ ပြန်သုံးခဲ့ကြောင်းပါ သိရပါသည်။ ရန်ကုန်တက္ကသိုလ်သည် မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာလောကကြီးအတွက်ပါ တန်ဖိုးရှိသည့်ပညာရှင်များကိုပါ မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်၏ ထင်ရှားသောအကြောင်းအရာတို့ကို ဖော်ပြကြရာတွင် ရန်ကုန်တက္ကသိုလ် ဘောလုံးအသင်းအကြောင်းကို လုံးဝချန်လှပ်ထားလျှင် ပြည့်စုံမည်မဟုတ်ဟု ယူဆပါသည်။ ရန်ကုန်တက္ကသိုလ် ဘောလုံးအသင်းကြီးသည် တက္ကသိုလ်နယ်မြေနှင့် မြန်မာနိုင်ငံအတွက်သာမက အာရှတိုက်အတွက်ပါ ဂုဏ်ယူဖွယ်ကောင်းသည့် သမိုင်းကြောင်းရှိနေခဲ့ခြင်းကြောင့် ဖြစ်သည်။



၁၉၆၃ ခုနှစ်က အောင်ဆန်းဒိုင်းဆုရ ရန်ကုန်တက္ကသိုလ် လက်ရွေးစင်ဘောလုံးအသင်း။

**ဘောလုံးလူရည်ချွန်များကို မွေးထုတ်ပေး**

ရန်ကုန်တက္ကသိုလ် (နောက်ပိုင်း ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်)သည် မြန်မာ့ဘောလုံးလောကအတွက် အထူးအားထားရသော ဘောလုံးအားကစားသမားများ မွေးထုတ်ပေးခဲ့ရာ ဇာတိအမှန်ပင် ဖြစ်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်ခေတ်က Rangoon University Sports Council (ရန်ကုန်တက္ကသိုလ် အားကစားကောင်စီ)သည် အာရှဒေသတစ်ခွင် နာမည်ကျော်ကြားခဲ့သော ဘောလုံးလူရည်ချွန်များကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့သည့် အဖွဲ့ကြီးလည်းဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကြီးအကြောင်းကို ဆိုကြလျှင် ရန်ကုန်တက္ကသိုလ်၏ အားကစားကဏ္ဍ၊ အထူးသဖြင့် ထိုစဉ်က တက္ကသိုလ်ဘောလုံးအသင်းဟု အောင်ဆန်းဒိုင်း ဘောလုံးပွဲစဉ်များ အပါအဝင် ပါဝင်ယှဉ်ပြိုင် ဗိုလ်စွဲခဲ့သော ရန်ကုန်တက္ကသိုလ် ဘောလုံးအသင်းအကြောင်းကို ချန်လှပ်ထားခဲ့၍ ပြည့်စုံမည်မဟုတ်ပေ။ ယခုကဲ့သို့ ရန်ကုန်တက္ကသိုလ်ကြီး၏ နှစ်တစ်ရာပြည့်အချိန်အခါတွင်ဆိုလျှင် ပို၍ပင်အရေးပါလှသည့် အကြောင်းအရာတစ်ခု ဖြစ်ပေသည်။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်တည်ထောင်ခဲ့သည့် ရန်ကုန်တက္ကသိုလ်ကြီးနှင့်အတူ တက္ကသိုလ်နယ်မြေအတွင်း သထုံလမ်းရှိ တက္ကသိုလ် ဘောလုံးကွင်းကလည်း စတင်အသက်ဝင်လာခဲ့သည်။ ဘောလုံးကွင်းက ဘောလုံးအကျော်အမော် တက္ကသိုလ်ကျောင်းသားများကို မွေးထုတ်ပေးခဲ့သည်။ Extra curriculum activities (ခေါ်)စာသင်ခန်းပြင်ပ လေ့ကျင့်သင်ကြားမှုများတွင် အားကစားကထိပ်ဆုံးမှ ပါဝင်သလို ဘောလုံးကစားခြင်းကလည်း ကျောင်းသားအများ နှစ်သက်စွာကစားကြသည့် ကစားနည်းဖြစ်သည်။ နယ်မှကျောင်းလာတက်သည့် ကျောင်းသားအများစုတို့ အဆောင်နေကြရာ ယင်းတွင် ဘောလုံးဝါသနာရှင်များ၊ ထူးချွန်ကစားသမားများ ပါဝင်လေ့ရှိသည်။ နေ့ကျောင်းသားအများကလည်း ဘောလုံးကစားကြသဖြင့် တက္ကသိုလ် ဘောလုံးကွင်းသည် ကျောင်းသားအပေါင်းစုဝေးကြရာ နေရာတစ်ခုလည်း ဖြစ်လာခဲ့သည်။

**ဘောလုံးဝါသနာရှင်တစ်ဦး**

ရန်ကုန်တက္ကသိုလ် ကျောင်းသားတစ်ဦးဖြစ်သည့် ကိုအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)သည်လည်း ဘောလုံးဝါသနာရှင်တစ်ဦးဟု သိရသည်။ အထက်တန်းကျောင်းသားဘဝက ဆိုင်းတီးဝါသနာပါ၍ ကျောင်းခန်းရှိ စားပွဲခုံကို ဆိုင်းတီးလေ့ရှိသလို ဘောလုံးကစားခြင်းကို အထူးဝါသနာပါသူ ဖြစ်သည်။ ဘောလုံးမှလွဲ၍ မည်သည့်အားကစားကိုမျှ စိတ်မဝင်စားဟု သိရသည်။ သူ၏အစ်ကိုဖြစ်သူ ဦးဘဝင်း နေထိုင်သောအိမ်၏ အရှေ့မြောက်ရှိ ချောက်ကြီးထဲတွင် သူဘောလုံးကစားလေ့ရှိသည်ဟုလည်း သိရသည်။ ရန်ကုန်တက္ကသိုလ် အားကစားကောင်စီသည် ထူးချွန်သော ကျောင်းသား ဘောလုံးသမားများကို ရန်ကုန်တက္ကသိုလ် လက်ရွေးစင်များအဖြစ် ရွေးချယ်လေ့ကျင့်ပေးသည်။ ထို့နောက် ရန်ကုန်တက္ကသိုလ် လက်ရွေးစင်အသင်းအဖြစ်ဖွဲ့စည်းကာ ရန်ကုန်မြို့ရှိ ဘောလုံးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် မိန်း (main) ဟု ခေါ်ကြသည့် ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် သာမက ရန်ကုန်စက်မှုတက္ကသိုလ်၊ ရန်ကုန်ဆေးတက္ကသိုလ်(၁) နှင့် (၂)၊ စီးပွားရေးတက္ကသိုလ် စသည်တို့လည်း ပါဝင်ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးစအသင်းမှာ အင်အားတောင့်တင်းသောအသင်းအဖြစ် နာမည်ကျော်ခဲ့သည်။

**အဆင့်မြင့်ဘောလုံးသမားများအဖြစ်တွေ့မြင်ကြရ**

၁၉၆၀ ပြည့်နှစ်ကျော် ရန်ကုန်တက္ကသိုလ်ဘောလုံးအသင်းသည် အောင်ဆန်းဒိုင်း Aung San Shield ၊ League, Round Robin($1^{st}$ Division) ပထမတန်းပတ်လည် ပြိုင်ပွဲ၊ Knock-out Opening Season ရှုံးထွက်ပြိုင်ပွဲ၊ Rice-Mill Owner Cup ဆန်စက်ပိုင်ရှင်များဖလားစသည့် ထိပ်တန်းပြိုင်ပွဲများတွင် "တက္ကသိုလ်အသင်း"အမည်ဖြင့် ပါဝင်ခဲ့သည်။ တက္ကသိုလ်ကျောင်းသားဖြစ်သည်နှင့် ဝါသနာအလျောက် အပျော်တမ်းဘောလုံးသမားများသာဖြစ်သော်လည်း အလွန်ထူးချွန်သော အဆင့်မြင့်ဘောလုံးသမားများအဖြစ် တွေ့မြင်ကြရသည်။ ထိုစဉ်က ဘောလုံးသမားများက ထူးချွန်ကြသလို နည်းပြဆရာများကလည်း အရည်အချင်း ပြည့်မီကြသူ၊ စိတ်စေတနာ ကောင်းသူများ ဖြစ်ကြသည်။ အထူးသဖြင့် နည်းပြဆရာ "ဆရာ ငြိမ်း"သည် ၁၉၆၀ ပြည့်နှစ်ကျော် တက္ကသိုလ်အသင်းကို ထိပ်တန်းအသင်းဖြစ်အောင် ဆွဲတင်နိုင်ခဲ့သူဖြစ်သည်ဟု သတ်မှတ်ကြသည်။ ဆရာငြိမ်းသည် ရန်ကုန်တက္ကသိုလ် အားကစားကောင်စီက ခန့်ထားသော အားကစားအရာရှိဖြစ်ပြီး အသင်းကိုကောင်းစွာ ကိုင်တွယ်၊ လေ့ကျင့်၊ ပျိုးထောင်ပေးနိုင်ခဲ့သူ ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် ဘောလုံးအသင်းသည် ၁၉၃၀ ပြည့်နှစ်များအတွင်းကတည်းက နာမည်ရအသင်းဖြစ်ခဲ့သည်။ ထိုစဉ်က Dunlop Cup, Walter-Locke Cup,Rice-Mill Owner Cup စသည့်အတန်းမြင့်ပြိုင်ပွဲများတွင် ဗိုလ်စွဲခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ဘီအေအေ (Burma Athletics Association- BAA)၏ ဒိုင်းဆုကြီးကို ရရှိခဲ့သည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ်အသင်း၏ အဓိကပြိုင်ဘက်မှာ ပုလိပ်(ရဲ)အဖွဲ့ကြီး (Burma Police) ဖြစ်သည်။ ကိုလိုနီခေတ်ရဲတပ်ဖွဲ့၏ အမာခံ ကစားသမားအများစုဖြင့် တောင့်တင်းစွာ ဖွဲ့စည်းထားသည့်အသင်းဖြစ်သည်။ ရန်ကုန်တက္ကသိုလ်အသင်းက အပျော်တမ်းကျောင်းသားအသင်းသာ ဖြစ်သော်လည်း အနိုင်ရအောင် အစွမ်းပြနိုင်ခဲ့သည်။

စာမျက်နှာ ၉ သို့ ❖



၁၉၆၆ ခုနှစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပသည့် အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ ခုခံကာကွယ်နေမှု မြင်ကွင်း။

**၁၉၆၀ ပြည့်နှစ်ကျော် ရန်ကုန်တက္ကသိုလ်ဘောလုံးအသင်းသည် အောင်ဆန်းဒိုင်း၊ ပထမတန်းပတ်လည် ပြိုင်ပွဲ၊ ရှုံးထွက်ပြိုင်ပွဲ၊ ဆန်စက်ပိုင်ရှင်များဖလား စသည့် ထိပ်တန်းပြိုင်ပွဲများတွင် "တက္ကသိုလ်အသင်း" အမည်ဖြင့် ပါဝင်ခဲ့သည်။ တက္ကသိုလ်ကျောင်းသားဖြစ်သည်နှင့် ဝါသနာအလျောက် အပျော်တမ်း ဘောလုံးသမားများသာဖြစ်သော်လည်း အလွန်ထူးချွန်သော အဆင့်မြင့်ဘောလုံးသမားများအဖြစ် တွေ့မြင်ကြရ။**

❖ စာမျက်နှာ ၈ မှ

**အာရှချန်ပီယံဖြစ်သလို နာမည်လည်းကောင်းသည့်အသင်း**

ဆရာငြိမ်းသည် မိမိကိုင်တွယ်ရသော ရန်ကုန်တက္ကသိုလ်အသင်းကို ထိုသို့သော ဗိုလ်စွဲနိုင်သည့် အသင်းအဖြစ် ဆောင်ရွက်နိုင်ခဲ့သလို အာရှချန်ပီယံ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကိုလည်း စတင်တည်ထောင်နိုင်ခဲ့သူများတွင် တစ်ဦးအပါအဝင်ဖြစ်ကြောင်း သိရပါသည်။ တက္ကသိုလ်အသင်းမှ မြန်မာ့လက်ရွေးစင်အချို့ကိုပင် ရွေးထုတ်မွေးဖွားနိုင်ခဲ့၍ဖြစ်သည်။ ရုပ်ရှင်မင်းသားကြီး အကယ်ဒမီ ကောလိပ်ဂျင်နေဝင်းသည် ၁၉၆၀ ပြည့်နှစ်ကျော်ကာလများက ရန်ကုန် တက္ကသိုလ်လက်ရွေးစင်ဖြစ်ခဲ့သလို မြန်မာ့လက်ရွေးစင်လည်း ဖြစ်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်ကျော်ကာလများတွင် မြန်မာ့လက်ရွေးစင် ကစားသမားအောင်ခင်နှင့် စိုးမြင့်တို့သည် ရန်ကုန်တက္ကသိုလ်အသင်းသားများ ဖြစ်ကြသည်။ ရန်ကုန်တက္ကသိုလ် ဘောလုံးအသင်းသားတို့သည် တစ်ဦးချင်းရော အသင်းလိုက်ပါထူးချွန်ကြသလို အားကစားစိတ်ဓာတ်လည်း ပြည့်ဝကြသူများအဖြစ် အသိအမှတ်ပြုခံကြရသည်။ ထိုကာလက မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အာရှချန်ပီယံဖြစ်သလို နာမည်လည်းကောင်းသည့်အသင်းဖြစ်သည်။ သန့်ရှင်းသောအားကစားစိတ်ဓာတ်ရှိကြသူများဟု အသိအမှတ်ပြုခံကြရသည်။ ရန်ကုန်တက္ကသိုလ်အသင်းမှ ကျောင်းသား ကစားသမားအချို့တို့သည် ဝန်ကြီးဌာနအသင်းများအပါအဝင် ကလပ်အသင်းများသို့ သွားရောက်ကစားကြရာတွင်လည်း နာမည်ကောင်းရနေကြသည်ကို တွေ့ရသည်။ ဆရာငြိမ်းအပါအဝင် ဆရာကောင်းများ၏ သွန်သင်ဆုံးမမှုများကြောင့်ပင် ဖြစ်သည်။

၁၉၆၀ ပြည့်နှစ်များက ရန်ကုန်တက္ကသိုလ်အသင်းသည် အောင်ဆန်းဒိုင်း Aung San Shield Round Robin(First Division)နှင့် အခြားပြိုင်ပွဲများတွင် ဗိုလ်စွဲခဲ့သည်။ ထိုစဉ်က အဆိုပါပထမတန်းဘောလုံးပြိုင်ပွဲများတွင် ထိပ်တန်းအသင်းကြီးများဖြစ်ကြသော SAMB (State Agricultral Marketing Board) ကောက်ပဲသီးနှံဟု ခေါ်ကြသည့်အသင်း၊ ဗမာ့ရဲတပ်ဖွဲ့အသင်း၊ အကောက်ခွန်အသင်း၊ စာတိုက်နှင့် ကြေးနန်းအသင်း၊ မြူနီစီပယ်အသင်း၊ ကြည်းတပ်အသင်း၊ ရေတပ်အသင်း၊ လေတပ်အသင်း၊ မီးရထားအသင်းစသည်တို့ ပါဝင်ကြသည်။ ထိုအသင်းကြီးတို့သည် သေချာစွာ လေ့ကျင့်ပံ့ပိုးထားသော အသင်းများဖြစ်သော်လည်း ရန်ကုန်တက္ကသိုလ် ကျောင်းသားများအသင်းက အနိုင်ရဗိုလ်စွဲနိုင်သည်အထိ စွမ်းဆောင်နိုင်ခဲ့ကြသည်မှာ အလွန် ချီးကျူးဖွယ်ဖြစ်သည်။ "တက္ကသိုလ်--တက္ကသိုလ်-နိုင်ရမည်--နိုင်ရမည်"ဆိုသော ကျောင်းတော်သူ ကျောင်းတော်သားတို့၏ တစ်ခဲနက် အားပေးမှုများက ထိုစဉ်က ဘီအေအေဘောလုံးကွင်း (နောက်ပိုင်း အောင်ဆန်းအားကစားကွင်း)မှာ မိုးထိအောင်ညံနေခဲ့သည်။ "Play Fair,Play Hard,Never Quit" အသန့်ရှင်းဆုံးကစား၊ ကြိုးစားကစား၊ ဘယ်တော့မှ အရှုံးမပေးနဲ့ဆိုသော ဆရာငြိမ်း၏ဆောင်ပုဒ်နှင့်အညီ တက္ကသိုလ်ကျောင်းတော်သားတို့ ကြိုးစားအောင်ပွဲခံနိုင်ခဲ့ကြသည်။

**ရွှေတံဆိပ်ဆုရခဲ့**

၁၉၆၆ ခုနှစ်က အာရှအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့ရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက နောက်ဆုံး ဗိုလ်လုပွဲတွင် အီရန်နိုင်ငံအသင်းကို အနိုင်ရကာ ရွှေတံဆိပ်ဆုရခဲ့သည်။ ထိုမြန်မာ့လက်ရွေးစင်အသင်းတွင် ရှေ့တန်းကစားသူ အောင်ခင်နှင့် နောက်တန်းခံစစ်မှူး စိုးမြင့်တို့နှစ်ဦးသည် ရန်ကုန်တက္ကသိုလ် လက်ရွေးစင်များဖြစ်ကြသည်မှာ အလွန်ဂုဏ်ယူဖွယ်ကောင်းပါသည်။ "ရွှေဂိုး-အောင်ခင်"ဟု ထိုစဉ်က ဂုဏ်ယူခဲ့ကြရလောက်အောင် အနိုင်ဂိုးသွင်းနိုင်ခဲ့သည့် ရန်ကုန်တက္ကသိုလ်ကျောင်းတော်သား လက်ရွေးစင်ဘောလုံးသမားကြီး "အောင်ခင်"ကို မေ့နိုင်ကြမည်မဟုတ်ပါ။ မြန်မာ့ဂုဏ်ဆောင်ခဲ့သည့် လူချွန်လူတော်တစ်ယောက်အဖြစ်လည်း တစ်နိုင်ငံလုံး၏ လေးစားချစ်ခင်မှုကိုရခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ စစ်ကြိုခေတ်က ထူးချွန်သော ရန်ကုန်တက္ကသိုလ် ဘောလုံးလက်ရွေးစင်ကစားသမားများမှာ Yoke Kwin၊ မောင်ဝင်း၊ ကံညွန့်စသည်တို့ဖြစ်ကြပြီး စစ်ပြီးခေတ်နာမည်ကျော် ရန်ကုန်တက္ကသိုလ်ဘောလုံးသမားများမှာ နေဝင်း(ရုပ်ရှင်မင်းသားကောလိပ်ဂျင်နေဝင်း)၊ ကဲနက်ရှိန်၊ ထွန်းကြည်၊ တင်မောင်၊ အောင်ခင်၊ စောဦး စသည်တို့ဖြစ်ကြသည်။ ၁၉၆၀ ပြည့်နှစ် ဝန်းကျင်ကာလများက ထိုသူတို့ကို မသိသူမရှိလောက်အောင် လူသိများချစ်ခင်ကျော်ကြားခဲ့ပါသည်။ ဂိုးသမား ဂျပ်ဆင်သည် ရန်ကုန်တက္ကသိုလ် လက်ရွေးစင်မှ မြန်မာ့လက်ရွေးစင်အဖြစ် ၁၉၆၀ ပြည့်နှစ်ကာလများက ရွေးချယ်ခံခဲ့ရပါသည်။ (Team spirit) အသင်းချစ်စိတ်၊ (National spirit) အမျိုးသားချစ်ဓာတ်၊(sports spirit) အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် စွမ်းစွမ်းတမံ ကြိုးစားခဲ့ကြသည့် ရန်ကုန်တက္ကသိုလ်ကျောင်းသားများ၏ ဘောလုံးစွမ်းရည်မှာ ကြီးမြတ်လှပါသည်။ ဘယ်သောအခါမှမေ့ဖျောက်နိုင်မည် မဟုတ်ပါ။

ထိုစဉ်က လူငယ်ကျောင်းတော်သားလေးများ၏ ထူးချွန်မှု၊ ဆရာငြိမ်းကဲ့သို့ ဆရာသမားများနှင့် ကျောင်းတော်ကြီးရှိ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းတော်သူ ကျောင်းတော်သားတို့၏ ညီညွတ်မှုများကို များစွာလေးစားမိပါသည်။ ယခုကဲ့သို့ နှစ်တစ်ရာပြည့်ချိန်တွင် နိုင်ငံ့ဂုဏ်ဆောင် ရန်ကုန်တက္ကသိုလ်ဘောလုံးအသင်းကြီး၏ အခန်းကဏ္ဍကိုလည်း မမေ့မလျော့ သတိပြုကြရမည် ဖြစ်ပေသည်။ နောင်လာနောက်သားတို့အနေဖြင့် ထိုရန်ကုန်တက္ကသိုလ်ဘောလုံးအသင်း၏ သမိုင်းကြောင်း၊ သမိုင်းကောင်းကို၊ သိရှိနားလည်နိုင်ကြစေဖို့ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ကြရမည်လည်း ဖြစ်ပါသည်။

ကိုးကား- ၁. ကံ့ကော်မြေမှရာပြည့်တက္ကသိုလ်-ဒေါက်တာကျော်ဝင်း(သမိုင်းပါမောက္ခ-ငြိမ်း)။
၂. အိုးဝေ၏ရွှေရတုသဘင်ဆောင်းပါးများ၊
၃. Yangon University is the birthplace of brilliant Myanmar National Football Team and famous footballers
• May 24, 2019
• Global New Light of Myanmar
• By Tommy Pauk



၁၉၆၆-၆၇ ခုနှစ် ပထမတန်းပတ်လည် ဘောလုံးပြိုင်ပွဲ ချန်ပီယံ ရန်ကုန်တက္ကသိုလ်လက်ရွေးစင်ဘောလုံးအသင်းဝင်များ။

## စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း



* အဘ သမာဓိမြို့ဝန်ဦးဘိုးကြန်၊ အမိ ဒေါ်တင်မေတို့ဖြစ်ပြီး ၂၇.၃.၁၉၅၂ ခုနှစ် ပဲခူးမြို့ ဇိုင်းဂနိုင်းတောင်ပိုင်းတွင် မွေးဖွားပါသည်။ ပဲခူးမြို့ အ.ထ.က(၃)မှ ၁၉၇၀ ပြည့်နှစ်တွင် ဆယ်တန်းအောင်မြင်သည်။
* ၁၉၇၀ ပြည့်နှစ်တွင် မန္တလေးဆေးတက္ကသိုလ်နှင့် ရန်ကုန်ဆေးတက္ကသိုလ်(၂)တို့တွင် တက်ရောက်သင်ကြားခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် ဆေးပညာဘွဲ့ M.B.B.S ရရှိခဲ့သည်။
* ၁၉၈၂ ခုနှစ်မှစပြီး ကျန်းမာရေးဦးစီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ဝန်ထမ်းလုပ်သက်နှစ် ၃၀ အပြီး အငြိမ်းစားယူခဲ့သည်။
* ၁၉၉၅ ခုနှစ်မှစပြီး စာရေးသားခဲ့သည်။
* health for All၊ Eternal Light၊ Labour Digest၊ Health Digest၊ Happy Time၊ Skynet health channel၊ သုတပဒေသာ၊ စာပေခရီးသွားနှင့် လူငယ်စာစဉ်များ၊ အတွေးအမြင်၊ Today Media စသည့် စာစဉ်များ၊ မဂ္ဂဇင်း၊ ဂျာနယ်များနှင့် မြန်မာ့အလင်း၊ ကြေးမုံ၊ စံတော်ချိန်သတင်းစာများတွင် စာရေးသားလျက်ရှိသည်။
* စာပေဗိမာန်စာမူဆု ကိုးဆုရရှိထားသည်။
* "ခြောက်ဆယ်အသက်ကျော်ကာတက်၊ ခုနစ်ခါလဲရင် ရှစ်ခါထပါ၊ ဆရာဝန်မဖြစ်ချင်ပါ၊ နှင်းဆီပွင့်ကဲ့သို့လည်း၊ ကိုယ်ကျင့်ကအပင်၊ အရိပ်ကသိက္ခာ"စသည့် လုံးချင်းစာအုပ် ၄၀ ထုတ်ဝေခဲ့ပြီးဖြစ်သည်။
* ဇနီးဒေါ်စုစုမွေး။ သားသမီးသုံးယောက်တို့နှင့်အတူ ညောင်လေးပင်မြို့တွင်နေထိုင်လျက်ရှိသည်။
* ယခုအခါ ရန်ကုန်မြို့ လမ်း၄၀၊ အမှတ် ၂၁၉ ရှိ "health for All"မဂ္ဂဇင်းတိုက်တွင်အယ်ဒီတာချုပ်၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ မဲခေါင်စာပေဆုရွေးချယ်ရေးအဖွဲ့၊ စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူဦးအုံးဖေစာမူဆုရွေးချယ်ရေးအဖွဲ့ဝင် စသည့်တာဝန်များ ထမ်းဆောင်လျက်ရှိပါသည်။



# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**
ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၀)ကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်သော စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက လုပ်ငန်းကော်မတီအနေဖြင့် ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများနှင့် ပတ်သက်၍ ဆောင်ရွက်ရန် ကိစ္စရပ်များကို ပုံမှန်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိခဲ့သည့် ကဏ္ဍများမှ စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေထုတ်ပေးရေးကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပထမအကြိမ်အဖြစ် လုပ်ငန်းပေါင်း ၃၃၉၄ ခုသို့ ငွေပမာဏ ငွေကျပ် ၁၀၁ ဒသမ ၉၂၈၃ ဘီလီယံကိုလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် လုပ်ငန်းပေါင်း ၂၉၃၉ ခုသို့ ချေးငွေကျပ် ၆၄ ဒသမ ၆၆၈၀ ဘီလီယံ ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းကဏ္ဍနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနက တင်ပြလာသည့် ကိစ္စရပ်များအပေါ် ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးစေလိုကြောင်း၊ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးအပေါ် သက်ရောက်မှုများနှင့် ပတ်သက်၍ လုပ်ငန်းကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ကြိုတင်တွက်ဆကာ ညှိနှိုင်းဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်နေသည့် စီးပွားရေးဆိုင်ရာသက်ရောက်မှုများအပေါ် ဝန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်ပေးနေသည့် အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ ထုတ်ပေးထားသည့် ချေးငွေများအပေါ် ထိရောက်မှုဆန်းစစ်ရေးဆိုင်ရာကိစ္စများနှင့် ပတ်သက်၍လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အလုပ်သမားရေးရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်မှုဆိုင်ရာ အခြေအနေများ၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ပြုစုရေးဆွဲထားသော ကိုဗစ်-၁၉ ဆိုင်ရာ ခရီးသွားလုပ်ငန်းကုစားမှုအစီအစဉ်အရ "ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံသော ဝန်ဆောင်မှုလုပ်ငန်းများ" ဆောင်ရွက်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းပုံရိပ် မြှင့်တင်ရေးဆောင်ရွက်မည့်အစီအစဉ်နှင့် ပတ်သက်၍ လည်းကောင်း၊ လုပ်ငန်းကော်မတီသို့ ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးမှ ပေးပို့တင်ပြလာသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် 6th India- CLMV Business Conclave 2020 သို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၃**
အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် Confederation of Indian Industry (CII)တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၃ ရက်မှ ၄ ရက်အထိ ကျင်းပသည့် 6th India–CLMV Business Conclave 2020 ၏ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် Virtual စနစ်ဖြင့် ကျင်းပသည်။




**ထူးခြားသောနှစ် တစ်နှစ်ဖြစ်**

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အိန္ဒိယနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်တို့သည် ယဉ်ကျေးမှုအနုပညာနှင့် ဓလေ့ထုံးတမ်းများ တူညီမှုများစွာရှိပြီး မဟာဗျူဟာမြောက် နိုင်ငံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်လျက်ရှိကြသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်သည် အိန္ဒိယနှင့် CLMV နိုင်ငံများအကြား ဒီဂျစ်တယ်စီးပွားရေးပေါင်းစည်းဆောင်ရွက်မှုဆိုင်ရာ မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့သည့် ထူးခြားသောနှစ်တစ်နှစ်လည်း ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် စိန်ခေါ်မှုများစွာ ကြုံတွေ့နေရသော်လည်း မိမိတို့အနေဖြင့် ဒစ်ဂျစ်တယ်စနစ်အသုံးပြု၍ အမြင်များဖလှယ်ခြင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် Start-ups Business များအပေါ် ကိုဗစ်-၁၉ ကြောင့် သက်ရောက်မှုလျော့နည်းစေရေး၊ supply chains တစ်လျှောက် အဆင်ပြေချောမွေ့စွာ ကုန်စည်စီးဆင်းစေရေး၊ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းသစ်များ ဆက်လက်ရှာဖွေဖော်ထုတ်နိုင်ရေးတို့အတွက် ကောင်းမွန်သော စီးပွားရေးလုပ်ငန်းစဉ်များနှင့် စီးပွားရေးဆိုင်ရာ ကွန်ယက်ချိတ်ဆက်ဆောင်ရွက်မှုများကို ဒစ်ဂျစ်တယ် နည်းပညာ ပလက်ဖောင်းဖြင့် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

၂၀၁၈–၂၀၁၉ ခုနှစ်တွင် အိန္ဒိယနှင့် အာဆီယံနိုင်ငံများအကြား ကုန်စည်ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၉၇ ဘီလီယံနှင့် ဝန်ဆောင်မှုကုန်သွယ်မှုပမာဏ ၄၅ ဘီလီယံအထိ ရှိခဲ့သော်လည်း အိန္ဒိယနှင့် CLMV နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမှာ လျော့နည်းနေသေးသဖြင့် တိုးမြှင့်နိုင်ရေး ဆက်လက်ကြိုးပမ်းသွားရန် လိုအပ်ပါကြောင်း။

The Mekong – Ganga Cooperation (MGC)သည် အိန္ဒိယ၊ CLMV နှင့် ထိုင်းနိုင်ငံတို့အကြား ခရီးသွားကဏ္ဍ၊ ယဉ်ကျေးမှု၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတို့အတွက် ခိုင်မာသော အခြေခံအုတ်မြစ်တစ်ခုလည်း ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးစိန်ခေါ်မှုများကို ဖြေရှင်းနိုင်သည့် ငြိမ်းချမ်း၍ ဖွံ့ဖြိုးတိုးတက်ပြီး ခိုင်မာအားကောင်းသော ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဖြစ်ပေါ်လာစေရေး ဆက်လက် လက်တွဲဆောင်ရွက်သွားကြစေလိုပါကြောင်း ပြောကြားသည်။

အခမ်းအနားတွင် လာအိုနိုင်ငံ Ministry of Industry and Commerce ဝန်ကြီး၊ အိန္ဒိယနိုင်ငံ Ministry of External Affairs ၏ Minister of State၊ ကမ္ဘောဒီးယားနိုင်ငံ Ministry of Commerce ၏ Secretary of State၊ အိန္ဒိယနိုင်ငံ Ministry of Commerce, Department for Promotion of Industry and Internal Trade ၏ Secretary၊ Confederation of Indian Industry (CII) ၏ President နှင့် ညွှန်ကြားရေးမှူးချုပ်တို့က မိန့်ခွန်းများပြောကြားကြသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Saurabh Kumar ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်၊ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် မိတ်ဖက်နိုင်ငံများမှ ကိုယ်စားလှယ်များက အွန်လိုင်းမှ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံအလိုက် Plenary Session များကို ကျင်းပခဲ့ကြပြီး ဒီဇင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပမည့် Country Session Myanmar ၌ မြန်မာနိုင်ငံ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးသွားမည် ဖြစ်သည်။

ထို့ပြင် အခမ်းအနားနှင့် ပူးတွဲကျင်းပသည့် အွန်လိုင်းကုန်စည်ပြပွဲ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်တို့က ပြခန်း နှစ်ခန်းဖြင့် ပဲ၊ နှမ်း၊ ဆန်စပါး၊ သစ်သီးဝလံ၊ ရေထွက်ကုန်ပစ္စည်းများကို အွန်လိုင်းမှ ပါဝင်ပြသခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းညှိနှိုင်းရေးအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**
ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းညှိနှိုင်းရေးအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ငြိမ်းချမ်းရေး ကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို(ခ) ဦးဌေးဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ ဦးမိုးဇော်ဦးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် တက်ရောက်လာကြသူများက NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းညှိနှိုင်းရေးအစည်းအဝေး ဒုတိယနေ့ကို ဒီဇင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း – မျိုးမင်းနိုင်၊ ဓာတ်ပုံ – ကိုလေး**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ World Bank အဖွဲ့က ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရန်၊ သယ်ယူပို့ဆောင်ရန်နှင့် ဖြန့်ဖြူးထိုးနှံရန် ကိစ္စရပ်များအတွက် ချေးငွေထောက်ပံ့ပေးရန် စီစဉ်ထားမှုနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃**

ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရန်နှင့် ဖြန့်ဖြူးထိုးနှံရန် ကိစ္စရပ်များအတွက် ချေးငွေထောက်ပံ့ပေးရန် စီစဉ်ထားမှုနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ World Bank အဖွဲ့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တင်ပြဆွေးနွေးသည်။



ရှေးဦးစွာ World Bank အဖွဲ့မှ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံဆိုင်ရာ Country Director Ms. Mariam Sherman က World Bank အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍလုပ်ငန်းများတွင် ပါဝင်ပံ့ပိုးပေးလျက်ရှိပြီး ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက်လည်း ချေးငွေများပေးအပ်ခဲ့ပါကြောင်း၊ လက်ရှိတွင် မည်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အသုံးပြုရမည်ဆိုသည်ကို မသိရှိနိုင်သေးသော်လည်း မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရန်၊ သယ်ယူပို့ဆောင်ရန်နှင့် ဖြန့်ဖြူးထိုးနှံရန်အတွက် ချေးငွေများ ထောက်ပံ့ပေးရန် စီစဉ်ထားမှုနှင့်ပတ်သက်၍ တင်ပြသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**အမေရိကန်ဒေါ်လာ သန်း ၆၀ လျာထား**

ထို့နောက် Senior Health Specialist ဖြစ်သူ Mr. Paul Jacob Robyn က World Bank အဖွဲ့က မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရန်၊ သယ်ယူပို့ဆောင်ရန်နှင့် ဖြန့်ဖြူးထိုးနှံရန်အတွက် ချေးငွေထောက်ပံ့ပေးရန် လက်ရှိ မြန်မာနိုင်ငံအတွက် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ရန်ပုံငွေ(IDA 19)အောက်မှ ထပ်တိုးရန်ပုံငွေ အမေရိကန်ဒေါ်လာသန်း ၆၀ လျာထားပါကြောင်း၊ မြန်မာနိုင်ငံသည် COVAX Facility ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးပေါ်ပေါက်လာပါက သက်သာသောဈေးနှုန်းဖြင့် အချိုးကျဝယ်ယူနိုင်မည့်နိုင်ငံများ အကျုံးဝင်သောနိုင်ငံဖြစ်၍ World Bank မှ ချေးငွေရယူနိုင်မည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံက ကိုဗစ်-၁၉ ကာကွယ်ဆေးအား COVAX Facility မှတစ်ဆင့် ဝယ်ယူရာတွင် ရန်ပုံငွေမျှဝေထည့်ဝင်၍ ဝယ်ယူရန်လိုအပ်လျှင်(သို့မဟုတ်) မြန်မာနိုင်ငံလူဦးရေ ၂၀ ရာခိုင်နှုန်းထက် ပိုမိုသော ကာကွယ်ဆေးကို ဝယ်ယူလိုလျှင်သော် World Bank မှ ချေးငွေလျှောက်ထားနိုင်ပါကြောင်း၊ World Bank ထံမှ ကာကွယ်ဆေးဝယ်ယူရေးအတွက်သာမက ကာကွယ်ဆေး သယ်ယူပို့ဆောင်ရေး၊ ကာကွယ်ဆေးများ အအေးလမ်းကြောင်းမပျက် ထိန်းသိမ်းထားနိုင်ရေး၊ ကာကွယ်ဆေးများ လက်တွေ့ထိုးနှံရေးအတွက် အထွေထွေကုန်ကျစရိတ်များအတွက်ပါ ချေးငွေများရယူနိုင်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အသိအမှတ်ပြု အမျိုးသားဆေးဝါး ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ သုံးခုမှ အသိအမှတ်ပြုထားသော (သို့မဟုတ်)ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုထောက်ခံသည့်အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အသိအမှတ်ပြု အမျိုးသားဆေးဝါးကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ တစ်ခုမှ အသိအမှတ်ပြုထားသော ကာကွယ်ဆေးကိုသာ ဝယ်ယူရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် COVAX Facility မှဖြစ်စေ၊ ကာကွယ်ဆေးထုတ်လုပ်သော ကုမ္ပဏီများမှတစ်ဆင့်ဖြစ်စေ၊ အခြားသောနိုင်ငံတစ်ခုမှဖြစ်စေ ကိုဗစ်-၁၉ အတွက် ဆေးများကို ဝယ်ယူနိုင်ပါကြောင်း၊ ကာကွယ်ဆေးဖြန့်ဝေထိုးနှံမည့်အစီအစဉ်၊ ကာကွယ်ဆေးထိုးနှံရန်အတွက် လိုအပ်သည့်ပြင်ဆင်မှုများ အသင့်ဖြစ်မှုအခြေအနေ ဆန်းစစ်ထားရှိမှု (readiness assessment)၊ ဦးစားပေးထိုးနှံပေးသင့်သည့် လူအုပ်စုများ သတ်မှတ်မှုစသည်တို့ကို ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါကြောင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူထိုးနှံပေးရန်အတွက် ဆောင်ရွက်ရမည့်အချက်များနှင့် သတ်မှတ်ချက်များအား ရှင်းလင်းတင်ပြသည်။

**အမြဲချိတ်ဆက်ဆောင်ရွက်လျက်ရှိ**

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက World Bank အဖွဲ့၏ မြန်မာနိုင်ငံ ကျန်းမာရေးကဏ္ဍအတွက် ပံ့ပိုးပေးနေမှုများနှင့် ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများတွင် ပံ့ပိုးပေးနေမှုများအား ကျေးဇူးတင်ရှိပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ ချေးငွေများရယူခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့နှင့် ဆွေးနွေးညှိနှိုင်းကာ ဆောင်ရွက်လျက်ရှိပြီး ယခု ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများအတွက် နိုင်ငံတကာချေးငွေများရယူရန် ကိစ္စရပ်များကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ ဆုံးဖြတ်ချက်ပေးအပ်မည်ဖြစ်ပါကြောင်း၊ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဝယ်ယူထိုးနှံရန် ပြင်ဆင်ခြင်းလုပ်ငန်းများကို ဝန်ကြီးဌာန၏ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်အနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရှိပြီး Gavi, the Vaccine Alliance အဖွဲ့၊ COVAX Facility တို့နှင့်လည်း အမြဲချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ COVAX Facility မှ Gavi, the Vaccine Alliance ၏ ပံ့ပိုးမှုဖြင့် ရရှိနိုင်မှု၊ နှစ်နိုင်ငံသဘောတူညီချက်ဖြင့် ဝယ်ယူရရှိနိုင်မှုနှင့် ပုဂ္ဂလိက ကာကွယ်ဆေး ထုတ်လုပ်သူများထံမှ တိုက်ရိုက်ဝယ်ယူနိုင်မည့် အခြေအနေများကို ဆန်းစစ်သုံးသပ်ထားရှိပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို World Bank မှ ချေးငွေများဖြင့် ဝယ်ယူပါက အထူးဈေးနှုန်းဖြင့် သက်သာစွာဝယ်ယူနိုင်ရန် Gavi, the Vaccine Alliance အဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၉၂ နိုင်ငံသည် COVAX အစီအစဉ်၌ အကျုံးဝင်သဖြင့် အခမဲ့(သို့မဟုတ်) အထူးသက်သာသောဈေးနှုန်းဖြင့် နိုင်ငံအလိုက် လူဦးရေ၏ ၂၀ ရာခိုင်နှုန်းအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး ရရှိမည်ဖြစ်ပါကြောင်း၊ ထိုသို့ရရှိရန်အတွက် မိမိတို့နိုင်ငံအနေဖြင့် လိုအပ်သည့် အချက်အလက်များအားလုံးကို ဒီဇင်ဘာ ၇ ရက်အမီ Gavi, the Vaccine Alliance သို့ ပေးပို့ရန် စီစဉ်ပြီးဖြစ်ပါကြောင်း၊ COVAX အစီအစဉ်ဖြင့် COVID-19 ကာကွယ်ဆေးရရှိမည့် အရေအတွက်မှာ နိုင်ငံများနှင့် အချိုးကျ မျှဝေရမည်ဖြစ်သဖြင့် လည်းကောင်း၊ လူဦးရေ၏ ၂၀ ရာခိုင်နှုန်းအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး အသုတ်လိုက်ခွဲရမည်ဖြစ်ရာ မည်သည့်ပမာဏကို ပထမအသုတ်၌ စတင်ရရှိမည်ကို အတိအကျမသိရှိရသေးသည့်အတွက်လည်းကောင်း မိမိတို့အနေဖြင့် World Bank ချေးငွေမှသုံး၍ ထပ်ဆောင်းဝယ်ယူရန်ကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် World Bank တို့ ဆွေးနွေးပြီးဖြစ်သဖြင့် လိုအပ်သည့် လုပ်ငန်းအဆင့်ဆင့်ကို အမြန်ဆုံး ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မှ တာဝန်ရှိသူများအား World Bank တာဝန်ရှိသူများနှင့် အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်စေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေး) ဒေါက်တာထွန်းတင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး) ဒေါက်တာသီတာလှ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်တွင်း ပြည်ပဆက်ဆံရေး)ဒေါက်တာကျော်ခိုင်၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မန်နေဂျာ ညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းနှင့် တာဝန်ရှိသူများ၊ World Bank အဖွဲ့မှ Human Development Program Coordinator Ms. Hnin Hnin Pyne၊ Senior Health Specialist Ms. Tomo Morimoto၊ Senior Health Specialist Dr. Nang Mo Kham၊ Liaison Officer/ Head of Nay Pyi Taw Office Dr. Sithu Pe Thein နှင့် Consultant Mr. Min Thu တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❖ လာမည့်ရာသီမှ**

ရှုံးထွက်ပြိုင်ပွဲကျင်းပမည့်ပုံစံကိုလည်း ဆွေးနွေးခဲ့ပြီး လာမည့်ရာသီတွင် လူငယ်လိဂ်ကိုမူ ယူ-၂၁ ပြိုင်ပွဲတစ်ခုသာ ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။ ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ကျင်းပနေသည့်ကာလတွင် ဖွဲ့ကပင်နှင့် ချင်းယူနိုက်တက်အသင်း၊ ပြိုင်ပွဲပြီးဆုံးချိန်တွင် မကွေးအသင်းတို့ ဖျက်သိမ်းသွားသောကြောင့် ကိုးသင်းသာကျန်ရှိတော့သလို လက်ရှိကာလတွင်လည်း အသင်းအချို့ဖျက်သိမ်းရန် စီစဉ်နေသောကြောင့် အသင်းအရေအတွက် ထပ်မံလျော့နည်းဖွယ်ရှိနေသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၀ ရာသီတွင် ပြည်တွင်းလိဂ်ပြိုင်ပွဲအများစု ဖျက်သိမ်းခဲ့ရပြီး MNL အမှတ်ပေးပြိုင်ပွဲကိုသာ ပြီးဆုံးအောင် ကျင်းပနိုင်ခဲ့သည်။ MNL အမှတ်ပေးပြိုင်ပွဲကို ကပ်ရောဂါကြောင့် မတ် ၂၄ ရက်မှ စတင်ရပ်နားခဲ့ရပြီး ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်များအတိုင်း ဩဂုတ် ၂၂ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ပြန်လည်ကျင်းပခဲ့သော်လည်း MNL-2 ပြိုင်ပွဲကျင်းပနိုင်ခြင်း မရှိသဖြင့် တန်းတက်၊ တန်းဆင်းအသင်းများ ထွက်ပေါ်ခဲ့ခြင်းမရှိဘဲ လာမည့် လိဂ်ကော်မတီအစည်းအဝေးမှသာ လိဂ်အသီးသီးတွင် ယှဉ်ပြိုင်မည့်အသင်းများ အတည်ပြုမည်ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဖော်**
**ဓာတ်ပုံ - MNL**






# စုပေါင်းလုံခြုံရေးစာချုပ်အဖွဲ့ဝင်နိုင်ငံများအတွင်း မတည်ငြိမ်မှုနှင့်ပတ်သက်၍ ရုရှားသမ္မတ ပူတင် စိုးရိမ်



**မော်စကို ဒီဇင်ဘာ ၃**
ရုရှားနိုင်ငံဦးဆောင်သော စုပေါင်းလုံခြုံရေးစာချုပ်အဖွဲ့ဝင် ဆိုဗီယက်ပြည်ထောင်စုဝင်ဟောင်း မဟာမိတ်နိုင်ငံများ၌ အုံကြွမှုများ ဆက်လက်ဖြစ်ပွားနေမှုနှင့်ပတ်သက်၍ စိုးရိမ်မိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားလိုက်သည်။

**စစ်ရေးပဋိပက္ခ ဖြစ်ပွားခဲ့မှု**

သမ္မတ ပူတင်သည် ယမန်နေ့က ဘီလာရုစ်၊ အာမေနီးယား၊ ကာဇက်စတန်၊ ကာဂျစ္စတန်နှင့် တာဂျစ်ကစ္စတန်နိုင်ငံတို့ ပါဝင်သည့် စုပေါင်းလုံခြုံရေးစာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ အွန်လိုင်းထိပ်သီးဆွေးနွေးပွဲတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ စုပေါင်းလုံခြုံရေးစာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ အခြေအနေသည် စိန်ခေါ်မှုရှိနေပြီး ယခုနှစ်အတွင်း ရှုပ်ရှုပ်ထွေးထွေးဖြစ်ခဲ့ကြောင်း ပူတင်က ဆိုသည်။ နာဂေါ်နို-ကရာဘတ်ခ်ဒေသနှင့်ပတ်သက်၍ အာမေနီးယားနှင့် အိမ်နီးချင်း အဇာဘိုင်ဂျန်နိုင်ငံတို့အကြား စက်တင်ဘာလအတွင်း စစ်ရေးပဋိပက္ခဖြစ်ပွားခဲ့မှုကို ၎င်းက ဥပမာတစ်ခုအဖြစ် ပြောကြားခဲ့သည်။

**အပြင်းအထန် ဝေဖန်ခံခဲ့ရ**

ရုရှားနိုင်ငံက မဟာမိတ် အာမေနီးယားနိုင်ငံသို့ စစ်ရေးအကူအညီမပေးခဲ့မှုကြောင့် အာမေနီးယားဝန်ကြီးချုပ် နီကော်လ်ပါရှင်ယန်းက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ်ကို လက်ခံခဲ့ကြောင်းသိရသည်။ ယင်းသဘောတူညီချက်နှင့်ပတ်သက်၍ ပါရှင်ယန်းသည် ပြည်တွင်း၌ အပြင်းအထန်ဝေဖန်ခံခဲ့ရ သည်။ ထို့ကြောင့် အာမေနီးယားအစိုးရအဖွဲ့ကို ထောက်ခံကြရန် ပူတင်က အခြားအဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များကို တိုက်တွန်းခဲ့ကြောင်း သိရသည်။

လက်ရှိအခြေအနေမှာ ဆိုဗီယက်ပြည်ထောင်စုဝင်ဟောင်း နိုင်ငံများအပေါ် ရုရှားနိုင်ငံ၏ ဦးဆောင်မှုအခန်းကဏ္ဍကျဆင်းလာခြင်း၏ နမူနာတစ်ခုအဖြစ် သံတမန်ရေးဆိုင်ရာလေ့လာသူများက ရှုမြင်ကြသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - ကျော်ထိုက်စိုး**

## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၁၄၅ ဦးဖြင့် နေ့စဉ်ကူးစက်မှု စံချိန်တင်

**မော်စကို ဒီဇင်ဘာ ၃**
ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၁၄၅ ဦးရှိခဲ့ကာ အဆိုပါကူးစက်ခံရသူအရေအတွက်သည် ရုရှားနိုင်ငံ၏ နေ့စဉ်ကူးစက်မှု အမြင့်ဆုံးသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက ယနေ့တွင် ပြောကြားခဲ့သည်။

**စတုတ္ထမြောက်အများဆုံးနိုင်ငံ**

ရုရှားနိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၃၇၅၅၄၆ ဦးအထိရှိလာခဲ့ခြင်းကြောင့် ကမ္ဘာ့နိုင်ငံများ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုတွင် စတုတ္ထမြောက်အများဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံတွင် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ ၂၆၅၀၂ ဦး ရှိခဲ့ခြင်းကြောင့် ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၁၈၅၉၈၅၁ ဦးအထိရှိလာခဲ့ကြောင်းလည်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာမှ ထုတ်ပြန်သည့်အချက်အလက်များက ဖော်ပြထားသည်။

**ကူးစက်ခံရသူ ၆၂၅၁၈၉ ဦးအထိရှိ**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၅၄ ဦးရှိခဲ့ခြင်းကြောင့် စုစုပေါင်း သေဆုံးသူ ၄၁၆၀၇ ဦးအထိ ရှိလာခဲ့သည်။ မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုဒဏ်အခံရဆုံးဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကူးစက်ခံရသူ ၇၇၅၀ အထိရှိခဲ့ခြင်းကြောင့် စုစုပေါင်း ၆၂၅၁၈၉ ဦးအထိ ရှိလာခဲ့သည်။

**ညွှန်ကြား**

ထို့ကြောင့် ရုရှားသမ္မတ ဗလာဒီမာပူတင်က လာမည့်သီတင်းပတ်မှစတင်ကာ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေး အစီအစဉ်အဖြစ် အကြီးစားကာကွယ်ဆေးထိုးနှံမှုကို စတင်ရန် ရုရှားအစိုးရအဖွဲ့အား ယမန်နေ့က ညွှန်ကြားခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**





အီရန်နိုင်ငံသမ္မတ ရိုဟာနီ

## ယူရေနီယံသတ္တုရှာဖွေစုဆောင်းမှုကို တိုးမြှင့်လုပ်ဆောင်ခွင့်ပြုသည့် ဥပဒေသစ်တစ်ရပ် အီရန်ပါလီမန် အတည်ပြု

**တီဟီရန် ဒီဇင်ဘာ ၃**
အီရန်နိုင်ငံအနေဖြင့် ယူရေနီယံသတ္တုရှာဖွေစုဆောင်းရန်နှင့် နျူကလီးယားစက်ရုံများသို့ ကုလသမဂ္ဂစစ်ဆေးရေးအဖွဲ့များ လာရောက်စစ်ဆေးခြင်းကို ဟန့်တားပိတ်ပင်သည့် ဥပဒေသစ်တစ်ရပ်ကို အီရန်ပါလီမန်က ယနေ့အတည်ပြုခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ်နျူကလီးယားသဘောတူစာချုပ်တွင် ယူရေနီယံသတ္တုရှာဖွေစုဆောင်းမှုကို ၃ ဒသမ ၆၇ ရာခိုင်နှုန်းသာ လုပ်ဆောင်ရန် အီရန်နိုင်ငံအား ခွင့်ပြုထားသည်။ အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများကို နှစ်လအတွင်း ပြန်လည်ရုပ်သိမ်းမှုမရှိပါက အီရန်အစိုးရက ယူရေနီယံရှာဖွေစုဆောင်းမှုကို ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်လုပ်ဆောင်ရန် ယခုအတည်ပြုခဲ့သည့် ဥပဒေတွင် ပါရှိသည်။

အီရန်သမ္မတ ရိုဟာနီက အဆိုပါဥပဒေကို ယခင်က ပြဋ္ဌာန်းရန် သဘောတူညီမှု မရှိခဲ့သော်လည်း မကြာသေးမီက အီရန်ထိပ်တန်းနျူကလီးယားသိပ္ပံပညာရှင် မိုဆန်ဖာခရီဇာဒက် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရပြီးနောက် အဆိုပါဥပဒေကို သဘောတူညီခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မိုဆန်ဖာခရီဇာဒက်သည် အီရန်နျူကလီးယားလုပ်ငန်းစဉ်အတွက် အဓိကအရေးပါသူတစ်ဦးဖြစ်သည်။ အီရန်၏ နျူကလီးယားလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်မှုများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက်သာဖြစ်သည်ဟု အီရန်အစိုးရက အခိုင်အမာပြောကြားသည်။

သို့သော် အီရန်နိုင်ငံ၏ နျူကလီးယားအရေးဆောင်ရွက်မှုကြောင့် အနောက်နိုင်ငံများက အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ထားလျက်ရှိသည်။

**ကိုးကား - ဘီဘီစီ၊ ဘာသာပြန် - အောင်ကျော်ကျော်**

## ပြင်သစ်သမ္မတဟောင်း ဗယ်လာရီဂစ်ကတ် ကိုဗစ်-၁၉ ရောဂါကြောင့် ကွယ်လွန်

**ပါရီ ဒီဇင်ဘာ ၃**
ပြင်သစ်နိုင်ငံသမ္မတဟောင်း ဗယ်လာရီဂစ်ကတ်ဒီအက်စတိုင်းသည် ယမန်နေ့ နှောင်းပိုင်းက ကိုဗစ်-၁၉ ရောဂါကြောင့် ကွယ်လွန်သွားခဲ့ကြောင်း သိရသည်။

နှလုံးရောဂါဝေဒနာကြောင့် ပြီးခဲ့သည့်လအတွင်း အကြိမ်များစွာ ဆေးရုံတက်ခဲ့ရပြီး ဗယ်လာရီသည် လွိုင်ရီဒေသရှိ နေအိမ်၌ ယမန်နေ့တွင် ကွယ်လွန်သွားခဲ့သည်။

ဗယ်လာရီက ဆိုရှယ်လစ်ပြိုင်ဘက် ဖရန်ကွိုင်မစ်တာရန်းအား အနိုင်ရရှိကာ အသက် ၄၈ နှစ်အရွယ် ၁၉၇၄ ခုနှစ်တွင် သမိုင်းတစ်လျှောက် အသက်အငယ်ဆုံးသမ္မတ ဖြစ်လာခဲ့သည်။ ဗယ်လာရီသည် ပြင်သစ်နိုင်ငံကို ခေတ်မီနိုင်ငံတစ်ခုအဖြစ် တည်ဆောက်ပေးခဲ့ကြောင်း ဥရောပသမဂ္ဂ၏ ဘရက်ဆစ်ဆိုင်ရာ ညှိနှိုင်းရေးမှူးချုပ် မိုက်ကယ်ဘာနီယာက ပြောသည်။

ဗယ်လာရီက အမေရိကန်နိုင်ငံနှင့် ခိုင်မာသောဆက်ဆံရေး တည်ဆောက်ရမည်ဟု ယုံကြည်သူတစ်ဦးဖြစ်သည်။ ဗယ်လာရီက ၁၉၅၉ ခုနှစ်တွင် နိုင်ငံရေးလောကသို့ ဝင်ရောက်လာခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

**ကိုးကား - ဗန်ကောက်ပို့စ်၊ ဘာသာပြန် - ကျော်ထိုက်စိုး**

## တီဂရေးဒေသသို့ အကူအညီပေးရေး အီသီယိုးပီးယားနိုင်ငံနှင့် ကုလသမဂ္ဂတို့ကြား သဘောတူညီမှုရရှိ

**နယူးယောက် ဒီဇင်ဘာ ၃**
အီသီယိုးပီးယားနိုင်ငံရှိ ပြည်တွင်းစစ်ဖြစ်ပွားနေသည့် တီဂရေးဒေသသို့ အကူအညီများပေးအပ်သွားရန် အီသီယိုးပီးယားအစိုးရနှင့် ကုလသမဂ္ဂတို့ကြား သဘောတူညီချက် ရရှိခဲ့ပြီဖြစ်ကြောင်း ကုလသမဂ္ဂအရာရှိများ၏ ပြောကြားချက်ကို ကိုးကား၍ ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

"သဘောတူညီချက်အရ ကုလသမဂ္ဂအနေနဲ့ တီဂရေးနယ်မြေအတွင်း ထောက်ပံ့မှုတွေ ပေးအပ်နိုင်တော့မှာဖြစ်ပါတယ်။ ဒေသတစ်ခုလုံးမှာရှိတဲ့ အကူအညီလိုအပ်နေတဲ့ တစ်ဦးချင်းစီတိုင်းအတွက် ထောက်ပံ့မှုတွေ အသေအချာရရှိဖို့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီ၏ တာဝန်ရှိသူ မစ္စတာ အိုချာက ဆိုသည်။



အီသီယိုးပီးယားအစိုးရတပ်နှင့် တီဂရေးလူမျိုးစုတပ်ဖွဲ့တို့ကြား လနှင့်ချီသည့် တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီးနောက် လူသန်းပေါင်းများစွာတို့မှာ အစားအစာနှင့် ဆေးဝါးပြတ်လပ်မှုတို့ကို ကြုံတွေ့နေရပြီဖြစ်သည်။ တီဂရေးဒေသရှိ အရေးပေါ်အကူအညီလိုအပ်နေသူများတွင် စစ်မှုမထမ်းမနေရစနစ်နှင့် ညှဉ်းပန်းနှိပ်စက်မှုများကြောင့် အိမ်နီးချင်း အဲရီထရီယာဒေသမှ တီဂရေးတွင် လာရောက်ခိုလှုံနေသူများလည်း ပါဝင်နေသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း တီဂရေးဒေသ၏ မြို့တော်မီခီလီကို သိမ်းပိုက်ထားနိုင်ပြီဖြစ်ကြောင်း အစိုးရဘက်က ကြေညာခဲ့သော်လည်း မြို့တော်အနီးဝန်းကျင်တွင် နှစ်ဖက်တပ်များကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ပဋိပက္ခကြောင့် လူသောင်းနှင့်ချီ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး အများစုမှာ ဆူဒန်နိုင်ငံသို့ ထွက်ပြေးခိုလှုံခဲ့ကြရသည်။

**ကိုးကား - ဘီဘီစီ၊ ဘာသာပြန် - မေလွဲ့သင်း**

# အာဂျင်တီးနား၌ ကျန်းမာရေးဝန်ထမ်း ၆၀၀၀၀ ကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**ဗျူနိုအေးရိစ် ဒီဇင်ဘာ ၃**

အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှ စ၍ ယနေ့အထိ ကျန်းမာရေးဝန်ထမ်း ၆၀၁၄၅ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီး ၎င်းတို့အနက် ၃၆၂ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ ကာလာဗစ်ဇော့တီက ပြောကြားသည်။

အာဂျင်တီးနားအစိုးရသည် ဆရာဝန်နေ့ အထိမ်းအမှတ်ကို ယနေ့တွင် ကျင်းပပြီး ယင်းအထိမ်းအမှတ်ပွဲတော်ကြီးသည် နိုင်ငံတော်အတွက် အလွန်ထူးမြတ်သော နေ့တစ်နေ့နှင့် နှစ်တစ်နှစ်ပင်ဖြစ်ကြောင်း ဗစ်ဇော့တီက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားသည်။

ယခုဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကို တုံ့ပြန်ဆောင်ရွက်ရာတွင် အသက်ပေးဆပ်ခဲ့ရသည့် ကျန်းမာရေးဝန်ထမ်းများအား အာဂျင်တီးနားကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုရန်နှင့် ဦးစားပေးအစီအစဉ်များ ဆောင်ရွက်ပေးရန် မိမိတို့အနေဖြင့် ဆန္ဒရှိပါကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

အာဂျင်တီးနားနိုင်ငံ၌ ယခုနှစ် မတ် ၃ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုစတင်တွေ့ရှိခဲ့ပြီး ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၄၃၂၅၇၀ ရှိကာ ၎င်းတို့အနက် ၃၈၉၂၈ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**




# ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း AstraZeneca ကိုဗစ်ကာကွယ်ဆေး အလုံးရေ ၁၅ သန်း ဘရာဇီးနိုင်ငံ ရရှိမည်

**ဆော်ပေါလို ဒီဇင်ဘာ ၃**

အောက်စဖို့ဒ်တက္ကသိုလ်နှင့် AstraZeneca ကုမ္ပဏီထုတ် ပထမအသုတ် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ ၁၅ သန်းကို လာမည့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ဘရာဇီးနိုင်ငံသို့ ပို့ဆောင်မည်ဟု ကျန်းမာရေးဝန်ကြီး အက်ကွာဒိုပါဇွဲလိုက ပြောကြားသည်။

"လာမယ့် ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလအတွင်း AstraZeneca နဲ့ အောက်စဖို့ဒ်တက္ကသိုလ်ထုတ် ကိုဗစ်ကာကွယ်ဆေး အလုံးရေ ၁၅ သန်း ဘရာဇီးနိုင်ငံကို ရောက်ပါမယ်။ ကိုဗစ်ကာကွယ်ဆေးအလုံးရေ စုစုပေါင်း သန်း ၁၀၀ ကို ပထမခြောက်လအတွင်း ဘရာဇီးနိုင်ငံသို့ ပေးပို့မှာဖြစ်ပါတယ်" ဟု အက်ကွာဒိုက လွှတ်တော်သို့ ပြောကြားသည်။ ထုတ်လုပ်မှုနည်းပညာ လွှဲပြောင်းပေးမှုနှင့်အတူ Fiocruz ကုမ္ပဏီက လာမည့်နှစ် ဒုတိယနှစ်ဝက်အတွင်း ဘရာဇီးနိုင်ငံ၌ ကိုဗစ်ကာကွယ်ဆေး အလုံးရေ သန်း ၁၆၀ ထုတ်လုပ်မည်ဟု ၎င်းက ပြောသည်။

ကိုဗစ်ကာကွယ်ဆေး အလုံးရေ သန်း ၂၆၀ က ဘရာဇီးပြည်သူများကို ကာကွယ်ဆေး နှစ်ကြိမ် ထိုးပေးရန် လုံလောက်မည်ဖြစ်သည်။ AstraZeneca ကုမ္ပဏီနှင့် သဘောတူညီချက်အရ ဘရာဇီးဗဟိုအစိုးရက ဒေါ်လာ ၉၇ သန်း အကုန်အကျခံ၍ ကာကွယ်ဆေး အလုံးရေ သန်း ၃၀ ဝယ်ယူမည်ဖြစ်သည်။

**ကိုးကား-စပွတ်ညစ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**



# ဘရာဇီး၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ တစ်သိန်းခုနစ်သောင်းကျော်ရှိလာ

**ဆော်ပေါလို ဒီဇင်ဘာ ၃**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူ ၆၉၈ ဦးရှိခဲ့ရာ နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ ၁၇၄၅၁၅ ဦးရှိလာခဲ့ကြောင်း ဘရာဇီးနိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၉၈၆၃ ဦးအထိ ရှိခဲ့ခြင်းကြောင့် ကူးစက်ခံရသူစုစုပေါင်း ၆၄၃၆၆၅၀ အထိ ရှိလာခဲ့ကြောင်းလည်း သိရသည်။

လက်ရှိတွင် ဘရာဇီးနိုင်ငံသည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် အမေရိကန်နိုင်ငံ နောက်တွင် ဒုတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး ကူးစက်မှုတွင်မူ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နောက်တွင် တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားရာ ဆော်ပေါလိုပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၅၉၇၀၄ ဦးအထိရှိခဲ့ကာ သေဆုံးသူစုစုပေါင်း ၄၂၄၅၆ ဦးအထိရှိခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၆၄၉၈၀၅၁၃ | ဦး |
| သေဆုံးသူ | ၁၅၀၂၂၀ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၄၅၀၆၈၃၅၃ | ဦး |

# အမေရိကန် လူဦးရေသန်း ၁၀၀ ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးဖြစ်နေရန် စီစဉ်

**ဝါရှင်တန် ဒီဇင်ဘာ ၃**

အမေရိကန်ပြည်ထောင်စုအနေဖြင့် လာမည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကုန်ကာလမှာပင် ပြည်သူ သန်း ၁၀၀ ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးပြီးဖြစ်နေစေရန် မျှော်မှန်းထားကြောင်း ကျန်းမာရေးထိပ်တန်းအရာရှိ မွန်ဆပ်ဖ်က ဆိုသည်။

အရွယ်ရောက်ပြီး အမေရိကန်လူဦးရေ၏ ၄၀ ရာခိုင်နှုန်းရှိသော လူဦးရေသန်း ၁၀၀ ကို ဒီဇင်ဘာလလယ်မှစ၍ နှစ်လခွဲကာလအတွင်းမှာပင် ကာကွယ်ဆေးထိုးပေးပြီးဖြစ်နေစေရန် အစီအစဉ်ချမှတ်လာခြင်းဖြစ်သည်။

ဒီဇင်ဘာလတွင် လူဦးရေ သန်း ၂၀၊ ဇန်နဝါရီလတွင် သန်း ၃၀ နှင့် ဖေဖော်ဝါရီလအတွင်း သန်း ၅၀ ထိုးပေးရန် စီစဉ်ထားသည်။ ဒီဇင်ဘာလအတွင်း ပထမအသုတ်အဖြစ် ရရှိလာမည့် ကိုဗစ်ကာကွယ်ဆေးကို စောင့်ရှောက်ရေးဂေဟာများရှိ သက်ကြီးရွယ်အို သုံးသန်းနှင့် ကျန်းမာရေးဝန်ထမ်းများကို ဦးစားပေးအနေဖြင့် ထိုးပေးမည်ဖြစ်သည်။

အမေရိကန်နိုင်ငံထုတ် Pfizer နှင့် Moderna ဆေးနှစ်မျိုးစလုံးမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို ၉၀ ရာခိုင်နှုန်းကျော် ကာကွယ်နိုင်ကြောင်း ထုတ်ပြန်ထားပြီးဖြစ်သော်လည်း အစားအစာနှင့်ဆေးဝါးကွပ်ကဲရေးအဖွဲ့က အကြံပေးကော်မတီအစည်းအဝေး ကျင်းပမည့် ဒီဇင်ဘာ ၁၀ ရက် မတိုင်မီ Pfizer ဆေးကို အတည်ပြုရန် အစီအစဉ်မရှိသလို Moderna ဆေးအတည်ပြုမှုကို ဒီဇင်ဘာ ၁၇ ရက်မှသာ ဆောင်ရွက်မည်ဖြစ်သည်။ ပထမဆုံး ကာကွယ်ဆေးထိုးပေးမှုကို ဒီဇင်ဘာ ၁၅ ရက်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-မေလွဲ့သင်း**

# အင်္ဂလန်၌ အသွားအလာကန့်သတ်ချက်များ ဖြေလျှော့ပြီး ဂျာမနီ၌ ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များ ရက်တိုးသတ်မှတ်

**လန်ဒန် ဒီဇင်ဘာ ၃**

အင်္ဂလန်၌ အသွားအလာကန့်သတ်ထားမှုကို ဒီဇင်ဘာ ၂ ရက်မှ စတင်ကာ ဖြေလျှော့လိုက်ပြီဖြစ်သော်လည်း ဂျာမနီနိုင်ငံ၌ အသွားအလာကန့်သတ်ချက်များကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၀ ရက်အထိ ရက်တိုးသတ်မှတ်ရန် ဆုံးဖြတ်လိုက်သည်။

အင်္ဂလန်၌ ဒုတိယအကြိမ် အသွားအလာကန့်သတ်ခြင်းကို နိုဝင်ဘာ ၅ ရက်မှစပြီး လေးပတ်ကြာ ချမှတ်ခဲ့ရာ ကန့်သတ်ရက်ကာလပြည့်မြောက်ချိန်တွင် ပြန်လည်ဖြေလျှော့ပေးခဲ့သည်။ ဗြိတိန်သည် ယမန်နေ့တွင် Pfizer ဆေးကို အတည်ပြုခဲ့သလို လာမည့်ရက်သတ္တတစ်ပတ်အတွင်းမှာပင် ပြည်သူများကို ကာကွယ်ဆေး စတင်ထိုးပေးတော့မည်ဖြစ်သည်။

ကာကွယ်ဆေးမရရှိမီ သီတင်းတစ်ပတ်အလိုမှာပင် မရှိမဖြစ်ကုန်အမျိုးအစားမဟုတ်သည့် အဝတ်အထည်ဆိုင်များ၊ ကုန်ပဒေသာဆိုင်များကို ပြန်လည်ဖွင့်လှစ်ခွင့်ပေးခဲ့ခြင်းကြောင့် လန်ဒန်မြို့လယ်ကောင်တွင် လူစုလူဝေးဖြစ်သည်အထိ စည်ကားလျက်ရှိသည်။

ဂျာမနီနိုင်ငံကမူ ခရစ္စမတ်နှင့် နှစ်သစ်ကူးကာလများတွင် ကိုဗစ်-၁၉ ကူးစက်မှုနှုန်းမြင့်တက်မည်ကို တားဆီးရန်အတွက် ကန့်သတ်ချက်များကို ဇန်နဝါရီ ၁၀ ရက်အထိ ငါးပတ်ကြာ သက်တမ်းထပ်တိုးရန် ဆုံးဖြတ်ခဲ့သည်။ ဂျာမနီ အဓိပတိ မာကယ်၏ အဆိုပါဆုံးဖြတ်ချက်မှာ ကန့်သတ်ချက်များကို ဒုတိယအကြိမ် သက်တမ်းထပ်မံတိုးခြင်းလည်း ဖြစ်လာခဲ့သည်။

စားသောက်ဆိုင်များ၊ ဘားများအပြင် မရှိမဖြစ် ပစ္စည်းအရောင်းဆိုင်များမှအပ ကျန်အမျိုးအစားရောင်းချသည့် ဆိုင်များအားလုံးကို ကန့်သတ်ကာလအထိ ပိတ်ထားမည်ဖြစ်သည်။ ဂျာမနီနိုင်ငံ၌ နိုဝင်ဘာလကတည်းက နေ့စဉ်ဗိုင်းရပ်စ်ကူးစက်သူ နှစ်သောင်းနှင့်အထက်ရှိနေပြီး ဒီဇင်ဘာ ၂ ရက်တစ်ရက်တည်းမှာပင် ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ ၄၈၇ ဦးရှိခဲ့ရာ အဆိုပါ သေဆုံးသူဦးရေမှာ ဂျာမနီနိုင်ငံအတွက် စံချိန်သစ်ဖြစ်လာခဲ့ကြောင်း သိရသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-မေလွဲ့သင်း**



အသွားအလာကန့်သတ်မှုများဖြေလျှော့ပေးပြီး တစ်နာရီအကြာမှာပင် လန်ဒန်မြို့ရှိ မြောက်ဆက်ကူလာလမ်းတွင် ယာဉ်ကြောပိတ်ဆို့မှုများ တွေ့ရစဉ်။

# ယခုနှစ် ၁၁ လအတွင်း လူကုန်ကူးခံရသူ ၁၆၀ ရှိသည့်အနက် အမျိုးသမီးငယ် ၃၇ ဦးပါဝင်

**ရန်ကုန် ဒီဇင်ဘာ ၃**

ယခုနှစ် ၁၁ လအတွင်း လူကုန်ကူးမှု ၁၀၆ မှု ဖြစ်ပွားပြီး လူကုန်ကူးခံရသူ ၁၆၀ ရှိသည့်အနက် အမျိုးသမီးငယ် ၃၇ ဦး ပါဝင်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ သိရသည်။

အဆိုပါ လူကုန်ကူးမှုများမှာ ဇန်နဝါရီလတွင် ၁၅ မှု၊ ဖေဖော်ဝါရီလတွင် ခုနစ်မှု၊ မတ်လတွင် ကိုးမှု၊ ဧပြီလ တွင် ခြောက်မှု၊ မေလတွင် ခြောက်မှု၊ ဇွန်လတွင် ၁၅ မှု၊ ဇူလိုင်လတွင် ၁၄ မှု၊ ဩဂုတ်လတွင် ၁၆ မှု၊ စက်တင်ဘာလ တွင် ခြောက်မှု၊ အောက်တိုဘာလတွင် လေးမှုနှင့် နိုဝင်ဘာလတွင် ရှစ်မှု ဖြစ်ပွားခဲ့သည်။ ယင်းအမှုများတွင် လူကုန်ကူးမှု ကျူးလွန်သူပေါင်း ၂၉၆ ဦး ဖမ်းဆီးရမိပြီး လူကုန်ကူးခံရသူပေါင်း ၁၆၀ ရှိခဲ့သည်။

အဆိုပါ လူကုန်ကူးမှုများတွင် အဓမ္မလက်ထပ်မှု၊ အဓမ္မပြည့်တန်ဆာပြုမှုနှင့် အဓမ္မလုပ်အားခိုင်းစေမှုတို့ ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်၊ ထိုင်း၊ မလေးရှား နှင့် ပြည်တွင်း၌ပင် လူကုန်ကူးခံရခြင်းဖြစ်ကာ အများစုမှာ တရုတ်နိုင်ငံသို့ အဓမ္မလက်ထပ်မှုဖြစ်ကြောင်း လူကုန်ကူး မှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သိရသည်။

လူကုန်ကူးမှု ၁၀၆ မှုအနက် တရုတ်နိုင်ငံတွင် အဓမ္မ လက်ထပ်မှု ၇၉ မှု၊ ပြည်တွင်းတွင် အဓမ္မလက်ထပ်မှု နှစ်မှု၊ ထိုင်းတွင် အဓမ္မလက်ထပ်မှု တစ်မှု၊ ပြည်တွင်းတွင် အဓမ္မ ပြည့်တန်ဆာပြုမှု ၁၂ မှု၊ ပြည်တွင်းတွင် အဓမ္မလုပ်အား ခိုင်းစေမှု ခုနစ်မှု၊ မလေးရှားတွင် အဓမ္မလုပ်အား ခိုင်းစေမှု နှစ်မှု၊ ထိုင်းတွင် အဓမ္မပြည့်တန်ဆာပြုမှု တစ်မှု၊ တရုတ် တွင် အဓမ္မလုပ်အားခိုင်းစေမှု တစ်မှုနှင့် တရုတ်တွင် အဓမ္မ အငှားကိုယ်ဝန်ဆောင်မှု တစ်မှုတို့ဖြစ်သည်။

လူကုန်ကူးခံရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် များမှာ ရှမ်းပြည်နယ်တွင် ၃၅ မှုဖြင့် အများဆုံးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ၂၉ မှုဖြင့် ဒုတိယအများဆုံး ဖြစ်ကာ မန္တလေးတိုင်းဒေသကြီးတွင် ၁၀ မှုဖြင့် တတိယ အများဆုံးဖြစ်ကြောင်း၊ ကချင်ပြည်နယ်တွင် ကိုးမှု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ခုနစ်မှု၊ ပဲခူးတိုင်းဒေသကြီး တွင် ခြောက်မှု၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီ တိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် နှစ်မှုစီ၊ ရခိုင် ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း ဒေသကြီးတို့တွင် တစ်မှုစီဖြစ်ကြောင်း သိရသည်။

ငြိမ်းငြိမ်း




# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃**

တရားမဝင်ကုန်စည်များ တားဆီး ထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်း ချောင် အမြဲတမ်းစစ်ဆေးရေးစခန်း တို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ ဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန် နေ့တွင်မန္တလေး-မူဆယ်ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ် ပို့ကုန် ၃၆၆ စီး၊ သွင်းကုန် ၁၆၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှု ယာဉ် သွင်းကုန် ၁၄၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများ ကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက် လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် သုည ဒသမ ၅၃၂ သန်း) တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိ သော အကောက်ခွန်မဲ့ ကုန်ပစ္စည်း ဖြစ်သည့် B&P Soap(1 x 2) (140 U) အား သိမ်းဆည်းရမိခဲ့ကြောင်း သိရ သည်။

သတင်းစဉ်



မင်းကိုကိုထွန်း(ခ)မင်းမင်း၊ ခန့်မင်းသူ(ခ)ဖိုးဒါး၊ စောချစ်ထူး(ခ) စောကူချောတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ လက်နက်/ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

# မြစ်ကြီးနားနှင့်မြဝတီမြို့တို့၌ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂ ရက် ညနေ ၅ နာရီ ၅ မိနစ်တွင် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ဆွမ်ပရာဘွမ် လမ်းပေါ်တွင် မယိန်းနမ်(ခ) ဟန်နီမော် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ် ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀ ကိုလည်းကောင်း၊ ထို့အတူယင်းနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်း ရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မြဝတီမြို့ အမှတ်(၄) ရပ်ကွက်နေ မင်းကိုကိုထွန်း(ခ) မင်းမင်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၈၀၀ ကိုလည်းကောင်း၊ ကွင်းဆက်အရ အဆိုပါနေအိမ်သို့ရောက်ရှိ လာသည့် ခန့်မင်းသူ(ခ) ဖိုးဒါးနှင့် စောချစ်ထူး(ခ) စောကူချောတို့အား စစ်ဆေး ရှာဖွေရာ ခန့်မင်းသူ(ခ) ဖိုးဒါးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၂၀၊ ၉ မမ ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ခြောက်တောင့်တို့ကို ထပ်မံ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ပြည်ကြီးတံခွန်မြို့နယ်အတွင်း လူသတ်မှုကျူးလွန်ခဲ့သူနှင့်အဖွဲ့အား ဖမ်းဆီးရမိ

**မန္တလေး ဒီဇင်ဘာ ၃**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (ဇ)ရပ်ကွက် (၅၃) လမ်းနှင့် မင်္ဂလာလမ်းထောင့်တွင် နိုဝင်ဘာ ၂၉ ရက် ည ၉ နာရီခန့်က ဝင်းထက်အောင် (ခ) ချစ်ကောင်း သတိမေ့မြောနေသဖြင့် ဆေးရုံသို့ တင်ပို့ခဲ့ကြောင်း တရားလို ကိုဟိန်းစိုးအောင်(ခ) ကုလားလေးက လာရောက်တိုင်တန်းသဖြင့် စက်မှုနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးစဉ် ဝင်းထက်အောင် (ခ) ချစ်ကောင်းမှာ ဆေးရုံတွင် သေဆုံးသွားခဲ့သည်။

လူသတ်မှုကျူးလွန်ရာတွင် ပါဝင်သူများအား အမြန်ဆုံး ဖမ်းဆီးနိုင်ရေးအတွက် မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုင်းလှထူး၏ လမ်းညွှန်မှာကြားချက်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနေမျိုးအောင်က အနီးကပ်ကြီးကြပ်ကွပ်ကဲ၍ စခန်းမှူး ရဲအုပ်ဝင်းမင်းသန့်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ပြည့်ဖြိုးသူနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များက လိုက်လံစစ်ဆေးဖော်ထုတ်ခဲ့ရာ အခင်းဖြစ်စဉ် အချိန်ကပါဝင်ခဲ့ပြီး အပြန်အလှန်ရန်ဖြစ်ခဲ့ကြ သည့် ဘိုဘို(ခ)အောင်ဇင်ထွန်း၊ ကြောင်ကိုက်(ခ) ချစ်လင်းဦး၊ ဇော်မျိုးနိုင်၊ နေလင်းအောင်၊ အောင်မျိုးထက်(ခ) အောင်မျိုးဦး၊ ဝေဠုကျော်(ခ) တော်ကီ၊ ချမ်းမြေ့ဦး၊ ရဲဇော်ဦးတို့အား ဖမ်းဆီးရမိခဲ့ သည်။ ၎င်းတို့အား သက်သေများနှင့်အတူ စစ်မေး ခဲ့ရာ နှစ်ဖက်အဖွဲ့ အပြန်အလှန် ရန်ဖြစ်စဉ် ဇော်မျိုးနိုင်၊ နေလင်းအောင်တို့ ရောက်ရှိလာပြီး ဝင်းထက်အောင်(ခ)ချစ်ကောင်းအား ဓားဖြင့်ခုတ် ခြင်း၊ လက်သီးဖြင့် ထိုးခြင်းများ ပြုလုပ်ခဲ့ကြောင်း စစ်ဆေးဖော်ထုတ် သိရှိရသဖြင့် ဖမ်းဆီးရမိသည့် ပြစ်မှုကျူးလွန်သူ ဇော်မျိုးနိုင်ပါ ရှစ်ဦးအား ဥပဒေ နှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း စက်မှုနယ်မြေရဲစခန်းမှ သိရသည်။

မန်းကိုယ်ပွား

# မောင်တောမြို့နယ် ဂုံးနားရွာ၌ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွား

**မောင်တော ဒီဇင်ဘာ ၃**

မောင်တောမြို့ မြို့မတောင်ရပ်ကွက်၌ ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က နေအိမ်တစ်လုံးမီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဂုံးနားကျေးရွာနေ ဦးရှောင်ရှုအာလောင်၏ နေအိမ် မီးဖိုမှတစ်ဆင့် အနီးရှိ ဝါးထရံသို့ မီးကူးစက်လောင်ကျွမ်းခဲ့ရာ နေအိမ် တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုကြောင့် အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး မီးလောင်ဒဏ်ရာများရရှိခဲ့သဖြင့် မောင်တောပြည်သူ့ ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ ဦးရှောင်ရှုအာလောင်အား မောင်တော မြို့နယ် ပြင်ဖြူနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။



သက်လွင်စိုး
(ခရိုင်ပြန်/ဆက်)

# မုဒုံမြို့နယ်၌ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွား

**မုဒုံ ဒီဇင်ဘာ ၃**

မွန်ပြည်နယ် မုဒုံမြို့နယ် မြို့မ(၄) ရပ်ကွက် စိန်ချယ်လမ်းသွယ်ရှိ နေအိမ်၌ ယနေ့နံနက် ၉ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဦးစိုး၏နေအိမ်တွင် ငှားရမ်းနေထိုင်သည့် ဒေါ်မိလှသင်း သည် ထင်းမီးဖိုတွင် ထမင်းအိုး တည်ထားရာမှ ဘေးတွင် လှန်းထားသော အဝတ်စအား မီးစွဲပြီး ကူးစက် လောင်ကျွမ်းခဲ့သည်။ မီးလောင် မှုကြောင့် နေအိမ်တစ်လုံး ဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ မီးလောင်မှုနှင့်ပတ်သက် ၍ မုဒုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

အောင်မျိုးသူ
(ပြန်/ဆက်)

# တာမွေမြို့နယ်၌ ကားမီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် တာမွေလေးရပ်ကွက် လေးထောင့်ကန် လမ်းမကြီးပေါ်၌ ယနေ့ နံနက် ၉ နာရီ မိနစ် ၄၀ က တာမွေမြို့နယ်မှ သဃ်န်းကျွန်းမြို့နယ်သို့ မောင်းနှင်လာသော ဟိုက်ဂျက်ယာဉ်အတွင်းရှိ စပီကာနှင့် ဘက်ထရီ သွယ်တန်းထားသောဝိုင်ယာကြိုး အပူလွန်ကဲရာမှ ကားမီး လောင်မှုဖြစ်ပွားခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း တာမွေမြို့နယ် မီးသတ်စခန်းမှ သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့မီးငြိမ်းသတ်ယာဉ် တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဦးမောင်မောင်မျိုးအား ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

# နိုင်ငံတော်သြဝါဒါစရိယ မြောင်မြို့ ကူဖြူကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တလက္ခဏာသာမိ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် ဒီဇင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့ မြို့သစ်ရပ်ကွက် ကူဖြူကျောင်းတိုက် ဦးစီးပဓာန နာယက နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တလက္ခဏာသာမိ မဟာထေရ်မြတ်ကြီးသည် သက်တော် (၈၉)နှစ်၊ သိက္ခာတော် (၆၉)ဝါအရ ၁၃၈၂-ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် (၁)ရက်၊ (၃၀-၁၁-၂၀၂၀)၊ တနင်္လာနေ့ ည(၂၂:၀၃)နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပန သာဓုကီဠန အခမ်းအနားကို (၄-၁၂-၂၀၂၀)ရက်နေ့ သောကြာနေ့တွင် အဆိုပါကျောင်းတိုက်၌ ဆင်ယင်ကျင်းပသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# ရန်ကုန်နည်းပညာတက္ကသိုလ် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများ၏ ဗိသုကာပုံထုတ်လုပ်ရေးဆိုင်ရာ အစည်းအဝေး ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃

ရန်ကုန်နည်းပညာတက္ကသိုလ် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်ဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများ၏ ဗိသုကာပုံထုတ်လုပ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်အင်းစိန်လမ်းမကြီးရှိ ရန်ကုန်နည်းပညာတက္ကသိုလ် ပင်မဆောင် အောက်ထပ်အစည်းအဝေးခန်းမဆောင်၌ ယမန်နေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။



အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးနှင့် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်း၊ ပါမောက္ခ/ဌာနမှူးများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံဗိသုကာအသင်း၊ ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့၊ ရန်ကုန်နည်းပညာတက္ကသိုလ် ကျောင်းသားသမဂ္ဂ ဒုတိယဥက္ကဋ္ဌ ကိုအောင်ကျော်ခန့်နှင့် သမဂ္ဂအမှုဆောင်ကျောင်းသားများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ရန်ကုန်နည်းပညာတက္ကသိုလ် ကျောင်းဝင်းအတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများ အသစ်ဆောက်လုပ်နေသည့် လက်တွေ့စမ်းသပ်ခန်းများကို ဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြပြီး လိုအပ်ချက်များနှင့် တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဉာဏ်ဟိန်း

# မင်းဘူးမြို့နယ်၌ မွေးမြူရေးနှင့်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်မှုပညာ သင်တန်းဖွင့်

မင်းဘူး ဒီဇင်ဘာ ၃

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MPRL E&P ကုမ္ပဏီသည် မင်းဘူး(စကု)မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်းကာ အခြေခံမွေးမြူရေးနှင့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု အတတ်ပညာသင်တန်းကို အောက်ကျောင်းကျေးရွာတွင် ယမန်နေ့ နံနက်ပိုင်းက ဖွင့်လှစ်ပို့ချခဲ့သည်။



အဆိုပါသင်တန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကြိုတင်ကာကွယ်ရေးအစီအမံများဖြင့် ဒီဇင်ဘာ ၂ရက် မှ ၄ ရက်အထိ သုံးရက်တာ ပို့ချသွားမည်ဖြစ်သည်။ သင်တန်းတွင် မင်းဘူး (စကု) မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာအောင်မြင့်နှင့် ဒုတိယဦးစီးမှူး ဒေါက်တာအိအိဆွေအောင်တို့က ကျွဲ၊ နွား၊ ဆိတ်၊ ဝက်နှင့် တိုင်းရင်းကြက် မွေးမြူထုတ်လုပ်နည်း၊ တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုနှင့် မေထုန်မဲ့သားစပ်နည်း စသည့် မွေးမြူရေးဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချလျက်ရှိသည်။

သင်တန်းသို့ မန်းရေနံမြေ ထိစပ်ကျေးရွာ ၁၀ ရွာမှ သင်တန်းသား ၂၆ ဦးတက်ရောက်လျက်ရှိပြီး သင်တန်းပြီးစီးအောင်မြင်ပါက ဒေသတွင်း အရင်းအမြစ်များကို အသုံးပြု၍ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ လုပ်ကိုင်နိုင်ရုံသာမက ကုန်ကျစရိတ် လျှော့ချနိုင်ခြင်းနှင့် ဒေသခံများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စဉ်ဆက်မပြတ်တိုးတက်ဖြစ်ထွန်းရေးကို အထောက်အကူပြုနိုင်မည် ဖြစ်သည်။

သတင်းစဉ်

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ခေါင်းလျှော်ရည်နှင့် ဆပ်ပြာချက်လုပ်နည်းသင်တန်းဖွင့်



ရေတာရှည် ဒီဇင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ကိုယ်ပိုင်အတတ်ပညာဖြင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ခေါင်းလျှော်ရည်နှင့် ဆပ်ပြာချက်လုပ်နည်းသင်တန်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကြံသနွယ်အုပ်စု နန်ချွန် (အနောက်ရွာ)ရှိ စာသင်ကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

### သင်ထောက်ကူပစ္စည်းများ ပေးအပ်

အခမ်းအနားတွင် တောင်ငူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးဌာနမှူး ဦးရန်နိုင်ညွန့်က သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။ ခုနစ်ရက်ကြာမြင့်မည့်သင်တန်းသို့ ကျေးရွာအသီးသီးမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

# နိုင်ငံတော်သြဝါဒါစရိယ စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့ မြို့သစ်ရပ်ကွက် ကူဖြူကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တလက္ခဏာသာမိ၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း



ဆရာတော် လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် မကျီးစုရွာ ခမည်းတော် ဦးပျိုင်+ မယ်တော် ဒေါ်မယ်တော်တို့မှ ၁၂၉၄ - ခုနှစ် နယုန်လဆန်း(၅)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် မကျီးစုရွာကျောင်း ဆရာတော် ဘဒ္ဒန္တဝိဇယ ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ၁၃၀၅-ခုနှစ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၃- ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်နေ့တွင် မြောင်မြို့နယ် မကျီးစုရွာကျောင်း ခဏ္ဍသိမ်၌ ရွှေကူကျောင်းဆရာတော်ဘဒ္ဒန္တတိဿကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်း အဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်သည် မြောင်မြို့နယ်၊ မကျီးစုရွာကျောင်းဆရာတော် ဦးဝိဇယ၊ ဦးကုလ္လာစာရ၊ ခင်မွန်သိင်္ဂါရုံရွှေကျင်ကျောင်းဆရာတော် ဦးစန္ဒောဘာသ၊ ချောင်းဦးမြို့၊ ဓမ္မာရုံကျောင်းဆရာတော် ဦးမာနိတ၊ တိုက်အုပ်ဆရာတော် ဦးပဏ္ဍိဝ၊ ဦးဝရသာမိ၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်ပဋ္ဌာန်း ဆရာတော် ဦးဝိသုဒ္ဓ၊ ဦးဝိစိတ္တာဘိဝံသ၊ ဦးကောလေး၊ မိုးကောင်းတိုက် ဝါးတန်းစာချကျောင်းဆရာတော် ဦးဉာဏာဘိဝံသ၊ မြောင်မြို့၊ မြင်တင်ကျောင်းဆရာတော် ဦးကလျာဏ၊ ရွှေသိမ်တော်တောကျောင်း ဆရာတော် ဦးစိတ္တရစသော ဆရာတော်ထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးတော်မူခဲ့ပြီး ဓမ္မာစရိယတန်း သီလက္ခန် တစ်ကျမ်းကို အောင်မြင်တော်မူခဲ့ပါသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ကူဖြူကျောင်းတိုက်တွင် ရဟန်း၊ သာမဏေများကို အခြေခံမှစ၍ ဝိနည်း၊ သဒ္ဒါ၊ သင်္ဂဟစသော လောကုတ္တရာစာပေများကို သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ဘုရား၊ တန်ဆောင်း၊ ဇရပ်၊ ကျောင်း၊ ကန်များကို အသစ်ပြုပြင်မွမ်းမံ တည်ဆောက်ခြင်း၊ နှစ်စဉ်နှစ်တိုင်း မြောင်မြို့နယ်၊ ကူဖြူကျောင်းတိုက်အတွင်း မဟာစည်ကမ္မဋ္ဌာန်း ဝိပဿနာတရားစခန်းပွဲများကို ဦးဆောင်၍ ဖွင့်လှစ်ခဲ့ခြင်းများ ဆောင်ရွက်တော်မူသည့်အပြင် ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယ တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၉)နှစ်၊ သိက္ခာတော် (၆၉)ဝါအရ ၁၃၈၂-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်၊ (၃၀-၁၁-၂၀၂၀) ရက်နေ့၊ တနင်္လာနေ့ ည (၂၂:၀၃)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပနသာဓုကီဠန အခမ်းအနားကို (၄-၁၂-၂၀၂၀)ရက်နေ့၊ သောကြာနေ့တွင် အဆိုပါ ကျောင်းတိုက်၌ ဆင်ယင်ကျင်းပသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

# ဇန်းမော်ခရိုင်အတွင်း ငါးမွေးမြူရေးလုပ်ငန်းများ စနစ်တကျမွေးမြူနိုင်ရေး ကွင်းဆင်းကြည့်ရှု

ဇန်းမော် ဒီဇင်ဘာ ၃

ကချင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဇန်းမော်ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးမြသိန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ဇန်းမော်မြို့နယ် မန်ရွှတ်ကျေးရွာရှိ ငါးကန်များ စနစ်တကျ စီးပွားဖြစ်မွေးမြူနိုင်ရေးနှင့် စင်းခန်းကျေးရွာ မြလယ်ကွင် ငါးကန်များ တူးဖော်မည့် မြေနေရာအခြေအနေများ၊ ငါးကန်တူးဖော်ခြင်းနှင့် ငါးမွေးမြူခြင်းဆိုင်ရာ နည်းစနစ်များကို ပံ့ပိုးကူညီပေးနိုင်ရေးအတွက် ယမန်နေ့က ကွင်းဆင်းခဲ့ကြောင်း သိရသည်။ အဆိုပါ ကျေးရွာများတွင် လက်ရှိ ငါးမွေးမြူ နေသော်လည်း စနစ်တကျငါးမွေးမြူခြင်း မရှိသေးကြောင်း၊ ငါးမွေးတောင်သူများအား ငါးမွေးမြူခြင်းဆိုင်ရာ အခြေခံနည်းစနစ်များအား သင်တန်းများပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ပြုလုပ်ပေးပြီး အကြံဉာဏ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

**မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ပြောင်းမှုတွင် အဓိကအရေးပါသော အခန်းကဏ္ဍမှာပါဝင်နေသည့် ဒစ်ဂျစ်တယ် ငွေပေးချေမှုစနစ်ကို အသုံးပြုပြီး ဝန်ဆောင်မှုများ မြန်ဆန်လာအောင် ဆောင်ရွက်နိုင်ရန်အတွက် ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒီဇင်ဘာ ၃ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့ရာ ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**ထက်လျှံ**

**အစီအစဉ်မှူး။ ။** မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုတွင် အရေးပါတဲ့ကဏ္ဍမှာ ပါဝင်နေတဲ့ ဒစ်ဂျစ်တယ်စနစ်နဲ့ ငွေပေးချေမှုကို စီးပွားရေးလုပ်ငန်းတွေနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ဘယ်လိုအသုံးပြုပြီး ဆောင်ရွက်နိုင်သလဲဆိုတဲ့ အကြောင်းအရာတွေကို မျှဝေပေးသွားမယ့် ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အစီအစဉ်ကနေ ကြိုဆိုပါတယ်။

ဒီနေ့အစီအစဉ်မှာ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူးချုပ် ဦးဝင်းထက်မောင်မောင်နဲ့ ဖန်တီးရာမှ စွန့်ဦးတီထွင်လုပ်ငန်းများနည်းပြ ဦးစိုးသီဟ တို့က ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံး မေးခွန်းအနေနဲ့ **မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုမှာ ဒစ်ဂျစ်တယ် ငွေပေးချေမှုက အဓိကအရေးပါတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေတဲ့အတွက် ဒစ်ဂျစ်တယ်စနစ်နဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ငွေပေးချေမယ်ဆိုရင် အဓိက အရေးပါပုံတွေက ဘယ်လိုမျိုးတွေ ရှိနေမလဲ** ဆိုတာကို ဦးဝင်းထက်မောင်မောင်က မျှဝေပေးပါဦး။

**ဦးဝင်းထက်မောင်မောင်။ ။** ပထမဆုံးပြောချင်တာက မြန်မာနိုင်ငံ အနေနဲ့ ဒစ်ဂျစ်တယ် Payment တွေကို စတင်ပြီးသုံးလာတာ မကြာသေးဘူး။ အရင်တုန်းက Cash Base Transitions ကို နှစ်တော်တော်ကြာသွားခဲ့ပါတယ်။ ယနေ့တိုင်လည်း ဘဏ်တွေမရှိတဲ့နေရာတွေမှာ Cash Base Transitions နဲ့ သွားလာနေတာက လက်ရှိအထိကို ရှိနေပါတယ်။

ငွေစက္ကူကိုသုံးတဲ့ အလေ့အထတွေက အရင်ကနေ လုပ်လာတာ အခုထိကို လုံးဝမပျောက်မပျက်သေးဘဲ ကျန်နေသေးတဲ့ စနစ်တစ်ခုရှိပါတယ်။ နောက်တစ်ခုက တစ်နေရာနဲ့ တစ်နေရာကို ငွေလွှဲတဲ့နေရာတွေမှာ ဘဏ်ကိုမသုံးဘဲ အခြားကြားခံငွေလွှဲတဲ့စနစ်ကို အသုံးပြုမှုတွေက အများကြီးရှိနေပါသေးတယ်။

**စိတ်ချရတဲ့စနစ်တစ်ခု**

ဒီဟာတွေကို တောက်လျှောက်သုံးခဲ့တဲ့အခါမှာ အဓိကပြဿနာအနေနဲ့ ငွေထုပ်ကြီးသယ်ပြီး ဘဏ်တွေကို သွားပေးရတယ်။ ငွေလွှဲပေးတဲ့နေရာတွေကို သယ်သွားပေးရတယ်။ ပြီးရင် ငွေကို Cash Counting ဆိုတာကို ဦးစားပေးပြီး လုပ်ပေးရတယ်။ ငွေပမာဏ နည်းတယ်ဆိုရင် ပြဿနာမရှိပေမယ့် ငွေပမာဏ သိန်းရာချီ၊ ထောင်ချီ ဖြစ်လာခဲ့ရင် Cash Counting က အများကြီး ပြဿနာရှိနိုင်ပါတယ်။

နောက်တစ်ခုက ဒီငွေတွေကို သယ်သွားတဲ့အခါ လမ်းမှာကြုံတွေ့နိုင်တဲ့ Risk တွေပေါ့နော်။ ဒီငွေစက္ကူ လျော့နည်းတဲ့ ကိစ္စရပ်တွေအပြင် လမ်းမှာ ဓားပြတိုက်ခံရတယ်၊ လုခံရတယ်ဆိုတဲ့ ပြဿနာတွေ အများကြီးရှိနိုင်ပါတယ်။ ဒါတွေအားလုံးကို Digital Economy မှာ Digital Payment ကိုသုံးပြီး လွယ်ကူလျင်မြန်တိကျပြီး စိတ်ချရတဲ့ စနစ်တစ်ခုအနေနဲ့ အသုံးပြုနိုင်တယ်လို့ ကျွန်တော် ပြောချင်ပါတယ်။

နောက်တစ်ခုက ဒစ်ဂျစ်တယ်စနစ်ကိုသုံးခြင်းဖြင့် ကျွန်တော်ပြောသွားခဲ့တဲ့ အခက်အခဲတွေ အများကြီးကို Digital Payment ကနေပြီး Solution တစ်ခုအနေနဲ့ ဖြေရှင်းနိုင်တယ်ဆိုတဲ့အခါ ခုနကပြောတဲ့ Payment ပုံစံမှာရော၊ အရောင်းအဝယ်မှာရော၊ ငွေကြေးဆုံးရှုံးမှုနဲ့ ပတ်သက်တဲ့ ပြဿနာတွေရော အများကြီး လျော့နည်းလာမယ့်အပြင် ဘဏ်ကိုသွားရတဲ့အချိန်တွေ သက်သာလာမယ်၊ ငွေကြေးဆုံးရှုံးမှုတွေ လျော့ကျလာမယ်၊ ဒီအချိန်တွေကနေ တခြားလုပ်ငန်းအတွက် အချိန်တွေ ပိုထွက်လာမယ်၊ နောက်တစ်ခုက သယ်ယူစရိတ်တွေ အပါအဝင် စရိတ်စကတွေကို လျှော့ချနိုင်မယ်၊ နောက်အရေးကြီးတဲ့ အချက်က နေရာဒေသမရွေး Digital Payment ကိုသုံးပြီး ငွေပေးချေမှုတွေပြုလုပ်လာနိုင်တယ်ဆိုတဲ့ အားသာချက်တွေ အများကြီးရှိတဲ့အခါ Digital Payment က ဒစ်ဂျစ်တယ် စီးပွားရေးအတွက်ကို အများကြီး အထောက်အပံ့ဖြစ်တယ်လို့ ကျွန်တော် ပြောချင်ပါတယ်။



ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်တွင် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူးချုပ် ဦးဝင်းထက်မောင်မောင်နှင့် ဖန်တီးရာမှ စွန့်ဦးတီထွင်လုပ်ငန်းများ နည်းပြ ဦးစိုးသီဟတို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

**အစီအစဉ်မှူး။ ။ အခုလက်ရှိမှာ မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ် ငွေပေးချေမှုအနေအထားတွေက ဘယ်လိုပုံစံမျိုးတွေ ဖြစ်နေလဲဆိုတာကို သုံးသပ်ပြောကြားပေးပါဦး။**

**ဦးစိုးသီဟ။ ။** အခုအနေအထားဆိုရင် မြန်မာနိုင်ငံမှာ ၇၀ ရာခိုင်နှုန်းလောက်က ဘဏ်အကောင့် မရှိသေးဘူး။ Unbanked Populations ဖြစ်ပါတယ်။ ငွေပေးချေကတ်တွေ သုံးတာကလည်း ၁၀ ရာခိုင်နှုန်းအောက်မှာ ရှိနေပါတယ်။ ငွေစက္ကူအပြင် တခြားဒစ်ဂျစ်တယ်နည်းစနစ်နဲ့ ဘယ်လိုငွေပေးချေလို့ရလဲဆိုတော့ ဘဏ်အကောင့်ရှိတယ်ဆိုရင် Mobile Banking စနစ်တွေနဲ့ သုံးလို့ရပါတယ်။

ဘဏ်အကောင့်ရှိတယ်ဆိုရင်လည်း ဘဏ်ကတ်စနစ်ဖြစ်တဲ့ MPU လို ကတ်စနစ်တွေသုံးလို့ရပါတယ်။ အခုနောက်ပိုင်းမှာ အရှိန်အဟုန်နဲ့ဖြစ်ပေါ်လာတဲ့ Digital Payment၊ Digital Wallet တွေကို အသုံးပြုလို့ ရပါတယ်။ ဒစ်ဂျစ်တယ် ငွေပေးချေစနစ်က တခြားနိုင်ငံနဲ့ ယှဉ်မယ်ဆိုရင် နည်းနေပေမယ့် ဒီနှစ်ပိုင်းအတွင်းမှာ အရှိန်အဟုန်နဲ့ အများကြီး တိုးတက်လာပါတယ်။ အထူးသဖြင့် ကိုဗစ်ကာလမှာ Digital Payment ဘက်ကို ပိုမိုအသုံးပြုလာတာ တွေ့ရှိရပါတယ်။ e-Commerce လုပ်ငန်းတွေဆိုရင် ကိုဗစ်ကာလမှာ သုံးဆလောက်အထိ တက်လာတယ်လို့ ကျွန်တော်တို့ ကြားသိရပါတယ်။

**အလေ့အကျင့်နဲ့ အလေ့အထမရှိသေး**

ဒီလိုမျိုး e-Commerce နဲ့ အရောင်းအဝယ်လုပ်တဲ့အခါမှာ ဒစ်ဂျစ်တယ်စနစ်ကိုသုံးလာတဲ့ ရာခိုင်နှုန်းတွေက တက်လာပါတယ်။ အခုအနေအထားအရ အများကြီး ဖြစ်ထွန်းလာဖို့ လိုပါသေးတယ်။ အဓိက အကြောင်းအရင်းတွေကို ကျွန်တော့်အနေနဲ့ သုံးသပ်ကြည့်တဲ့အခါ အလေ့အကျင့်နဲ့ အလေ့အထ မရှိသေးတာ၊ နောက်တစ်ခု ကိုယ်က ဒစ်ဂျစ်တယ်ငွေပေးချေစနစ်ကိုသုံးမယ်၊ ဒါပေမယ့် ဆိုင်တွေက လက်မခံရင် ဘယ်လိုလုပ်မလဲ သို့မဟုတ် ဆိုင်တွေက လက်ခံတယ်၊ သုံးတဲ့အချိန်မှာ အဆင်မပြေမှု ဖြစ်တယ်ဆိုရင် ဘယ်လိုလုပ်မလဲ ဒီလိုစိုးရိမ်မှုလေးတွေ ရှိပါတယ်။

ဒါပေမယ့် ၂၀၁၉ ခုနှစ်နဲ့ ၂၀၂၀ ပြည့်နှစ် နှစ်ပိုင်းတွေမှာ ဒါတွေက သိသိသာသာကို တိုးတက်လာတာ တွေ့ရှိရပါတယ်။ အလေ့အကျင့်မရှိသေးတာကို ဘယ်လိုလုပ်ဆောင်လို့ရလဲ၊ ဒါကို သုံးစွဲသူတွေအနေနဲ့ Digital Payment Account တွေ ဖွင့်ကြည့်ပြီး သုံးကြည့်ဖို့နဲ့ အများကြီးလွယ်ကူတယ်ဆိုတာကို ကျွန်တော် ပြောချင်ပါတယ်။

**အစီအစဉ်မှူး။ ။ ဒစ်ဂျစ်တယ်စနစ်နဲ့ ငွေပေးချေမှု အသုံးပြုဖို့အတွက် အကောင့်တစ်ခု ဖွင့်မယ်ဆိုရင် အဆင့်ဆင့် ဘယ်လိုမျိုးဖွင့်ရသလဲဆိုတာကို ဗဟုသုတအနေနဲ့ မျှဝေပေးပါဦး။**

**ဦးစိုးသီဟ။ ။** Mobile Payment Account တစ်ခု ဖွင့်ဖို့ဆိုရင် ဘဏ်အကောင့်ရှိစရာ လိုလားဆိုတော့ မလိုပါဘူး။ ဘဏ်ကို သွားစရာလိုလားဆိုရင် မလိုပါဘူး။ ကိုယ့်ရဲ့ဖုန်းထဲမှာပဲ Application သုံးပြီး အဲဒီထဲကနေ အကောင့်ကို ဖုန်းနဲ့ လွယ်လွယ်ကူကူ မိနစ်ပိုင်းအတွင်း ဖွင့်လို့ရပါတယ်။

ဒီလိုဖွင့်တဲ့အခါ ကိုယ့်ရဲ့ဖုန်းနံပါတ်က အဓိက ဖြစ်ပါတယ်။ အဲဒီလို ဖုန်းနံပါတ်နဲ့ ဖွင့်ပြီးသွားရင် တခြားလိုအပ်တဲ့ အချက်အလက်တွေက ကိုယ့်ရဲ့ နာမည်၊ မှတ်ပုံတင်နံပါတ်၊ နေရပ်လိပ်စာ ဒါတွေအပြင် နောက်ထပ်လိုတာတွေက ကိုယ့်မှတ်ပုံတင်ရဲ့ အရှေ့နဲ့ အနောက်ကို ဖုန်းကင်မရာနဲ့ ဓာတ်ပုံရိုက်ပြီး ပေးလိုက်လို့ ရပါတယ်။ ပြီးတော့မှ ကိုယ့်ရဲ့ မျက်နှာနဲ့ မှတ်ပုံတင်ကို ဓာတ်ပုံတွဲရိုက်ပြီး တင်ပေးရပါတယ်။ အဓိက မှတ်ပုံတင်အချက်အလက် တင်ပေးရတာသည် စည်းမျဉ်းစည်းကမ်းနဲ့ ကိုက်ညီအောင်ရယ်၊ လုံခြုံရေးအတွက်ကြောင့်ပါ။ ဒီဟာတွေ တင်ပေးလိုက်တယ်ဆိုရင် စစ်ဆေးတယ်။ စစ်ဆေးပြီးသွားရင် ပိုပြီးသုံးလို့ရတဲ့ Limit တွေကို သူတို့က မြှင့်တင်ပေးလိုက်ပါတယ်။

**ဘဏ်အကောင့်နဲ့ချိတ်ဆက်ပြီးတင်လို့ရ**

နောက်ပိုင်းမှာ ဘဏ်အကောင့်နဲ့ချိတ်ဆက်ပြီး ကန့်သတ်ထားတဲ့ ငွေကြေးပမာဏ ဘယ်လောက်လောက်ကို ဒီအကောင့်ထဲမှာ သိမ်းထားလို့ရမယ်၊ တစ်ရက်ကို သုံးစွဲလို့ရမယ့် ငွေကြေးပမာဏ Limit တွေကို တင်ပေးပါတယ်။ ဒါက နောက်ပိုင်း ဘဏ်အကောင့်နဲ့ချိတ်ဆက်ပြီး တင်လို့ရပါတယ်။

ကိုယ့်ရဲ့ အကောင့်ထဲမှာ ပိုက်ဆံမရှိသေးဘူး၊ ဒါပေမယ့် တခြားသူက ငွေလွှဲတာတွေကို စပြီးလက်ခံနေလို့ ရနေပါပြီ။ ဒါပေမယ့် ကိုယ့်အကောင့်ထဲမှာလည်း ပိုက်ဆံထည့်ပြီး သုံးစွဲချင်တယ်ဆိုရင် ပိုက်ဆံထည့်လို့ရပါတယ်။ အဲဒီလို ထည့်ဖို့ဆိုရင် နည်းလမ်းအများကြီး ရှိပါတယ်။ အေးဂျင့်တွေကနေတစ်ဆင့် ထည့်လို့ရပါတယ်။ ခုနတုန်းက Application ထဲမှာပဲ ကိုယ့်ရဲ့အနီးအနားမှာ ဘယ်အေးဂျင့်တွေရှိလဲဆိုတာကို ရှာဖွေလို့ရပါတယ်။ အေးဂျင့်တွေဆိုတဲ့အခါမှာလည်း တကယ်တော့ အခုကုန်စုံဆိုင်တွေ ရှိမယ်၊ ဖုန်းဆိုင်တွေရှိမယ် အစရှိသဖြင့် ဒီလိုမျိုးဆိုင်တွေက အေးဂျင့်ယူပြီး ငွေသွင်း/ငွေထုတ်ကို ဝန်ဆောင်မှုပေးနေပါတယ်။ ကိုယ့်အနီးအနားမှာပဲ ဒီအေးဂျင့်တွေကို Application ကတစ်ဆင့် ရှာဖွေလို့ရပါတယ်။

တခြားနည်းတွေက ကိုယ့်ရဲ့ ဘဏ်အကောင့်ရှိတယ်ဆိုရင်လည်း ဘဏ်အကောင့်နဲ့ ချိတ်ဆက်လို့ရပါတယ်။ တခြား MPU စနစ်ရှိတဲ့ ဘဏ်ကတ်တွေကိုသုံးပြီး ကိုယ့်ရဲ့ အကောင့်ထဲမှာကို ငွေဖြည့်လို့ရပါပြီ။ ဒါဆိုရင် ဒီ Mobile Wallet က စတင်သုံးစွဲလို့ရပြီ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ ဒစ်ဂျစ်တယ် ငွေပေးချေမှုက ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုမှာ အရေးပါတဲ့ကဏ္ဍမှာ ပါဝင်နေတယ်ဆိုတော့ ဒစ်ဂျစ်တယ်စနစ်နဲ့ ငွေပေးချေ အသုံးပြုမယ်ဆိုရင် ရရှိလာတဲ့ ဝန်ဆောင်မှုတွေက ဘယ်လိုမျိုး အချိန်တိုအတွင်းမှာ လျင်မြန်အောင် ဆောင်ရွက်နိုင်သလဲဆိုတာကို ရှင်းပြပေးပါဦး။**

**ဦးဝင်းထက်မောင်မောင်။ ။** ခုနက ကိုစိုးသီဟ ပြောသွားသလိုပဲ Mobile Account တစ်ခုဖွင့်ရတာ လွယ်ကူပါတယ်။ လွယ်ကူတဲ့အခါမှာ သုံးစွဲဖို့အတွက်ကိုလည်း Mobile Account ထဲမှာ ဘာတွေသုံးလို့ရတယ်ဆိုတာက အများကြီးရှိပါတယ်။ အဓိကအားဖြင့် QR Code စနစ်ကိုသုံးပြီး ငွေတွေပေးလို့ရတယ်၊ လွှဲလို့ရတယ်၊ လက်ခံလို့ရတယ် သို့မဟုတ် ဖုန်းနံပါတ်ကို အသုံးပြုပြီး ငွေလွှဲတာ ငွေလက်ခံတာ လုပ်လို့ရတယ်။ ဒါက ကိုယ့်ရဲ့ မိတ်ဆွေအချင်းချင်း သို့မဟုတ် ပေးစရာရှိ၊ ရစရာရှိဆိုတဲ့ ငွေတွေနဲ့ပတ်သက်ပြီး Mobile Account ထဲမှာ သုံးလို့ရပါတယ်။

နောက်တစ်ခုက Online Payment အနေနဲ့ ပေးလို့ရတာတွေက အများကြီးပါ။ အဓိကအားဖြင့် Online Payment ထဲမှာ တော်တော်များများက Service တွေရော၊ Product တွေရော အကုန်လုံးဝယ်လို့ရပါတယ်။ Service ဆိုရင် IT နဲ့ပတ်သက်တာတွေ၊ အစားအသောက်နဲ့ ပတ်သက်တာတွေ၊ Online Shopping နဲ့ ပတ်သက်တာတွေ၊ ဖုန်းဘေလ် ဖြည့်သွင်းတာတွေ ဒါတွေအကုန်လုံးကို သုံးလို့ရပါတယ်။

**Mobile Account ကို အသုံးပြုလို့ရ**

ဒါ့အပြင် ပညာရေးမှာဆိုရင် ကျောင်းတွေနဲ့ ပတ်သက်တဲ့ သင်တန်းကြေးတွေ ပေးသွင်းလို့ရမယ်။ အခုနောက်ပိုင်း ခေတ်စားလာတဲ့ အာမခံလုပ်ငန်းနဲ့ ပတ်သက်တဲ့ ပရီမီယံကြေးတွေ ပေးသွင်းလို့ရမယ်။ နောက်ပြီး ငွေကြေးနဲ့သက်ဆိုင်တဲ့ Payment တွေလုပ်လို့ရမယ်။ နောက်တစ်ခုက ခရီးသွားလာတဲ့အခါ လေယာဉ်နဲ့ ပတ်သက်တဲ့ လေယာဉ်လက်မှတ်တွေ၊ ဘတ်စ်ကားလက်မှတ်တွေ၊ ဒါတွေအကုန်လုံးကို ဒီအထဲကနေပြီး တစ်ခါတည်း ဘယ်မှသွားစရာမလိုဘဲနဲ့ ကိုယ့်အိမ်မှာပဲ Mobile Account ကို အသုံးပြုလို့ရပါတယ်။

အခုနောက်ပိုင်း Bill Payment အနေနဲ့ဆိုရင် အင်တာနက်၊ ဖုန်းနဲ့ ရုပ်သံလိုင်းဝန်ဆောင်ခ Bill တွေကို ပေးလို့ရပါတယ်။ အစိုးရအနေနဲ့ Digital Payment ကို သက်ဆိုင်ရာဝန်ကြီးဌာနတွေကနေတစ်ဆင့် ဖြည်းဖြည်းချင်းပြောင်းနေတယ်ဆိုတာ တွေ့ရပါတယ်။ အထူးသဖြင့် လက်ရှိလျှပ်စစ်မီတာခဆောင်ရာမှာ Mobile Payment ကို အသုံးပြုပြီး ပေးဆောင်လို့ရပါတယ်။ YCDC ကို ပေးရတဲ့ အခွန်အခတွေကို ပေးဆောင်လို့ရပါတယ်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလကစပြီး လစာဝင်ငွေ သို့မဟုတ် ကိုယ့်ရဲ့ကိုယ်ပိုင်ဝင်ငွေနဲ့ ပတ်သက်တဲ့ ဝင်ငွေအခွန်ဆောင်တာတွေကို အွန်လိုင်းပေါ်ကနေ ပေးဆောင်လို့ရပြီ။ နောက် ကုမ္ပဏီနဲ့ပတ်သက်တဲ့ အခွန်တွေကိုလည်း ပေးဆောင်လို့ရနေပြီ ဖြစ်ပါတယ်။ မိုဘိုင်းလ်တင်မကဘဲ M Banking၊ I Banking အဲဒါမျိုးတွေ အများကြီးရှိနေတဲ့အခါ Banking Sector မှာလည်း ကုမ္ပဏီအချင်းချင်း ငွေလွှဲတာအပြင် ကုမ္ပဏီမှာရှိတဲ့ ဝန်ထမ်းတွေရဲ့လစာတွေကို စာရင်းတစ်ချက်တွက်လိုက်ပြီး Online Banking ကနေ ပေးလိုက်ခြင်းဖြင့် ဝန်ထမ်း ဆယ်ဂဏန်းပဲရှိရှိ၊ ရာဂဏန်းပဲရှိရှိ One Click နှိပ်လိုက်ရုံနဲ့ Salary Payment တွေက အကုန်လုံးကို ရောက်သွားမှာ ဖြစ်ပါတယ်။

အခုပြောသွားတာက ဘယ်လိုအသုံးပြုရတယ်ဆိုတာကို ပြောသွားတာပါ။ အဲဒီမှာ Security အပိုင်းအနေနဲ့ သူ့ရဲ့ဘဏ်က တာဝန်ယူပြီး လုပ်ထားတဲ့အပိုင်းတွေ အများကြီးရှိပါတယ်။ တချို့ဆိုရင် One Time Pass Code တွေ ပို့တာရှိတယ်။ Online Banking ဆိုရင် ဘဏ်တွေက ထုတ်ပေးတဲ့ Device တွေရှိတယ်။ အဲဒီ Device မှာ နံပါတ်တွေကိုရိုက်ထည့်ပြီး ကိုယ်ရဲ့ ဘဏ်အကောင့်ကနေ အခြားဘဏ်အကောင့်ကိုဖြစ်ဖြစ်၊ လစာပေးတာပဲဖြစ်ဖြစ် ဒါတွေကို Security အဆင့်ဆင့်ဖြတ်ပြီး Payment တွေက နောက်ဆုံးမှ ထွက်သွားပါတယ်။

ခုနက အကောင့်ဖွင့်တယ်ဆိုတာ လွယ်ကူသလိုမျိုးပဲ အကောင့်ထဲမှာဖွင့်ပြီးရင် သက်ဆိုင်ရာ Payment အလိုက် ပူးပေါင်းထားတဲ့ Service ဝန်ဆောင်မှုတွေ၊ Product တွေ အကုန်လုံးကိုလည်း လုပ်လို့ရပါတယ်။ လွန်ခဲ့တဲ့ ၁ / ၂ နှစ်နဲ့ယှဉ်ရင် မိုဘိုင်းလ်အကောင့်ထဲကို ဝင်လာတဲ့ ကုန်သည်တွေက အများကြီးရှိလာသလိုမျိုးပဲ နောက်ပိုင်းမှာ ဒီဟာက ဘယ်လောက်အထိ အသုံးဝင်တယ်၊ လွယ်ကူတယ်၊ မြန်ဆန်တယ်ဆိုတာကိုသိသွားရင် အခြားကုန်သည်တွေ၊ စီးပွားရေးလုပ်ငန်းတွေ အကုန်လုံးက တော်တော်များများပါလာမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

စာမျက်နှာ ၁၉ သို့ ○

# ကိုဗစ်-၁၉ အမေး/အဖြေ



❍ စာမျက်နှာ ၁၈ မှ

**ဦးစိုးသီဟ။** ။ ကိုဝင်းထက်ရေ အခုပဲ ကျွန်တော်တို့ တစ်ယောက်နဲ့ တစ်ယောက်အကြားမှာ မိုဘိုင်းငွေပေးချေတာသုံးပြီး ကျွန်တော်တို့အချင်းချင်း ငွေလွှဲကြည့်ရအောင်၊ အခုဆိုရင် ကျွန်တော် အကောင့်ထဲဝင်ပြီး လွှဲပေးမယ်။ ကျွန်တော် အစ်ကိုဆီက QR Code တောင်းလို့ရတယ် သို့မဟုတ် ဖုန်းနံပါတ်သိတယ်ဆိုရင်လည်း ဖုန်းနံပါတ်ရိုက်ထည့်ပြီး လုပ်ဆောင်လို့ရပါတယ်။ ဒါဆိုအခု ဖုန်းနံပါတ်ရိုက်ထည့်ပြီး ကျွန်တော်လွှဲချင်တဲ့ ပမာဏကိုထည့်ပြီး ကျွန်တော်ရဲ့ လျှို့ဝှက်ကုတ်နံပါတ်ကို ရိုက်ထည့်ပြီး လွှဲလိုက်ပါပြီခင်ဗျာ။

**ဦးဝင်းထက်မောင်မောင်။** ။ဟုတ်ကဲ့ ချက်ချင်းရောက်ပါတယ် ကိုစိုးသီဟ။ Mobile Payment က အတော့်ကို မြန်ဆန်ပါတယ်။ လူတစ်ဦးနဲ့တစ်ဦး တွေ့စရာမလိုဘဲနဲ့ ငွေလက်ခံလို့ရတယ်၊ ငွေလွှဲလို့ရတဲ့အပြင် ခုနကပြောသလို စက္ကန့်ပိုင်းအတွင်းမှာ ငွေလက်ခံတာတွေ လုပ်လို့ရတဲ့အတွက်ကြောင့် အများကြီးအဆင်ပြေပါတယ်။ အထူးသဖြင့် ကိုဗစ်ကာလမှာ ဒီဟာက တော်တော်အသုံးဝင်တယ်၊ နောက်ပိုင်းကျရင် ပိုပြီးသုံးစေချင်ပါတယ်။ အလွန်အသုံးဝင်ပါတယ်။

**ဦးစိုးသီဟ။** ။ သူငယ်ချင်းမိတ်ဆွေတွေကြားထဲမှာ ငွေ အလွှဲအပြ အများကြီးလွယ်ကူသွားတယ်။ မိသားစုထဲမှာ မုန့်ဖိုးပေးတာ၊ သီတင်းကျွတ်ကန်တော့တာကအစ Mobile Payment ရဲ့ အခန်းကဏ္ဍက ပိုပြီးတွင်ကျယ်လာတယ်။ ကိုဝင်းထက်ရေ အစိုးရနဲ့ ပြည်သူလူထုကြားမှာ ဒီလိုမျိုး Mobile Payment နဲ့ ပတ်သက်ပြီး ဥပမာတစ်ခုလောက် ကျွန်တော်တို့ကို ပြောပြပေးပါဦး။

**ဦးဝင်းထက်မောင်မောင်။** ။ အစိုးရနဲ့ ပြည်သူကြားမှာ Mobile Payment အသုံးပြုပြီး ငွေလွှဲတယ်ဆိုတာ အရင်တုန်းက မကြားဖူးပါဘူး။ တော်တော်များများက ငွေသားနဲ့ ဘဏ်ကိုသွားပြီး လုပ်ကြတာများပါတယ်။ ဒါပေမယ့် အခုကိုဗစ်ကာလအတွင်းမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကိုယ်ဝန်ဆောင်တွေကို ငွေထောက်ပံ့တဲ့ အစီအစဉ်တစ်ခုကို လုပ်ခဲ့ပါတယ်။ ဒါကို ဥပမာအနေနဲ့ နည်းနည်းပြောပြချင်ပါတယ်။

ကိုဗစ်ကာလမှာ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကနေပြီး ငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စာရင်းကောက်တဲ့အခါ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၄ / ၅ ခုလောက်မပါဘဲနဲ့ကို လူဦးရေက သိန်းနဲ့ချီပြီး ရှိပါတယ်။ ဒီလိုမျိုးအခြေအနေမှာ ငွေသားနဲ့ ထုတ်ပေးဖို့က ကိုဗစ်ကာလနဲ့ဆိုရင် ဘဏ်မှာသွားပြီး တန်းစီရမယ်၊ငွေထုတ်ရမယ် ဒါတွေက ကျန်းမာရေးနဲ့ပတ်သက်လို့ မသင့်တော်တဲ့ ကိစ္စတွေဖြစ်ပါတယ်။

ဒီတော့ ဝန်ကြီးဌာနက ဘဏ်တွေရော၊ Mobile Payment Operator တွေ အကုန်လုံးကို ခေါ်လိုက်ပြီး သူတို့ကို စာရင်းအရင်ကောက်ပါတယ်။ အစိုးရဝန်ကြီးဌာနကလည်း နောက်ပိုင်းတော်တော်လေး အဆင့်မြင့်လာပါတယ်။ "ငွေဖိုက်" လို့ခေါ်တဲ့ Application တစ်ခုကို ရေးလိုက်ပါတယ်။ ကိုယ်ဝန်ဆောင်တွေက ဒီထဲမှာ အချက်အလက်တွေကို ဖြည့်သွင်းပြီး စာရင်းပေးရပါတယ်။ ကိုယ်ဝန်ဘယ်လောက်ရှိပြီ၊ နေရပ်လိပ်စာ၊ နာမည်၊ အသက်စတဲ့ လိုအပ်တဲ့အချက်အလက်တွေ အကုန်လုံးကို ထည့်ပေးရပါတယ်။ အဲဒါကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အဆင့်ဆင့် ပြန်ပြီးစိစစ်ပါတယ်။ စိစစ်ပြီးတဲ့အခါမှာ Payment အနေနဲ့ပေးတာက တော်တော်လေးကို စိတ်ဝင်စားဖို့ ကောင်းပါတယ်။

Payment က အရင်ကဆိုရင် ငွေသားနဲ့ပေးတာ တစ်မျိုးတည်းရှိပါတယ်။ အခုဘာတွေ့ရလဲဆိုတော့ ဖုန်းနံပါတ်ကို အသုံးပြုပြီး ငွေလွှဲတဲ့စနစ်ကို သုံးပါတယ်။ ဘဏ်တွေကလုပ်တဲ့ Payment ကို အစိုးရဝန်ကြီးဌာနက ပေါင်းပြီးလုပ်ပါတယ်။ နောက်တစ်ခုက ဝေးလံခေါင်သီတဲ့ဒေသတွေမှာ ငွေသားနဲ့ထုတ်မယ်ဆိုရင် အသေးစားငွေရေးကြေးရေး ကုမ္ပဏီတွေကို တစ်ဆင့်ခံပြီး ပေးပါတယ်။ ဒါပေမယ့် အခုဒီစနစ်တွေနဲ့ ငွေထုတ်ပြီးသွားတာက ကိုယ်ဝန်ဆောင် ၂၅၀၀၀၀ ကို ထုတ်ပေးပြီးသွားပြီ၊ အဲဒီအထဲမှာ အများစုက မိုဘိုင်းဖုန်းကိုသုံးပြီး ငွေလက်ခံတယ်၊ ဝန်ကြီးဌာနက လည်း Mobile Payment စနစ်နဲ့ ငွေလွှဲလိုက်တယ်လို့ ကျွန်တော်ကြားသိရပါတယ်။

ခုနပြောသလိုမျိုး အစိုးရဖြစ်တဲ့အခါ ဘဏ်ကနေ ငွေသွားထုတ်ပြီးလုပ်မယ့်အစား သက်ဆိုင်ရာ၊ နီးစပ်ရာ အေးဂျင့်တွေကနေတစ်ဆင့် ပိုက်ဆံကို ပြန်ပြီးထုတ်မယ်၊ ကိုယ့်မှာ Mobile Account ဖွင့်ထားတယ်ဆိုရင် ကိုယ့်အကောင့်ထဲကို ပိုက်ဆံ တိုက်ရိုက်ဝင်မယ် ဒါတွေက အထူးသဖြင့် ကိုယ်ဝန်ဆောင်တွေဆိုရင် ဘယ်လိုမှ ဘဏ်တွေကိုလည်း မသွားနိုင်ဘူး၊ အပြင်လည်းသွားလို့မရဘူး၊ ကိုဗစ်ကာလဖြစ်နေတယ်ဆိုတော့ ပိုပြီးဆိုးပါတယ်။ ဒါကို အစိုးရကနေပြီး ကိုဗစ်ကာလအတွင်း ပထမဦးဆုံးအနေနဲ့ Mobile Payment ကိုသုံးပြီး ပြည်သူတွေကို ထောက်ပံ့တယ်ဆိုတဲ့ အစီအစဉ်တစ်ခုကို ကျွန်တော် မျှဝေပေးတာပါ။ အများကြီး အဆင်ပြေပါတယ်။

**အစီအစဉ်မှူး။** ။ မြန်မာနိုင်ငံရဲ့ အခုလက်ရှိ ဒစ်ဂျစ်တယ် ငွေပေးချေမှုနဲ့ပတ်သက်ပြီး တခြားသိကောင်းစရာတွေရှိရင်လည်း မျှဝေပေးပါဦး။

**ဦးစိုးသီဟ။** ။ သုံးစွဲသူတွေဘက်က သိသင့်တဲ့အချက်တွေကို ကျွန်တော်ဖြည့်စွက်ချင်ပါတယ်။ တစ်ခုက ဒစ်ဂျစ်တယ်စနစ်သုံးတဲ့အခါမှာ လုံခြုံရေးကို သတိပြုသင့်ပါတယ်။ ဒီလိုမျိုး Digital Payment Account တွေသည် ဖုန်းနံပါတ်ကို အဓိကထားပြီးသုံးတဲ့အတွက်ကြောင့် ကိုယ့်ရဲ့ဖုန်းနံပါတ်ကို သေသေချာချာ Register လုပ်ထားဖို့ တိုက်တွန်းလိုပါတယ်။ အဲဒီလိုလုပ်ထားမှသာလျှင် ဆင်းကတ် ပျောက်ခဲ့တယ်၊ တယ်လီဖုန်း ပျောက်ခဲ့တယ်ဆိုရင် ဒီဖုန်းနံပါတ်ကို ပြန်လည်ပြီး ရယူလို့ရမှာပါ။

နောက်တစ်ခုက ဒီလိုမျိုး Digital Payment Providers တွေအနေနဲ့ ပိုပြီးလုံခြုံအောင်ဆိုပြီး ကိုယ့်ရဲ့ လုံခြုံရေးလျှို့ဝှက်ကုတ်အပြင် တစ်ခါသုံး လျှို့ဝှက်ကုတ်တွေကိုလည်း ဖုန်းထဲကို SMS ကတစ်ဆင့် လုံခြုံရေးအတွက် ပို့ပေးတတ်ပါတယ်။ ဒီကုတ်တွေက ကိုယ့်အတွက်ပဲ ဖြစ်ပါတယ်။ တခြားသူတွေနဲ့ မျှဝေဖို့အတွက် မဟုတ်ပါဘူး။ ကိုယ့်အတွက် လုံခြုံစွာ ကိုယ်တိုင်သုံးဖို့အတွက် ဖြစ်ပါတယ်။

ဒီလိုမျိုး ငွေလွှဲတဲ့အခါ ကိုယ်လွှဲမယ့်သူရဲ့ နာမည်ကို သေချာစစ်ပါ။ ဖုန်းနံပါတ် ထည့်လိုက်တဲ့သူရဲ့နာမည်ကို သေချာစစ်ဖို့ရယ် နောက်တစ်ခုက ကိုယ်လွှဲလိုတဲ့ ငွေကြေးပမာဏရဲ့ ဂဏန်းအရေအတွက်ကို သေချာစစ်ဖို့ကို ဆွေးနွေးချင်ပါတယ်။ နောက်တစ်ခု ဒီလိုမျိုး ဒစ်ဂျစ်တယ် ငွေပေးချေမှုစနစ်က ကျွန်တော်တို့အတွက် အလွန်အဆင်ပြေသွားပါတယ်။ ဥပမာ ရုပ်ရှင်လက်မှတ်ဝယ်တာ၊ အွန်လိုင်းက ပစ္စည်းမှာပြီး ငွေပေးချေတာ၊ သူငယ်ချင်းတွေစုပြီး အလှူအတန်းပြုတဲ့အခါ အိမ်ထဲကနေ လွယ်လွယ်ကူကူနဲ့ လုပ်ဆောင်နိုင်ပါတယ်။ ဒါကြောင့် သုံးစွဲသူတွေကို စမ်းကြည့်ဖို့ ကျွန်တော် တိုက်တွန်းပါတယ်။

**အစီအစဉ်မှူး။** ။ ဒီအစီအစဉ်ကနေပြီး ပရိသတ်တွေကို ထပ်မံပြီး အသိပေးချင်တဲ့ အကြောင်းအရာတွေရှိရင်လည်း ဆွေးနွေးပေးပါဦး။

**ဦးဝင်းထက်မောင်မောင်။** ။ကျွန်တော်တို့အနေနဲ့ Mobile Payment တွေကို တွင်တွင်ကျယ်ကျယ် သုံးစေချင်ပါတယ်။ အဓိကဘာလဲဆိုတော့ ခုနက ပြောသလိုမျိုး အကောင့်တွေ ဖွင့်ရတာ လွယ်ကူတယ်။ နောက်ပြီး သက်ဆိုင်ရာ ဘဏ်တွေဖြစ်ဖြစ်၊ Mobile Payment ကိုလုပ်တဲ့ကုမ္ပဏီဖြစ်ဖြစ် သူတို့က လုံခြုံရေးကို အထပ်ထပ် လုံခြုံအောင်လို့ နည်းပညာနဲ့ သေချာလုပ်ထားပါတယ်။

ဒါကြောင့် သုံးစွဲမယ့် ပြည်သူလူထုတွေ၊ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ Mobile Payment ကို ယုံကြည်ဖို့ ကျွန်တော် တိုက်တွန်းပါတယ်။ ခုနက ပြောခဲ့သလိုပဲ Cash Management တွေက Digital ကိုသုံးပြီး ပေးတဲ့အချိန်မှာ အလွန်လျင်မြန်လွယ်ကူပြီး မြန်ဆန်တာကို တွေ့ရပါမယ်။ ပြီးရင် Cash Counting တွေနဲ့ တော်တော်ကို လျော့ကျသွားပါတယ်။ ကျွန်တော်တို့အနေနဲ့ ပိုက်ဆံကို ရေတွက်တဲ့အချိန် ပိုက်ဆံကနေ ထွက်လာမယ့်အနံ့တွေကို လူတိုင်းက ရှူနေရတယ်ဆိုတော့ ဒါတွေကလည်း ကျန်းမာရေးရှုထောင့်က ကြည့်မယ်ဆိုရင် ဆိုးကျိုးအနေနဲ့ ဖြစ်စေနိုင်ပါတယ်။

နောက်တစ်ခုက သယ်ယူပို့ဆောင်ရေးမှာ Risk တွေ အများကြီးလျော့ချနိုင်တဲ့ အနေအထားမျိုးကို တွေ့ရတဲ့အတွက် ဒါလေးက အားသာချက်အနေနဲ့ ကျွန်တော် ပြောခြင်းဖြစ်ပါတယ်။ နောက်တစ်ခုက ဆိုင်တွေအနေနဲ့ Mobile Payment Account ထဲမှာပါဝင်တာ အရင်ကထက်စာရင် များလာပေမယ့် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဆို Cover မဖြစ်သေးပါဘူး။ ဒီတော့ ပြည်သူလူထုအနေနဲ့ Mobile Wallet ကိုသုံးပြီး ဝန်ဆောင်မှုတွေ၊ ထုတ်ကုန်တွေကို ရယူတဲ့အခါမှာ Mobile Wallet ကို ကုန်သည်တွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေဘက်က သုံးစွဲတဲ့သူ လွယ်ကူအောင်လို့ Mobile Platform မှာ ပူးပေါင်းပါဝင်စေချင်ပါတယ်လို့ ပြောချင်ပါတယ်။

**အစီအစဉ်မှူး။** ။ ဦးစိုးသီဟအနေနဲ့ ထပ်မံပြီးဖြည့်စွက်ပြောကြားချင်တဲ့ အကြောင်းတွေရှိရင်လည်း မျှဝေပေးပါဦး။

**ဦးစိုးသီဟ။** ။ ဒစ်ဂျစ်တယ်စီးပွားရေး အသွင်ကူးပြောင်းတဲ့ကိစ္စတွေမှာ မြန်မာနိုင်ငံအနေနဲ့ အရှိန်အဟုန်ရလာနေပြီ ။ ဒစ်ဂျစ်တယ် ငွေပေးချေတဲ့စနစ်အောင်မြင်မယ်လို့လည်း ကျွန်တော် ယုံကြည်ပါတယ်။ ဥပမာအနေနဲ့ အိန္ဒိယနိုင်ငံဆိုရင် ၂၀၁၆ ခုနှစ် ဧပြီလလောက်မှာ UPI လို့ခေါ်တဲ့ Unified Payments Interface ကို စတင်ခဲ့ပါတယ်။ ၃ / ၄ နှစ်အတွင်းမှာ သူတို့နိုင်ငံရဲ့ GDP ၁၀ ရာခိုင်နှုန်းကို Payments Interface ကနေတစ်ဆင့် အသုံးပြုလာနိုင်ခဲ့ပါတယ်။ သူတို့ နိုင်ငံသားတွေရဲ့ ၈၀ ရာခိုင်နှုန်းသည် ဘဏ်အကောင့်တွေရှိသွားပြီ။ ဆိုလိုတာက လူသန်းပေါင်း ၁၀၀၀ ကျော်လောက်အထိ ဘဏ်အကောင့်တွေရှိသွားတာ ဖြစ်ပါတယ်။ အဲဒီလိုမျိုးဖြစ်သွားတဲ့အခါမှာ စီးပွားရေးတွေကလည်း လုပ်ရတာ ပိုပြီးလွယ်ကူလျင်မြန်လာပါတယ်။ ဒါ့အပြင် ဒီအပေါ်မှာထပ်ဆင့်ပြီး ဆန်းသစ်တီထွင်တဲ့ လုပ်ငန်းတွေကလည်း ပိုမိုပြီး ဖြစ်ထွန်းအောင်မြင်လာပါတယ်။ မြန်မာနိုင်ငံရဲ့ Digital Payment ကလည်း ဒီလို လျင်လျင်မြန်မြန်နဲ့ အောင်မြင်ဖို့အတွက် မျှော်လင့်ပါတယ်။

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၃

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဒီဇင်ဘာ ၅ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် သမိုင်းဝင် အမျိုးသားအောင်ပွဲနေ့ကို အမြဲတန်ဖိုးထားပြီး အမျိုးသားစာပေနှင့် အမျိုးသားစိတ်ဓာတ်များ အစဉ်ရှင်သန်နိုးကြားရန်အတွက် ဂုဏ်ပြုတင်ဆက်ထားသည့် "နှစ် ၁၀၀ပြည့် အမျိုးသားအောင်ပွဲနေ့" မျက်နှာဖုံးကာတွန်း၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ အကြောင်းကို တင်ဆက်ထားသည့် "နှစ်၁၀၀ပြည့် အမျိုးသားအောင်ပွဲနေ့" သုတဆောင်းပါး၊ စန္ဒရားဖြစ်ပေါ်လာခြင်း သမိုင်းအကြောင်းကို တင်ဆက်ထားသည့် "စန္ဒရား" သုတဆောင်းပါး၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း ဆက်လက်မြင့်တက်နေသဖြင့် Mask ကို စနစ်တကျ တပ်ဆင်ရန် လိုအပ်ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "Mask ကို စနစ်တကျ တပ်ဆင်ခြင်း" သုတဆောင်းပါး၊ ရိုးသားဖြောင့်မတ်မှုသည် သာ အရေးကြီးကြောင်းကို ရေးဖွဲ့ထားသော "ဖိုးလပြည့်" နှစ်မျက်နှာကာတွန်း၊ မိမိနှင့် မသိကျွမ်းသော လူစိမ်းများမှ ခေါ်ယူကျွေးမွေးပေးကမ်းလျှင် လက်မခံရန် ပညာပေးရေးဖွဲ့ထားသည့် "လူစိမ်းအန္တရာယ်" ကလေးဝတ္ထု၊ ကလေးတို့ပေးပို့သော ကာတွန်းလက်ရာများကို ဖော်ပြပေးထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ အင်္ဂလိပ်စာကဏ္ဍ၊ ကဗျာကဏ္ဍစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရသည်။




သတင်းစဉ်

## စာအုပ် စာပေ လူ့မိတ်ဆွေ

## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

နေပြည်တော် ဒီဇင်ဘာ ၃

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၆ ခုနှစ် အတွက် စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ တတိယဆုရရှိသည့် စာရေးဆရာ စေတနာလှိုင် (ရေစကြို) ၏ "မြန်မာမှုကျောက်ဆစ်အနုပညာ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။




ယင်းစာအုပ်တွင် မြန်မာမှုအနုပညာ ပန်းဆယ်မျိုး၌ တစ်မျိုးဖြစ်သော ပန်းတမော့ ခေါ် ကျောက်ဆစ်အနုပညာ အကြောင်းကို သုတေသနပြုရေးသားထားသည်။ ကျောက်ခေတ်နှင့် ကျောက်ဆစ်အနုပညာ၊ ကျောက်ခေတ်နှင့် ကျောက်စာ၊ ပုဂံခေတ် ကျောက်ဂူဥမင်နှင့် ကျောက်ဆစ်အနုလက်ရာများ၊ မြန်မာ့ကျောက်ဆစ်ရုပ်ပွားတော်များ၏ ဟန်ပန်အနေအထား၊ မြောက်ဦးမြို့၊ ဇာလီတောင်ဥမင်၊ ပဲခူး၊ မုံရွာ၊ ပုသိမ်၊ ကော့ဂွန်းဂူ စသည့်ဒေသတို့မှ ကျောက်ဆစ်အနုလက်ရာများကို စုံစုံလင်လင် ရေးသားထားသည့်အတွက် ကျောက်ခေတ်မှသည် ယနေ့ခေတ်တိုင် ကျောက်ဆစ်အနုပညာ ဖွံ့ဖြိုးတိုးတက်လာပုံ အဆင့်ဆင့်ကို နှောင်းလူများ အလွယ်တကူကိုးကားနိုင်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၁၃၀၀ ဖြင့် အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉ -၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်သူ့အငှားအိမ်ရာ အခန်းပေါင်း ၃၀၀၈ ခန်းအား ယခုဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားမည်

**မန္တလေး ဒီဇင်ဘာ ၃**
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီး မြို့နယ် ရန်ကင်းတောင်အနီး ရှင်တော်ကုန်းကျေးရွာတွင် အိမ်ရာ အခန်းပေါင်း ၃၀၀၈ ခန်း ပါဝင်သည့် မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာ စီမံကိန်းကို ယခုဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်နိုင်ရန် သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

အဆိုပါ တိုက်ခန်းများအား တိုင်းဒေသကြီးအတွင်းရှိ အိမ်ရာ ဝယ်ယူနိုင်စွမ်းမရှိသည့် အငြိမ်းစား ဝန်ထမ်းများ၊ အငြိမ်းစားယူရန် နီးကပ်နေသည့် ဝန်ထမ်းများ၊ ဝင်ငွေနည်း ဝန်ထမ်းများနှင့် ငွေကြေးခက်ခဲနေသည့် ပြည်သူများအတွက် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး အစိုးရဘတ်ဂျက်တို့မှ ခန့်မှန်းကုန်ကျငွေ ၇၅ ဘီလီယံသုံးစွဲ၍ တည်ဆောက်ရန်လျာထားပြီး ဩဂုတ် ၂၈ ရက်က အဆိုပါ မြေနေရာတွင် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် တည်ဆောက်ရေး လုပ်ငန်းများကို စတင်လုပ်ဆောင် လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်နိုင်က ပြောသည်။

"လောလောဆယ်မှာ စီမံကိန်း ဧရိယာထဲကို ဝင်မယ့်တံတားတွေနဲ့ လမ်းတွေကို ဆောင်ရွက်ပြီးပါပြီ။ လုပ်ငန်းများလုပ်ဆောင်မှုက ၃ ရာခိုင်နှုန်းတော့ ပြီးနေပြီလို့ ပြောလို့ရပါတယ်။ တစ်နှစ်အတွင်း အပြီး တည်ဆောက်သွားဖို့ သတ်မှတ်ချက်ထားပြီး ဆောင်ရွက်သွားမှာပါ။ ဒီအိမ်ရာတွေပြီးသွားရင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့တွေမှာ မူဝါဒတစ်ခုသတ်မှတ်ပြီး ငှားရမ်းပေးသွားမှာပါ။ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ညှိနှိုင်းဆွေးနွေးပြီး လမ်းညွှန်ချက်တွေရပြီးမှ လျှောက်လွှာတွေခေါ်ဖို့ တရားဝင်ကြေညာမှာပါ။ ဌာနအနေနဲ့ လောလောဆယ် နေရေးခက်ခဲနေကြတဲ့ ပြည်သူတွေအတွက် ဝန်ဆောင်မှုပေးနိုင်စေဖို့ ဒီစီမံကိန်းကို အမြန်ဆုံးပြီးစီးအောင် ကြိုးစား ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ပြောသည်။



**တည်ဆောက်လျက်ရှိ**

အဆိုပါ အိမ်ရာတိုက်ခန်းများအား မြေကေ ၁၁၂ ကေပေါ်တွင် စတုရန်းပေ ၆၅၀ အကျယ်အဝန်းရှိ လေးခန်းတွဲ လေးထပ်ပါ တိုက်လုံးရေ ၁၈၈ လုံး၊ စုစုပေါင်း ၃၀၀၈ ခန်းကို တည်ဆောက်သွားမည်ဖြစ်ပြီး အဆိုပါ စီမံကိန်းကို မြန်မာမြို့ပြနှင့် အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များ အသင်းနှင့် မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများ အသင်းတို့က တာဝန်ယူ တည်ဆောက်လျက်ရှိ ကြောင်း သိရသည်။

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မှ အဆိုပါ ပြည်သူ့အငှားအိမ်ရာ စီမံကိန်းကို ရန်ကုန်မြို့တွင် အခန်း ပေါင်း ၆၃၀၀၊ နေပြည်တော်တွင် အခန်းပေါင်း ၇၀၀ နှင့် မန္တလေးမြို့တွင် အခန်းပေါင်း ၃၀၀၈ ခန်းကို အကောင် အထည်ဖော် တည်ဆောက်လျက်ရှိရာ အဆိုပါ အခန်းများပြီးစီးပါက ပြင်ပ တွင် ငှားရမ်းနေထိုင်သည့် နှုန်းထား များထက် ပိုမိုသက်သာသည့် အငှား စနစ်ဖြင့် နေရာချထားပေးမည် ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ဒီဇင်ဘာ ၃ ရက်တွင် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းက ရန်ကုန်တိုင်း ဒေသကြီး မရမ်းကုန်းမြို့နယ် နာဂလိုဏ်ဂူကလေးဝကျောင်းတိုက်မှ သံဃာတော်များနှင့် သီလရှင်များအတွက် အာဟာရဖြည့်စွက် အားဆေးဘူးများ လှူဒါန်းစဉ်။ စိုးမြင့်အောင်

## ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဟိုပန် ဒီဇင်ဘာ ၃**
နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဟိုပန်မြို့နယ် တုံပကာ-ဆုံဖာ-ပန်လုံလမ်းမှာ လမ်းအရှည် (၁၀/၀)မိုင်ရှိပြီး အဆိုပါလမ်းပိုင်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်ကာ မြေသားလမ်းအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အထိ ကျောက်လမ်း(၁၀/၀)မိုင်ကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ပြီဖြစ် ကြောင်း သိရသည်။

ယခုအခါ အဆိုပါကျောက်လမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ကတ္တရာလမ်း(၂/၀)မိုင်နှင့် ၎င်းလမ်းပေါ်ရှိ လိုအပ်သောနေရာများတွင် Box Culvert (၅x၅x၂၆)ပေ ငါးစင်းအား ခွင့်ပြုရန်ပုံငွေကျပ် ၂၉၉ ဒသမ ၄၆၇ သန်းဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျန်ရှိသည့်ကျောက်လမ်း(၈/၀)မိုင်အနက်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း(၂/၀)မိုင်အား ခွင့်ပြု ရန်ပုံငွေကျပ် ၂၀၄ ဒသမ ၇၂၀ သန်းဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ငွေကြယ်**

## ရန်ကုန်မြို့ မြေစီမံခန့်ခွဲမှုဆိုင်ရာလျှောက်ထားမှုများ ပြန်လည်ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၃**
မြို့ပြစီမံကိန်းနှင့် စီမံခန့်ခွဲမှုဌာနတွင် အမှုတွဲ လျှောက်ထား ဖွင့်လှစ်ထားသော မြေစီမံခန့်ခွဲမှုဆိုင်ရာ လျှောက်ထားမှု များအနက် စိစစ်ခွင့်ပြုဆောင်ရွက်ပြီးသော အမှုတွဲများအား ခွင့်ပြုထုတ်ပေးခြင်း၊ သတင်းစာကြော်ငြာနိုင်ရေး ဝန်ဆောင်မှုပေးခြင်း၊ ယခင် Manual ဖြင့်လျှောက်ထား သောအမှုတွဲများအနက် ခွင့်ပြုပြီးအမှုတွဲများဆက်လက် ဆောင်ရွက်နိုင်ရေးအတွက် e ချလန်ဖြင့် ဝန်ဆောင်ခ ပေးသွင်းရန်ဆောင်ရွက်ပေးခြင်းနှင့် ယခင်လျှောက်ထား ခဲ့သည့်အမှုတွဲများတွင် လိုအပ်ချက်များ တောင်းခံခြင်း အပေါ် ကာယကံရှင်မှ ပြန်လည်စိစစ်ခြင်းတို့ကိုသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီ မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ထုတ်ပြန်သည်။

ထိုသို့ဆောင်ရွက်ခြင်းအား ဒီဇင်ဘာ ၂ ရက်မှစ၍ မြို့နယ် ၃၃ မြို့နယ်အား ခရိုင်/မြို့နယ်အလိုက် သတ်မှတ်၍ တစ်ပတ်လျှင်ရုံးဖွင့်ရက် သုံးရက်(တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ)နေ့တို့တွင် ဗိုလ်တထောင်မြို့နယ် ကုန်သည် လမ်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (၁၂) ရုံး ကားပါကင်ဧရိယာတွင် ဝန်ဆောင်မှုပေးသည်။

ဝန်ဆောင်မှုပေးခြင်းကို တနင်္လာနေ့တွင် အရှေ့ပိုင်း ခရိုင် [တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်း)] မြို့နယ်၊ ဗုဒ္ဓဟူးနေ့တွင် မြောက်ပိုင်းခရိုင် (လှိုင်၊ ကမာရွတ်၊ မရမ်းကုန်း၊ လှိုင်သာယာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ) မြို့နယ်၊ သောကြာနေ့တွင် တောင်ပိုင်းခရိုင်(ဗိုလ်တထောင်၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ ဒလ၊ ဒေါပုံ၊ သာကေတ၊ ရန်ကင်း၊ တာမွေ၊ ဆိပ်ကြီးခနောင်တို၊ သန်လျင်-ကျောက်တန်း) မြို့နယ်၊ အနောက်ပိုင်းခရိုင်တွင် (ဗဟန်း၊ စမ်းချောင်း၊ ဒဂုံ၊ အလုံ၊ ကြည့်မြင်တိုင်၊ ကျောက်တံတား၊ လသာ၊ လမ်းမတော်၊ ပန်းပဲတန်း)မြို့နယ် တို့တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အမှုတွဲအသစ်များ ဖွင့်လှစ်လျှောက်ထားခြင်းကို လက်ခံဆောင်ရွက်ခြင်းမပြုဘဲ Online စနစ်ဖြင့်သာ www.ycdc.gov.mm တွင် လျှောက်ထားနိုင်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ထုတ်ပြန်ထားသည်။

**မြင့်မောင်**



ရန်ကုန်မြို့၂၇ လမ်းနေ ဦးအောင်ထွန်း +ဒေါက်တာစန်းစန်းရီ၊ ကိုကျော်ဇောသန့် (အောင်သပြေဖယောင်းပုဆိုး၊ ကော်ဇော ရောင်းဝယ်ရေးကုမ္ပဏီမိသားစု)တို့က ပန်းတနော်မြို့နယ်အတွင်းရှိ သက်ကြီးရွယ်အို၊ ချို့တဲ့နွမ်းပါးသူ ဘိုးဘွား ၁၀၀၀ အား ဆောင်းရာသီအမီ(ခြုံစောင်အကြီး၊ ကျား/မ အနွေးထည်၊ ပုဆိုး၊ လုံချည်) သုံးမျိုးအစုံ ၁၀၀၀ အား နိုဝင်ဘာလကုန်ပိုင်းက ပန်းတနော်မြို့ အောင်သပြေဘိုးဘွားရိပ်သာ၌ လှူဒါန်းခဲ့စဉ်။ မြင့်စိုး

❑ လိုင်လင်းပီမြို့မှ ထုတ်ပေးသည့် ခရီးသွားထောက်ခံချက်များ ပါ/မပါစစ်ဆေးခြင်း စသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများကို အရှိန် အဟုန်မပျက်ဆက်လက်ဆောင်ရွက်လျက်ရှိ ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားရာ မြို့နယ်များမှ လာရောက်သူများအနေဖြင့် ကိုဗစ်-၁၉ Rapid Test Kit ဖြင့် ၇၂ နာရီအတွင်း စစ်ဆေးထားသည့် မှတ်တမ်းတင်ပြနိုင်မှသာ မြို့တွင်းသို့ ဝင်ခွင့်ပြုမည်ဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီမှ သိရသည်။

**ယာကမ်(ပြန်/ဆက်)**

## ထားဝယ်ပြည်သူ့ဆေးရုံ ကုသဆောင်သစ်ကြီး ဆောက်လုပ်ပြီးစီး ဒေသခံပြည်သူများ၏ ကျန်းမာရေး ပိုမိုကုသပေးနိုင်တော့မည်

**ရန်ကုန် ဒီဇင်ဘာ ၃**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ တာဝန်ပေးမှုအရ တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ် ပြည်သူ့ဆေးရုံကြီးဆေးကုသဆောင် ငါးထပ်အဆောက် အအုံသစ်ကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက် အဦ ဦးစီးဌာန အထူးအဖွဲ့(၁၆)က တာဝန်ယူတည်ဆောက် ခဲ့ခြင်းဖြစ်ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်းသိ ရသည်။

အဆိုပါဆေးရုံသစ်ကြီးကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စ၍ ပြည်ထောင်စုအစိုးရ၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာန အဆောက်အအုံ အထူးအဖွဲ့(၁၆)က တာဝန်ယူတည်ဆောက် ခဲ့ခြင်းဖြစ်သည်။

ထားဝယ်ပြည်သူ့ဆေးရုံ ကုသဆောင်သစ်ကြီးကို နိုင်ငံတော်အစိုးရက တိုးချဲ့တည်ဆောက်ပေးလိုက်ခြင်း ကြောင့် ထားဝယ်မြို့နှင့် ဒေသတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုဆောင်ရွက်ပေးနိုင် တော့မည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၃**
မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများ တိုက်ခတ် ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်း များ တိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင်(၃၀) မှ (၃၅)မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမ ကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင် ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟုဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၄၉)
# တံဆိပ်တုံးအတုပြဿနာ အဖြေရှာ



မောင်စာဂ

၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သည်။ ထူးထူးခြားခြား ပြဿနာတစ်ခုနှင့် ကြုံတွေ့ခဲ့ရသည်။ ယင်းသည်ကား မဲဆန္ဒရှင်များက ဆန္ဒမဲလက်မှတ်ပေါ်တွင် အမှန် (√) အမှတ်အသားပါသည့်တံဆိပ်တုံးကိုနှိပ်၍ ဆန္ဒပြုရာ၌ တံဆိပ်တုံးအတုများ ထွက်ပေါ်လာခြင်းပင်ဖြစ်သည်။ ယင်းပြဿနာအပေါ် မည်သို့အဖြေရှာခဲ့သနည်း။ ဆက်လက်၍ မည်သို့အဖြေရှာပါမည်နည်း။ တွေ့ကြုံခဲ့ရသည့်ဖြစ်စဉ်အပေါ် အခြေခံ၍ မျှဝေပါရစေ။

## ပါလီမန်ခေတ် ရွေးကောက်ပွဲများ

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ ပထမအကြိမ် ပါလီမန်အထွေထွေရွေးကောက်ပွဲကို ၁၉၅၁ ခုနှစ် ဇွန်လ ၁၂ ရက်နေ့မှ ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့အထိ သုံးကြိမ်ခွဲ၍ လည်းကောင်း၊ ဒုတိယအကြိမ် ၁၉၅၆ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် လည်းကောင်း၊ တတိယအကြိမ် ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင်လည်းကောင်း ကျင်းပခဲ့သည်။ ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်အမတ်နေရာများအတွက် လျှို့ဝှက်စွာဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ကြသည်။

ဆန္ဒမဲပေးပုံစနစ်မှာ ကိုယ်စားလှယ်လောင်းတစ်ဦးလျှင် မဲပုံးတစ်ပုံးစီကို လုံခြုံသောအခန်းငယ်တစ်ခုတွင်ထားရှိပြီး မဲပြားဖြင့် မဲပေးရသောစနစ်ဖြစ်သည်။ သတ်မှတ်ထားသောနေရာများသို့ မဲပုံးများစုံလင်စွာရောက်ရှိမှ ရွေးကောက်ပွဲတာဝန်ခံအရာရှိက ကြီးကြပ်၍ မဲရေတွက်သောစနစ်ဖြစ်သည်။ လမ်းတွင်မဲပုံးဖောက်ကာ မဲခိုးခြင်းများရှိခဲ့ကြောင်း စွပ်စွဲခြင်းများရှိခဲ့သည့်အတွက် သစ်သားဖြင့်ပြုလုပ်ထားသော မဲပုံးအစား သံမဏိဖြင့်ပြုလုပ်ထားသော မဲပုံးများကို အစားထိုးခဲ့သည်။ သို့သော်လည်း မဲခိုးသည်ဆိုသော စွပ်စွဲချက်များကား ရှိနေ တွေ့နေဆဲ ဖြစ်သည်။

## မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ရွေးကောက်ပွဲများ

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲများကျင်းပခဲ့သည်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲကို ၇-၁၂-၁၉၇၃ ရက်နေ့တွင် လည်းကောင်း၊ ဒုတိယအကြိမ် ရွေးချယ်တင်မြှောက်ပွဲကို ၁၉-၈-၁၉၇၇ ရက်နေ့တွင် လည်းကောင်း၊ တတိယအကြိမ် ရွေးချယ်တင်မြှောက်ပွဲကို ၂၀-၃-၁၉၈၁ ရက်နေ့တွင်လည်းကောင်း၊ စတုတ္ထအကြိမ် ရွေးချယ်တင်မြှောက်ပွဲကို ၂၂-၃-၁၉၈၅ ရက်နေ့တွင် လည်းကောင်း ကျင်းပခဲ့သည်။

ပြည်သူ့လွှတ်တော်တစ်ရပ်အတွက်သာ ရွေးချယ်တင်မြှောက်ခြင်းဖြစ်သည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီတစ်ခုတည်းသာ ထားရှိသည်။ ယင်းပါတီက ရွေးချယ်သော ကိုယ်စားလှယ်လောင်းတစ်ဦးတည်းကိုသာ မဲဆန္ဒရှင်များက လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်သည်။ ထောက်ခံမဲပုံးနှင့် ကန့်ကွက်မဲပုံးနှစ်ပုံးကို လျှို့ဝှက်အခန်းတွင်ထားရှိသည်။ မဲဆန္ဒရှင်က ထောက်ခံလျှင် ထောက်ခံသည့် မဲပုံး၊ ကန့်ကွက်လျှင် ကန့်ကွက်မဲပုံးအတွင်း မဲလက်မှတ်ကို ထည့်ရသည်။ ဆန္ဒမဲပေးသည့်ဦးရေ၏ ထက်ဝက်ကျော်က ထောက်ခံလျှင် ရွေးကောက်တင်မြှောက်ခံရသည်။ တစ်ပါတီထဲမှကိုယ်စားလှယ်တစ်ဦးကိုသာ ဆန္ဒမဲပေး၍ ရွေးချယ်ရသဖြင့် ပြဿနာများ မရှိခဲ့ပါ။

## ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၁၉၈၉ ခုနှစ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့သည်။ ပြည်သူ့လွှတ်တော်အတွက် ရွေးကောက်တင်မြှောက်ရန်ဖြစ်သည်။ နိုင်ငံရေးပါတီ ၉၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ဆန္ဒမဲပေးပုံနည်းစနစ်မှာ မဲဆန္ဒရှင်သည် ဆန္ဒမဲလက်မှတ်ကို ရရှိသည့်အခါ လျှို့ဝှက်ဆန္ဒပြုရန် သတ်မှတ်ထားသောနေရာတွင် ဆန္ဒမဲလက်မှတ်၌ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သင်္ကေတ အမှတ်အသား၏တည့်တည့်ရှိသော စက်ဝိုင်းအတွင်း၌ ကြက်ခြေ အမှတ်အသား (X) ကို ရေးမှတ်ရသည်။ ထို့နောက် မိမိဆန္ဒပြုထားသည်ကို သူတစ်ပါးမမြင်နိုင်စေရန် ဆန္ဒမဲလက်မှတ်ကိုခေါက်၍ မဲပုံးအတွင်းသို့ ထည့်ရသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံးအတွက် မဲပုံးတစ်ပုံးသာထားရှိသည်။ အားလုံးမြင်တွေ့နိုင်သည့်နေရာတွင် မဲပုံးကိုထားရှိသည်။

## ဒီမိုကရေစီခေတ် ရွေးကောက်ပွဲ

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံကို စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရန် ဦးတည်ထားသည်။ ပထမအကြိမ် ပါတီစုံအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် လည်းကောင်း၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ဧပြီလ ၁ ရက်နေ့တွင် လည်းကောင်း၊ ဒုတိယအကြိမ် ပါတီစုံအထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် လည်းကောင်း၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ဧပြီလ ၁ ရက်နေ့တွင် လည်းကောင်း၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နိုဝင်ဘာလ ၃ ရက်နေ့တွင် လည်းကောင်း၊ တတိယအကြိမ် ပါတီစုံအထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်လည်းကောင်း ကျင်းပခဲ့သည်။

ဆန္ဒမဲပေးပုံစနစ်မှာ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်း၏ အမည်နှင့်တည့်တည့်တွင်ရှိသော လေးထောင့်ကွက်အတွင်း၌ ဘောပင်ဖြင့် အမှန်အမှတ်အသား ( √ ) ခြစ်၍ ဆန္ဒပြုရသည်။ ထိုသို့ဆန္ဒပြုရာ၌ မဲဆန္ဒရှင်အချို့က အမှန်အမှတ်အသား (√) ကို ထင်ထင်ရှားရှား သို့မဟုတ် ပီပီပြင်ပြင်ရေးခြစ်ဆန္ဒပြုနိုင်ခြင်း မရှိသဖြင့် ပယ်မဲများအဖြစ် သတ်မှတ်ခံခဲ့ရသည်များ ကြုံတွေ့ခဲ့ရသည်။

ယင်းဖြစ်စဉ်ကြောင့် နိုင်ငံတကာတွင် ဆန္ဒမဲလက်မှတ်ပေါ်၌ ဆန္ဒပြုသည့်နည်းလမ်းများကို လေ့လာစိစစ်ခဲ့သည်။ ယင်းနည်းလမ်းများထဲမှ အမှန်အမှတ်အသား ( √ ) ပါသော တံဆိပ်တုံးကို ကိုယ်စားလှယ်လောင်းအမည်နှင့်တည့်တည့်ရှိသော လေးထောင့်ကွက်အတွင်း၌ ထုနှိပ်၍ ဆန္ဒပြုခြင်းက သင့်တော်မည်ဟုသုံးသပ်ကာ ယင်းနည်းလမ်းကို ကျင့်သုံးရန် နည်းဥပဒေတွင် ပြင်ဆင်သတ်မှတ်ခဲ့သည်။ ပို၍ထင်ရှားစေရန် UEC ဆိုသည့် စာသားထည့်သွင်းခဲ့သည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်လည်းကောင်း၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများတွင် လည်းကောင်း ယင်းကဲ့သို့တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုခြင်းအတွက် အငြင်းပွားဖွယ် ပြဿနာတစ်စုံတစ်ရာမတွေ့ရှိခဲ့ရပါ။ ပယ်မဲများအဖြစ် သတ်မှတ်ခံရခြင်းများသည်လည်း နည်းပါးလာခဲ့သည်။

## ၂၀၂၀ ရွေးကောက်ပွဲနှင့် တံဆိပ်တုံးအတုပြဿနာ

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရာ၌ တံဆိပ်တုံးအတုများ ထွက်ပေါ်လာခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကအသုံးပြုသည့် အမှန်အမှတ်အသား (√ ) ပါသော တံဆိပ်တုံးတွင် UEC ဟူသော စာသားပါရှိသည်။ ယခုတွေ့ရှိရသော တံဆိပ်တုံးအတုတွင် UEC ဟူသော စာသားမပါရှိပါ။ တွေ့ရှိရပုံမှာ ဆန္ဒမဲလက်မှတ်ပေါ်တွင် မဲဆန္ဒရှင်အချို့ ဆန္ဒပြုမည့် တံဆိပ်တုံးကို ကြည့်ရှုသည်။ UEC စာသားမပါသည်ကို တွေ့ရှိရ၍ တာဝန်ရှိရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် သို့မဟုတ် မဲရုံမှူးထံ အသိပေးအကြောင်းကြားသည်။

ထိုအချိန်တွင် ယင်းတံဆိပ်တုံးအတုဖြင့် ဆန္ဒပြုပြီးသွားသည့် ဆန္ဒမဲလက်မှတ် ဘယ်နှစောင်ရှိသွားသည်ကို မသိရှိရပါ။ အချို့နေရာတွင် ၃ စောင်၊ ၄ စောင်၊ ၅ စောင်၊ ၁၀ စောင် စသည်ဖြင့် ဆန္ဒပြုပြီးသည့်အခါ သိရှိရသည်။ ထိုအခါများတွင် ယင်းဆန္ဒမဲလက်မှတ်များကို အသုံးမပြုတော့ဘဲ ထည့်ပြီးမဲပုံးကို ချိတ်ပိတ်သိမ်းဆည်းခဲ့သည်။ ဆန္ဒပြုပြီး မဲဆန္ဒရှင်များကို ပြန်လည်ခေါ်ယူ၍ တံဆိပ်တုံးအစစ်ဖြင့် ပြန်၍ ဆန္ဒပြုစေသည်။ အချို့နေရာများတွင် တံဆိပ်တုံးအတုတွေ့ရှိသည့်အချိန်၌ ဆန္ဒပြုပြီးသည့် မဲဆန္ဒရှင်ဦးရေ သုံးလေးငါးရာထိ ရှိသွားသည်။ တံဆိပ်တုံးအတုဖြင့် မဲဆန္ဒရှင် မည်မျှဆန္ဒပြုသွားခဲ့သည်ကို ပြန်လည်စစ်ဆေး၍ မရနိုင်တော့ပါ။

ဤကဲ့သို့ တံဆိပ်တုံးအတုတွေ ထွက်ပေါ်လာသည်မှာ တစ်နေရာတည်းတွင်မဟုတ်၊ နေရာတော်တော်များများနှင့် မြို့နယ်တော်တော်များများတွင် တွေ့ရှိလာရသည်။ မဲဆန္ဒရှင်များ စိုးရိမ်လာကြသည်။ မိမိတို့ဆန္ဒပြုခဲ့သည့် တံဆိပ်တုံးသည် အတုများဖြစ်နေမလား၊ ပယ်မဲများဖြစ်သွားမလား ပူပန်မှုတွေဖြစ်လာသည်။ တံဆိပ်တုံးအတုဖြင့် မဲဆန္ဒရှင်မည်၍မည်မျှ ဆန္ဒမဲပေးပြီး ဖြစ်သွားသည်ကို မသိနိုင်ဖြစ်ရသည်။ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်များသည် မိမိတို့ဆန္ဒအရ မိမိတို့ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို ရွေးချယ်ကာ တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုပြီး မဲပေးခဲ့ကြသဖြင့် မည်သည့် လွှတ်တော်ကိုယ်စားလှယ်ကိုပဲဖြစ်ဖြစ်၊ မည်သည့်တံဆိပ်တုံးနှင့်ဆန္ဒပြုစေကာမူ ခိုင်လုံမဲအဖြစ်သတ်မှတ်ရန် ကြိုတင်၍ပင် ထုတ်ပြန်အသိပေးခဲ့သည်။

## တံဆိပ်တုံးအတု ပေါ်ပေါက်ခဲ့သည့်ဖြစ်စဉ်

တံဆိပ်တုံးအတု နေရာတော်တော်များများတွင် ပေါ်ပေါက်ခဲ့သည်။ ချောင်းဦးမြို့နယ် ငါးလုံးတင်ကျေးရွာအုပ်စုတွင် ကြိုတင်မဲကောက်ယူစဉ် မဲရုံကိုယ်စားလှယ်တစ်ဦးထံမှလည်းကောင်း၊ ရေတာရှည်မြို့ အမှတ် ၂ ရပ်ကွက်တွင် ကြိုတင်မဲကောက်ယူစဉ် မဲရုံကိုယ်စားလှယ်တစ်ဦးထံမှ လည်းကောင်း၊ ပုသိမ်မြို့ အမှတ် ၄ ရပ်ကွက်တွင် ကြိုတင်ဆန္ဒမဲရယူစဉ်၌လည်းကောင်း UEC အမှတ်အသားမပါသည့် တံဆိပ်တုံးများ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ လှည်းကူးမြို့ မြို့မရပ်ကွက်၌ ကြိုတင်မဲကောက်ယူနေစဉ် မဲရုံကိုယ်စားလှယ်တစ်ဦးက UEC အမှတ်တံဆိပ်မပါသော တံဆိပ်တုံးကို ဒုတိယမဲရုံးမှူးသို့ ပေးအပ်ခဲ့သည့်ဖြစ်စဉ်များလည်း ပေါ်ပေါက်ခဲ့သည်။

ထို့ပြင် မြို့သစ်မြို့နယ် တလင်းကုန်းကျေးရွာ မဲရုံအမှတ် ၂ တွင် မဲဆန္ဒရှင်တစ်ဦးထံမှ လည်းကောင်း၊ စဉ့်ကူးမြို့နယ် မဲရုံအမှတ် ၃ တွင် မဲဆန္ဒရှင်တစ်ဦးထံမှ လည်းကောင်း၊ ရေးမြို့နယ် အစင်ကျေးရွာအုပ်စု မဲရုံအမှတ် ၆ တွင် မဲရုံကိုယ်စားလှယ်တစ်ဦးထံမှ လည်းကောင်း၊ မိုင်းယောင်းမြို့နယ် ဟောင်ကြန့်ကျေးရွာအုပ်စု မဲရုံအမှတ် ၃ တွင် မဲဆန္ဒရှင်တစ်ဦးထံမှလည်းကောင်း UEC အမှတ်အသားမပါသော တံဆိပ်တုံးများ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

## ကြိုတင်ကြံရွယ်ခြင်း

ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် တံဆိပ်တုံးအတုများကို တစ်နေရာတည်းမဟုတ် နေရာဒေသအနှံ့အပြားတွင် ပေါ်ပေါက်တွေ့ရှိခဲ့ခြင်းသည် တမင်ကြိုတင်ကြံရွယ်၍ လုပ်ဆောင်ခဲ့လေသလား စဉ်းစားတွေးတောဖွယ် ဖြစ်ရသည်။ ကြိုတင်ဆန္ဒမဲရယူစဉ်အချိန်ကတည်းက ဤဖြစ်စဉ်ကို စတင်သိရှိလိုက်ရသည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြိုတင်တားဆီးကာကွယ်မှုများ ပြုလုပ်နိုင်ခဲ့သည်။ မဲရုံများတွင် UEC တံဆိပ်အမှတ်အသားပါသော တံဆိပ်တုံးကို ကြိုးဖြင့်သေချာစွာချည်နှောင်ထားသည်။ ၁၅ မိနစ် ၁ ကြိမ် တာဝန်ကျမဲရုံမှူးများက စစ်ဆေးသည်။ ယင်းသို့ဖြင့် တံဆိပ်တုံးအတုအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ခဲ့သည်။

## အဖြေရှာရမည့်ပြဿနာ

၂၀၂၀ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးစီးခဲ့ပြီ။ ရွေးကောက်ပွဲတွင်တွေ့ကြုံရသည်များကို ပြောကြဆိုကြ၊ ဝေဖန်သုံးသပ်နေကြသည်။ သို့ရာတွင် ဤကဲ့သို့ အမှန်တကယ်ဖြစ်ပေါ်ခဲ့သော တံဆိပ်တုံးအတု ပြဿနာအပေါ် ပြောဆို၊ ဝေဖန်မှုများ ထွက်ပေါ်မလာကြ။ အဖြေမဖော်ထုတ်ကြ။ ဆိတ်ငြိမ်နေကြသည်။ မည်သို့ပင်ဖြစ်စေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဤတံဆိပ်တုံးအတုပြဿနာရပ်အပေါ် အဖြေရှာရပါတော့မည်။

နောင်ရွေးကောက်ပွဲများတွင် ဆန္ဒမဲလက်မှတ်များပေါ်၌ မဲဆန္ဒရှင်များက ဆန္ဒပြုသည့်အခါ ဤကဲ့သို့ တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုမည်လား သို့မဟုတ် ဆန္ဒပြုပုံနည်းစနစ်ကို မည်ကဲ့သို့အသုံးပြုမည်နည်းဆိုသည်ကို မဖြစ်မနေ စဉ်းစား သုံးသပ် အဖြေရှာရမည် ဖြစ်ကြောင်းပါဗျာ။

- **ရွေးကောက်ပွဲများတွင် ဥပဒေနှင့်အညီ နည်းလမ်းတကျ မှန်ကန်စွာ ဆန္ဒပြုမဲပေးနိုင်ကြပါစေ၊**
- **ရာဇဝတ်မှုမကင်းသော မသမာသည့်နည်းများ အသုံးပြုခြင်းမှ ကာကွယ်နိုင်ကြပါစေ၊**
- **ဆန္ဒမဲလက်မှတ်တွင် အတုအပမပြုနိုင်သည့် နည်းလမ်းကောင်းများဖြင့် ဆန္ဒပြုမဲပေးနိုင်ကြပါစေ။**

# ခေတ်မီအိတ်ချိန်းစက်များ လဲလှယ်ပြီးဖြစ်ပါသဖြင့် အော်တိုတယ်လီဖုန်းနံပါတ်များအား ပြောင်းလဲပါမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT) အနေဖြင့် ပိုမိုကောင်းမွန်သည့် အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများကိုပေးနိုင်ရန်အတွက် အောက်ဖော်ပြပါတိုင်းဒေသကြီးနှင့်ပြည်နယ်များရှိအိတ်ချိန်းများကိုခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲတပ်ဆင်ပြီးကေဘယ်လ်ကွန်ရက်စနစ် (Copper Cable Network) အား မြန်နှုန်းမြင့် သတင်းအချက်အလက်ဝန်ဆောင်မှုပေးနိုင်သည့် ဖန်ကြိုးမျှင် (Fiber Cable)အသုံးပြုတယ်လီဖုန်းစနစ်နှင့်ကြိုးမဲ့စနစ်သုံး (Wireless)တယ်လီဖုန်းများဖြင့် ပြောင်းလဲတပ်ဆင်မည်ဖြစ်ပါသဖြင့် အော်တိုတယ်လီဖုန်းနံပါတ်များမှာ အောက်ပါအတိုင်း ပြောင်းလဲသွားမည်ဖြစ်ပါသည်။

| နယ်မြေ | အိတ်ချိန်း | Migration စတင်ပြုလုပ်မည့်ရက်စွဲ | လက်ရှိအသုံးပြုနေသော ဖုန်းနံပါတ် | အသစ်ပြောင်းလဲမည့် ဖုန်းနံပါတ် |
|---|---|---|---|---|
| ကရင်ပြည်နယ် | သံတောင်ကြီး အိတ်ချိန်း | ၃၀-၁၁-၂၀၂၀ | ၀၅၄-၄၅ × × × | ၀၅၄-၄၇၄၅ × × × |
| | သပယ်န်းညီနောင် အိတ်ချိန်း | ၃၀-၁၁-၂၀၂၀ | ၀၅၈-၅၅ × × × | ၀၅၈-၄၇၅၅ × × × |
| ရှမ်းပြည်နယ် (မြောက်ပိုင်း) | မူဆယ် အိတ်ချိန်း | ၃၀-၁၁-၂၀၂၀ | ၀၈၂-၅၀ × × × | ၀၈၂-၂၉၅၀ × × × |
| | | ၃၀-၁၁-၂၀၂၀ | ၀၈၂-၅၁ × × × | ၀၈၂-၂၉၅၁ × × × |
| | | ၃၀-၁၁-၂၀၂၀ | ၀၈၂-၅၂ × × × | ၀၈၂-၂၉၅၂ × × × |
| တနင်္သာရီတိုင်းဒေသကြီး | သရက်ချောင်း အိတ်ချိန်း | ၃၀-၁၁-၂၀၂၀ | ၀၅၉-၃၅ × × × | ၀၅၉-၂၀၃၅ × × × |
| ကချင်ပြည်နယ် | ဖားကန့် အိတ်ချိန်း | ၃၁-၁၂-၂၀၂၀ | ၀၇၄-၇၀ × × × | ၀၇၄-၂၅၇၀ × × × |
| | လုံးခင်း အိတ်ချိန်း | ၃၁-၁၂-၂၀၂၀ | ၀၇၄-၇၂ × × × | ၀၇၄-၂၅၇၂ × × × |
| ရန်ကုန်တိုင်းဒေသကြီး | ကွမ်းခြံကုန်း အိတ်ချိန်း | ၃၁-၁၂-၂၀၂၀ | ၀၁-၂၆၅ × × × | ၀၁-၈၂၆၅ × × × |

နံပါတ်အဟောင်းမှနံပါတ်အသစ်သို့ပြောင်းလဲစဉ်ကာလအတွင်းတွင်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိမိတို့၏ဝန်ဆောင်မှုကို အသုံးပြုနေသူများ ဆက်သွယ်မှုအဆင်ပြေစေရန် Call Forward ဝန်ဆောင်မှုကို ပြောင်းလဲတပ်ဆင်သည့်နေ့မှစ၍ (၃) လအထိ အခမဲ့ပေးထားမည်ဖြစ်ပြီး သုံးစွဲသူများသည် နံပါတ်အသစ်သို့ ပြောင်းလဲနေစဉ်ကာလအတွင်းတွင် လက်ရှိနံပါတ် (သို့မဟုတ်) နံပါတ်အသစ်သို့ ခေါ်ဆိုနိုင်မည်ဖြစ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

**စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ**
**အဆင့်မြင့် စတီးဘလိတ်စားသွားဆုံးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။**
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

**BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ**
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ
ဗွီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁) - အမှတ်(၂၆၀)၊ အရှေ့ပြင်ပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရှေးဆောင်ဘဏ်အနီး၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663
အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၇)၊ ယုဇနဟာဘာအေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဗညားဒလလမ်း။
Ph: 09-5425251, 09-73225484

**ဖျံ-၅-ကောင်** အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(တနယ်ဖင်း) ၂၁၄/၀၆၁ဂ
GENEVA GOLDSTAR FOR QUALITY
**ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို**
ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ
တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
LONDON QUALITY CROWN QC 100
ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 839 2594

**ယဉ်မင်းအေး**
**အိမ်ခြံမြေအကျိုးဆောင်**
ဈေးကောင်းပေးဝယ်လိုသည်
ဒဂုံအရှေ့၊ ဒဂုံမြောက်၊
ဒဂုံတောင်၊ ဆိပ်ကမ်း
09-421094370
09-458481315
09-421102649

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)၊ ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး)နှင့် ဆေးဝါးစက်ရုံ(အင်ရောင်း)တို့အတွက် ဆေးဝါးကုန်ကြမ်းများနှင့် ထုပ်ပိုးခွံများ၊ စက်နှင့်စက်အရန်ပစ္စည်းများအား ရန်ကုန်ဆိပ်ကမ်းများမှ သက်ဆိုင်ရာစက်ရုံများသို့ ပို့ဆောင်ရန် ကုန်သေတ္တာတင်ယာဉ်ငှားရမ်းခ အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၄-၁၂-၂၀၂၀ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၀-၁၂-၂၀၂၀ရက်၊ ၁၆:၀၀နာရီ

၃။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းအသေးစိတ် အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ်(၃၇)၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**နေပြည်တော်**
**ဖုန်းနံပါတ်-၀၆၇-၃၄၀၈၂၇၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄ကံဘဲ့၊ မြေကွက်အမှတ်-၃၉/ဇ၊ ဧရိယာ(၀.၀၇၅)ဧက မြေကွက်တည်နေရာအမှတ်-၃၉/ဇ၊ မဥ္ဇူလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါက်တာကြူကြူသွင် (NBN-၁၀၂၆၈၉) [၁၂/တမန(နိုင်)၀၀၉၂၅၆] အမည်ပေါက်မြေပိုင်မြေ ၃(ခ)ပေးမြေအား အမည်ပေါက် ဒေါက်တာကြူကြူသွင် (NBN-၁၀၂၆၈၉)[၁၂/တမန(နိုင်)၀၀၉၂၅၆]မှာ ၁၅-၃-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဒေါက်တာကျော်စွာလှိုင်[၁၂/တမန(နိုင်)၀၆၇၅၀၈]၏ GP ရရှိသူ ဦးရဲကျော်စွာ[၁၂/တမန(နိုင်)၁၀၆၅၃၉]မှဒေါက်တာကျော်စွာလှိုင်မှာ ကွယ်လွန်သူ ဒေါက်တာ ကြူကြူသွင်၏တစ်ဦးတည်းသောခင်ပွန်းဖြစ်ကြောင်း၊ အခြားခင်ပွန်းလုံးဝမရှိပါကြောင်း ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းအရပ်ရပ်တို့အား မိမိတစ်ဦးတည်းသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်ဆက်ခံပိုင်ဆိုင်၍ လက်ဝယ်ထားရှိစီမံခန့်ခွဲနေထိုင်လျက်ရှိပါကြောင်း ဒေါက်တာ ကျော်စွာလှိုင်ကိုယ်တိုင်မှ ၁၇-၇-၂၀၂၀ ရက်စွဲဖြင့် ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ သေစာရင်း၊ G/Pအထောက်အထား၊ G/P အတွက်ကျမ်းကျိန်လွှာအမည်ပေါက် သည့်အရောင်းအဝယ်စာချုပ်အမှတ် -၂၉၅၂/၁၉၉၆(၂၉-၁၀-၁၉၉၆)တို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်အမှတ်-၄၅ကံဘဲ့၊ မြေကွက်အမှတ်-၇၊ (၀.၂၄၃)ဧက မြေကွက်တည်နေရာအမှတ်(၂၈၀)၊ အညာစုလမ်း၊ ၉-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ [GK စပါးမသိ (ခ) မောင်သိန်းမောင်] အမည်ပေါက် A ရွာမြေ၊ လ/န ၃(ခ)ရပြီး မြေအား အမည်ပေါက်၏အမွေဆက်ခံခွင့်ရှိသူ ဒေါ်အုန်းစိန်နှင့် ဒေါ်ဝင်းရီတို့ထံမှ (၁၆-၈-၂၀၁၈)ရက်စွဲပါ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဦးစံဝင်းမှလည်းကောင်း၊ ဦးစံဝင်းထံမှ (၂-၂-၂၀၁၆)ရက်စွဲပါ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဦးအောင်ကျော်မြင့်မှလည်းကောင်း ထပ်မံဝယ်ယူပိုင်ဆိုင်လာပါသည်။ ဦးအောင်ကျော်မြင့် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ဥမ္မာသန်း)မှ (တရားလို) ပြုလုပ်၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် -၁၃/၂၀၁၈ ဖြင့် ဦးစံဝင်းအား (တရားပြိုင်)ထားရှိပြီး အရောင်းအဝယ်စာချုပ်ချုပ်ဆို ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ တရားလိုမှ (၂၁-၂-၂၀၁၈)ရက်စွဲဖြင့် အနိုင်ဒီကရီရရှိလာပါသည်။ တရားမဇာရီမှု အမှတ်-၄၂/၂၀၁၈အရ တရားရှုံးကိုယ်စားဆောင်ရွက်ရန်အတွက် တရားရုံးမှ တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်အေးမြတ်မိုး(ဘီလစ်)ဒုတိယဦးစီးမှူးမှ တရားရုံးဒီကရီအထောက်အထား၊ ဇာရီအထောက်အထား၊ ဘီလစ်ခန့်စာတို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်(၈)လမ်း၊ အမှတ်-(၁၄၄/ခ)ဟုခေါ်တွင်သော (၆)ထပ်တိုက်၏ မြေညီထပ်၊ အကျယ်အဝန်း ပေ(၁၉x၅၄)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဖြစ်သော ဦးဝင်းညွန့်[၁၂/ကမတ(နိုင်) ၀၄၄၂၇၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**တိုက်အမှတ်(၃၂)၊ ဒုတိယထပ်၊ ၂၃လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၆၀၆၀၇**

## "အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/ဘီ)၊ မြေကွက်အမှတ်-(၁၆၆/ဘီ)၊ အကျယ်အဝန်း(၀.၂၂၉၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပိတောက်လမ်း၊ အမှတ်-(၁၆၆/ဘီ)ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးစိုးညီညီ[၁၂/လမတ(နိုင်)၀၀၃၉၄၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**တိုက်အမှတ်(၃၂)၊ ဒုတိယထပ်၊**
**၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

## "အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/ဘီ)၊ မြေကွက်အမှတ်-(၁၅၇/ခ)၊ အကျယ်အဝန်း(၀.၄၉၄)ဧကရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပိတောက်လမ်း၊ အမှတ်-(၁၅၇/ခ)ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးစိုးညီညီ[၁၂/လမတ(နိုင်)၀၀၃၉၄၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**တိုက်အမှတ်(၃၂)၊ ဒုတိယထပ်၊**
**၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ တလုပ်လပ်အရှေ့ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၅၅၊ တလုပ်လပ်တောင်ကွင်း)၊ ဦးပိုင်အမှတ်[၁၁၅/၂(စ)]၊ ဧရိယာ(၀.၉၈)ဧကရှိ မြေအား ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ တော်ဝင်အိမ်ရာ၊ အမှတ်(၂၉၅)၊ အခန်း(အေ-၄)နေ ဦးထွန်းဝင်း [၉/မရမ(နိုင်)၀၅၃၈၁၁]မှ စက်မှု/စီးပွားမြေငှားဂရန်အသစ်ရရှိရေးအတွက် အရောင်းအဝယ်စာချုပ်၊ မြို့နယ်တရားရုံးကျမ်းကျိန်လွှာနှင့် အခြားလိုအပ်သည့်စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ စက်မှု/စီးပွားမြေငှားဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ်တွေ့ာ်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဘုရင့်နောင်၊ မြေကွက်အမှတ် -က/၁၂၁၊ (၀.၀၅၅)ဧက မြေကွက်တည်နေရာအမှတ်-က/၁၂၁၊ ကံ့ကော်လမ်းသွယ်၊ ဘုရင့်နောင်ပွဲရုံတန်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးဝင်းဦး[၁၂/ကမတ(နိုင်)၀၁၃၇၁၁] အမည်ပေါက် (၃)နှစ်မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ခင်ပွန်းဖြစ်သူ ဦးဝင်းဦး[၁၂/ကမတ(နိုင်)၀၁၃၇၁၁]မှာ (၄-၆-၂၀၂၀)ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်နွဲ့အေးခိုင်[၁၂/ဗဟန(နိုင်)၀၀၅၀၂၉]မှ ၎င်းမှာကွယ်လွန်သူ ဦးဝင်းဦး၏ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း၊ ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိမှသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အခြားအမွေစားအမွေခံပိုင်ဆိုင်သူမရှိပါကြောင်း (၁၁-၈-၂၀၂၀) ရက်စွဲဖြင့် ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ (၃)နှစ်မြေငှားစာချုပ်ဂရန်တို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဝမ်းနည်းကြေကွဲခြင်း

## ဦးဘတုတ်

### သင်္ချိုင်းပါမောက္ခ (ငြိမ်း)

### အသက်(၁၀၀)

ဗိုလ်မှူးချုပ်(ငြိမ်း) ဇင်ယော်-ဒေါက်တာခင်သီရိ (Country Director) (Zifam Pinnacle Pty Ltd)တို့၏ ချစ်လှစွာသောဖခင်ဦးဘတုတ်သည် ၂-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူကြေကွဲဝမ်းနည်းရပါသည်။

**MR.CHANDER CHANNA-MRS.RITA KHANNA FAMILY**

**ZIFAM PINNACLE PTY LTD**

# ဝမ်းနည်းကြေကွဲခြင်း

## ဦးဘတုတ်

### သင်္ချိုင်းပါမောက္ခ(ငြိမ်း)

### အသက်(၁၀၀)

ဗိုလ်မှူးချုပ်(ငြိမ်း) ဇင်ယော်-ဒေါက်တာခင်သီရိ(Country Director)(Zifam Pinnacle Pty Ltd.) တို့၏ ချစ်လှစွာသောဖခင် ဦးဘတုတ်သည် ၂-၁၂-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**Zifam**
**Pyrex Co.,Ltd**
**Pinnacle Co.,Ltd**

# ဝမ်းနည်းကြေကွဲခြင်း

## ဦးဘတုတ်

### သင်္ချိုင်းပါမောက္ခ(ငြိမ်း)

### အသက်(၁၀၀)

ဗိုလ်မှူးချုပ်(ငြိမ်း) ဇင်ယော်-ဒေါက်တာခင်သီရိ(Country Director)(Zifam Pinnacle Pty Ltd.) တို့၏ ချစ်လှစွာသောဖခင် ဦးဘတုတ်သည် ၂-၁၂-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**ZIFAM PYREX(MYANMAR) FAMILY**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးကျော်စိန်(ငြိမ်း)**
**ဒုတိယညွှန်ကြားရေးမှူး ကညန(ငြိမ်း)**
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဒေါ်ခင်ခင်ဦး၏ ခင်ပွန်းသည် ၁-၁၂-၂၀၂၀ရက်၊ နံနက် ၃:၄၅နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကညနအငြိမ်းစားဝန်ထမ်းများလူမှုရေးစောင့်ရှောက်မှုအဖွဲ့**

### ဈာပုံမြို့နယ်အသင်း(ရန်ကုန်)

**ဒေါ်မြရင်(ဈာပုံ) ၁၀၁ နှစ်**

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တိုးချဲ့(၁)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်(၈၈)နေ ဈာပုံမြို့နယ်အသင်း (ရန်ကုန်)၏ရာသက်ပန်အသင်းဝင်၊ သက်ကြီးကန်တော့ခံ ဒေါ်မြရင် သည် လူကြီးရောဂါဖြင့် (၂-၁၂-၂၀၂၀) (ဗုဒ္ဓဟူးနေ့) နံနက် ၁း၅၀ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ယင်းနေ့ တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ် ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါ သည်။ အမှုဆောင်အဖွဲ့

### ဒေါ်နှင်းနှင်း (ခ)

### ဒေါ်ခင်နှင်းဝါ

**ကျောင်းဆရာမ(ငြိမ်း)**
**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အမှတ်(၂၄၄)၊ ပ-ထပ်နေအိမ်၌ ၁-၁၂-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၂၀ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများ၊ တပည့်များအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၁၂-၂၀၂၀ ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမြေး

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဦးဘတုတ်

### သင်္ချိုင်းပါမောက္ခ(ငြိမ်း)

### အသက် (၁၀၀)

မန္တလေးမြို့နေ (ဦးအောင်ကြွယ်-ဒေါ်ဆင့်)တို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄) ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၂၂)နေ (ဒေါ်ခင်မကြီး)၏ခင်ပွန်း၊ ဒေါ်မျိုးသွယ် (Betty)-ဦးစိုးမြင့်ထွန်း၊ ဦးရဲမြင့်-ဒေါ်ခင်စိုးညွန့်၊ [ဒေါ်ခင်မြတ်ဆွေ (Kitty)-ဦးမောင်မောင်ကြီး]၊ ဒေါက်တာခင်လင်းမော်(Nelly)-ဒေါက်တာအောင်လွင်ဦး၊ ဒေါ်သင်းသင်း (Pansy)-ဦးသန်းမြင့်၊ (ဦးစိုးဝင်း)-ဒေါ်ဥမ္မာဆွေ၊ ဒေါက်တာခင်သီရိ(Tammy)-ဦးဇင်ယော်၊ ဒေါ်သိဂီတို့၏ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၅ ယောက်တို့၏ အဘိုး၊ မြစ် ၁၅ ယောက်တို့၏ဘိုးဘိုးကြီး ဦးဘတုတ်သည် ၂-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၅:၄၃ နာရီတွင် ကွယ်လွန်သွားကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးဘတုတ်

### သင်္ချိုင်းပါမောက္ခ(ငြိမ်း)

### အသက် (၁၀၀)

မန္တလေးမြို့နေ (ဦးအောင်ကြွယ်-ဒေါ်ဆင့်)တို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄) ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် (၂၂)နေ (ဒေါ်ခင်မကြီး)၏ခင်ပွန်း၊ သားသမီး ရှစ်ယောက်တို့၏ဖခင်၊ ဒေါက်တာစုဝေမောင်-ကိုဝေဖြိုး၊ (ဗိုလ်ပြည့်စုံစိုး)၊ ကိုသန့်စင်နောင်-ဒေါက်တာနေခြည်သွယ်မင်း၊ ကိုသန့်စင်အောင်-မမေသက်စု၊ ကိုစည်သူမောင်၊ ကိုချမ်းအေးအောင်-မဇင်သူထက်၊ ကိုသော်ဇင်အောင်-မချိုဇင်သင်း၊ မအိမွန်မြင့်-ကိုခန့်စည်သူဆွေ၊ ဒေါက်တာဆွေဇင်မောင်-ဒေါက်တာထွန်းနေလင်း၊ ကိုမိုးဝေအောင်-မအိခိုင်နေဝင်း၊ ကိုကျော်စိုးဝင်း-မခိုင်တင်ဇာလှိုင်၊ ကိုကျော်သူအောင်-မအေးမွန်ဖြူ၊ မဇင်မွန်အေး-ကိုထွန်းထွန်းလင်း၊ ကိုဇော်စိုးဝင်း-မအိနှင်းဖြူ၊ ဒေါက်တာထက်အောင်-ဒေါက်တာထက်ထက်ဝေတို့၏အဘိုး၊ မြစ် ၁၅ ယောက်တို့၏ဘိုးဘိုးကြီး ဦးဘတုတ်သည် ၂-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၅:၄၃ နာရီတွင် ကွယ်လွန်သွားကြောင်း ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်အေး

### အသက် (၆၆) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်၊ ဒဂုံတိုင်တာဝါ၊ အမှတ်(2-C/D)နေ (ဦးဝင်းကြည်-ဒေါ်ရှုကြည်)တို့၏ သမီး၊ (ဦးဘကောက်)-ဒေါ်ကြင်တို့၏သမီးချွေးမ၊ ဦးအောင်လှဦး-ဒေါ်တင်ဝေ၊ (ဦးဝင်းမြင့်)-ဒေါ်စီစီရီ၊ (ဦးထိန်လင်း-ဒေါ်နွဲ့မူ)၊ ဦးကျင်မောင်-ဒေါ်မို့မို့၊ (ဦးကျင်စိန်)-ဒေါ်ခင်တိုးအောင်တို့၏ ညီမ၊ တူ/တူမ ၁၉ ယောက်တို့၏အဒေါ်၊ ကိုဝင်းသော်-မဆုမေချစ်၊ ဒေါက်တာပိုင်စိုးချစ်-ဒေါက်တာစမ်းအေးအေးဝင့်တို့၏ ချစ်လှစွာသောမိခင်၊ မောင်ရဲချစ်သော်၊ မအိမ့်ခြူးချစ်သော်၊ မောင် All Good တို့၏ ချစ်လှစွာသောအဘွား၊ (ဒေါက်တာဦးမျိုးချစ်)၏ ချစ်လှစွာသောဇနီးသည် ၃-၁၂-၂၀၂၀ ရက် နံနက် ၁၁:၄၂ နာရီတွင် Grand Hantha ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဒေါ်ယဉ်ကြည်ထွန်း (ခ) မပြုံး

**မီးခံဘီလပ်မြေပြား-မှော်ဘီ**
**အသက် (၆၅) နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ(၁၂)လမ်း၊ အမှတ်(၂၃၉)နေ (ဦးထွန်းဖေ-ဒေါ်အေးကြည်)တို့၏ သမီး၊ (ဦးအုန်းကြိုင်-ဒေါ်ခင်အေး)တို့၏ သမီးချွေးမ၊ [ဦးဇော်မင်းထွန်း(ပြည်တွင်းရေကြောင်း)]၊ [ဦးအောင်ဇော်ထွန်း (အင်္ဂတေပစ္စည်းစက်ရုံ)]၊ ဒေါ်မေကြည်ထွန်း(ပြည်တွင်းရေကြောင်း)တို့၏ ချစ်လှစွာသောညီမ၊ ဦးကျော်ကျော်ဝင်း-ဒေါ်မြင့်ကြည်ထွန်း(စီးပွား/ကူးသန်း)၊ ဒေါ်သန်းကြည်ထွန်းတို့၏ ချစ်လှစွာသောအစ်မ၊ [ဦးစိုးလွင်(အုတ်စက်ရုံ)]၏ ချစ်လှစွာသောဇနီး၊ ကိုပြည့်ဖြိုးကျော် (Multi Gate)-မမေသက်ဝါ၊ ကိုမျိုးသော်ထက်နိုင်(Ink Shipping)-မခိုင်စုစုထွန်း (ကမ္ဘာ့ရတနာဘဏ်)၊ မဆုမွန်အေး(ပြည်တွင်းရေကြောင်း)တို့၏ကျေးဇူးရှင်မိခင်၊ မခေတ်ယွန်းဟန်နီထက်၏ ချစ်လှစွာသောအဘွားသည် ၃၀-၁၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈၁)၊ မြေကွက်အမှတ်(၇ဘီ/၂)၊ (၀.၁၇၇)ဧက၊ မြေကွက်တည်နေရာ အမှတ်-၅၂၅/အေ၊ မာလာမြိုင်ရိပ်သာလမ်း၊ လှည်းတန်း၊ (၈)ရပ်ကွက်၊ ဦးထွန်းအောင်[၁၂/ကမရ(နိုင်)၀၄၁၀၇၇] အမည်ပေါက် မြေပိုင်မြေ (မစိုက်ပျိုးမြေ)အား အမည်ပေါက်ဖြစ်သူ ဦးထွန်းအောင် (ဖခင်)သည် (၁၃-၇-၂၀၁၄)ရက်တွင် လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်လွင်နှင်းဆီ သည် (၃-၂-၁၉၉၈)ရက်တွင် လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် သားသမီးများဖြစ်ကြသည့် ဒေါ်ခင်ခင်အောင်[၁၂/ကမရ(နိုင်)၀၄၀၈၀၂]၊ ဦးမင်းအောင်[၁၂/ကမရ(နိုင်)၀၃၃၄ ၂၄]၊ ဒေါ်မိုးမိုးအောင် [၁၂/ကမရ(နိုင်)၁၃၄ ၄၂၈]၊ ဒေါ်မျိုးမျိုးအောင်[၁၂/ကမရ(နိုင်) ၀၃၄၃၄၂]၊ ဦးသင်းအောင်[၁၂/ကမရ(နိုင်)၀၄၀၄၀၇]တို့က ဖခင်ဦးထွန်းအောင်နှင့် မိခင် ဒေါ်လွင်နှင်းဆီတို့ ကွယ်လွန်ပြီးနောက် ၎င်းတို့သားသမီး (၅)ဦးသာ ကျန်ရှိပါကြောင်း ၎င်းတို့မှလွဲ၍ အခြားသော ဇနီးမယားနှင့် သားသမီးတစ်ဦး တစ်ယောက်မျှမရှိပါကြောင်း၊ မိဘနှစ်ဦးကွယ်လွန်ပြီးနောက် ၎င်းတို့ သားသမီး(၅)ဦးတို့ကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန် ကြောင်း (၄-၉-၂၀၂၀) ရက်စွဲဖြင့် ကျမ်းကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာမူရင်း (၁)စောင်၊ ထောက်ခံကျမ်းကျိန်လွှာမူရင်း (၂)စောင်၊ ဦးထွန်းအောင်နှင့် ဒေါ်လွင်နှင်းဆီတို့၏ သေစာရင်း(၂)စောင်၊ သန်းခေါင်စာရင်း၊ အမည်ပေါက်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**မီးဘေးရှောင် မလောင်ခင်တား**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**

## ဒေါ်ခင်ရီ (ဘိုကလေး)
### အသက် (၉၃) နှစ်

ရန်ကုန်မြို့နေ (ဦးဘဆက်-ဒေါ်မြညွန့်)တို့၏ သမီး၊ (ဦးဘသင်-ဒေါ်ဖွားသိန်း)တို့၏ သမီးချွေးမ၊ ဗိုလ်ကလေး ဦးတင့်အောင်၏ဇနီး၊ ဒေါက်တာအောင်သစ်လွင်-ဒေါက်တာခင်ခင်ရီ၊ ဦးအောင်ချိုလွင်၊ ဒေါ်စိုးစိုးတင့်၊ (ဒေါက်တာချမ်းသာ)-ဒေါက်တာစုစုတင့်တို့၏မိခင်၊ ဉာဏ်ဗိုလ်ဗိုလ်၊ မင်းသစ်အောင်၊ ငြိမ်းအေးစံ၊ ဒေါက်တာသော်အေးချမ်း၊ ဒေါက်တာအောင်အေးချမ်းတို့၏အဘွား ဒေါ်ခင်ရီသည် ၁-၁၂-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁:၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်အေး (ခ) ဒေါ်ချစ်
### အသက် (၉၈) နှစ်
## ဒေါ်စုကျင်
### အသက် (၆၅) နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၆၅)၊ လေးလွှာ၊ (၄၅) လမ်းနေ (ဦးယုံ)၏ဇနီး၊ [ဦးယုံ-ဒေါ်အေး(ခ)ဒေါ်ချစ်]တို့၏ သမီး၊ ဦးဟုန်ထန်ရီ-ဒေါ်ကျင်ငွေ၊ ဦးဟုန်ဖူးရင်၊ ဦးဟုန်လျန်ရီ(ခ)မောင်အေး-ဒေါ်စန်းစန်းအေး၊ လူမောက်စိန်-ယုံစုကျင်၊ ဦးဟုန်လင်းရီ-ဒေါ်စိုးစိုး၊ ဦးမောင်ရီ-ဒေါ်ခင်နီလာတို့၏ မိခင်/ညီမ/အစ်မ၊ (ကျော်မျိုးလွင်)၊ နီလာအေး၊ ဇော်မျိုးနိုင်၊ မျိုးမင်းဇော်၊ သူရဇော်၊ ဝေယံကျော်၊ လူစင်းဂျက်၊ ပြုံးကေခိုင်၊ ဇော်စွမ်းရည်တို့၏ ချစ်လှစွာသော အဘွား/အဒေါ်တို့သည် ၂-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၂၀ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်မောင်ပြုံး
### မြန်မာအမျိုးသားလေကြောင်း(ငြိမ်း)၊ ထားဝယ်
### အသက် (၅၉) နှစ်

ထားဝယ်မြို့၊ အမှတ် (၆၅၈)၊ အာဇာနည်လမ်း၊ မြောက်ရွာရပ်နေ (ဦးငွေလင်း-ဒေါ်အုန်းကြည်)တို့၏ သားသမက်၊ (ဦးလှရွှေ-ဒေါ်ခင်အေး)တို့၏သားကြီး၊ (ဒေါ်မြင့်မြင့်စန်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်လေး-ဒေါ်မြင့်မြင့်ကြည်တို့၏မောင်၊ ဦးအောင်နိုင်မြင့်-ဒေါ်နွဲ့နွဲ့ကြည်၊ (ဦးချစ်ဦး)-ဒေါ်ရီရီမာ၊ ဦးမျိုးကြီး-ဒေါ်မေသက်ခိုင်၊ ဦးမျိုးလေး-ဒေါ်မြင့်မြင့်ထွန်းတို့၏ အစ်ကို၊ ဗိုလ်ကြီးပြုံးအောင်အောင်၊ ဦးပြုံးနောင်နောင်(Duty Manager-ADCC, YACL)၊ ဦးပြုံးမောင်မောင်၊ ဒေါ်ဝင့်ဝါပြုံး (မြန်မာအမျိုးသားလေကြောင်း၊ ထားဝယ်)တို့၏ဖခင်၊ မောင်ဟိန်းစည်သူအောင်၊ မနှင်းအိမ့်ရွှေရည်ဝင်းတို့၏ အဘိုးသည် ၃-၁၂-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃:၀၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၂၀ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် အမှတ်(၁၀၁)၊ (င) ရပ်ကွက်၊ သန္တာ(၁၀)လမ်း၊ မြောက်ဥက္ကလာပမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နန်းစံ
### အသက်(၈၃)နှစ်

သူငယ်ချင်း ဗိုလ်မှူးကြီးဉာဏ်နိုင်-ဒေါ်စန္ဒာထွန်းတို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်နန်းစံ အသက်(၈၃)နှစ်သည် ၃-၁၂-၂၀၂၀ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၇)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုင်းဆင်စိုင်း
### ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်
### တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
### အသက် (၈၁) နှစ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နေ ဦးစိုင်းဆင်စိုင်း(ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)သည် ၃-၁၂-၂၀၂၀ (ကြာသပတေးနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**
**ဗဟိုကော်မတီဌာနချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး
### သီဟသုဓမ္မ မဏိဇောတဓရ
## ဦးမျိုးညွန့်
### Executive Chairman
### Star Moe Yan Group of Companies
### အသက် (၅၇) နှစ်

သီဟသုဓမ္မသိင်္ဂီဒေါ်တင်တင်မြင့် (Chairman, Star Moe Yan Group of Companies)၏ခင်ပွန်း၊ ဦးအောင်ကျော်၊ ဒေါ်ချမ်းမြမြငြိမ်းတို့၏ဖခင်ကြီးသည် ၁-၁၂-၂၀၂၀ (အင်္ဂါနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးပင် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်

**ဦးတင်အောင်ဝင်း၊ ဦးစိုးဝင်း မိသားစု**
**စိုးအောင်(ဘရားသားလျှပ်စစ်)**

## ဦးချစ်စိန်
### အသက် (၉၂) နှစ်

မွန်ပြည်နယ်၊ သထုံမြို့နေ (ဦးဘိုးမြ-ဒေါ်လှဝင်း)တို့၏သား၊ (ဒေါ်အေးမြင့်)၏ခင်ပွန်း၊ ဒေါ်မူးကြည်၊ (ဒေါ်မူးငယ်) တို့၏အစ်ကို၊ ဦးသိန်းအောင်-ဒေါ်မြစန်းကြည်၊ (ဦးတင်လှဦး)-ဒေါ်တော်မြ၊ ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး-ဒေါ်မူမူသက်၊ ဦးအောင်မြင့်-ဒေါ်ဝင်းမာချို၊ ဒုတိယအရာခံဗိုလ် မိုးကျော်ဦး-ဒေါ်နှင်းနှင်းအေး၊ ဦးမြင့်နိုင်-ဒေါ်ဝင်းသိင်္ဂီ တို့၏ဖခင်၊ မြေး ၁၆ ယောက်၊ မြစ် ၁၁ ယောက်တို့၏အဘိုး ဦးချစ်စိန်သည် ၃-၁၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၃:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်း(မြောက်ချောင်းသုသာန်)သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်အမာတင်
### အသက် (၈၆) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ သရက်တောလမ်း၊ တိုက်(၄)၊ မြေညီထပ်(ခေါင်းရင်း)နေ (ဦးဖိုးသင်-ဒေါ်ရွှေပု)တို့၏သမီး၊ [ဦးဘသင်း(ယာဉ်/စက်)]၏ဇနီး၊ (ဦးမျိုးချစ်)-ဒေါ်မာလာသင်း၊ ဦးဇော်မိုးသင်း (မြန်မာ့စီးပွားရေးဘဏ်)၊ ဦးဇော်ဇော်သင်း-ဒေါ်စန်းစန်းအေး၊ ဦးထူးထူးကျော်သင်း-ဒေါ်ဇာဇာလွင်တို့၏ မိခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၃-၁၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၅:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးခင်မောင်သိန်း
### အသက် (၈၆) နှစ်

ရန်ကုန်မြို့နေ (ဦးအောင်သိန်း-ဒေါ်မြစိန်)တို့၏သား၊ (ဦးသက်စိန်-ဒေါ်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဆီဆုံလမ်း၊ အမှတ်(၅)နေ (ဒေါ်မြင့်မြင့်)၏ခင်ပွန်း၊ ဒေါ်အေးချို(Violet Hand Made Fancy)-ဦးမင်းမင်းဦး(2nd Mate FG)၊ Dr.ဒေါ်အေးပို(Sydney, Australia)-Dr. ဦးမြိုင်ညွန့်(Sydney, Australia)၊ Dr.ညိုညိုသိန်း(ပါမောက္ခ၊ သင်္ချာဌာန-YTU)၊ ဦးအောင်ဇော်သိန်း(Chief Officer/Uniteam Marine)၊ Dr.ဒေါ်ခင်စန္ဒာသိန်းတို့၏ဖခင်၊ မောင်ကောင်း၊ မောင်ဇေယျာလင်းထက်(ခ)မောင်ထက်တို့၏အဘိုး ဦးခင်မောင်သိန်းသည် ၂-၁၂-၂၀၂၀ ရက် ညနေ ၄ နာရီတွင် ဆာကူရာဆေးရုံ၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးစန်း
### အသက် (၆၉) နှစ်

(ဦးမြဟန်-ဒေါ်ငွေခ)တို့၏သမီး၊ အမှတ်(၂၆၇-A)၊ ခြောက်လွှာ၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးမောင်မောင်)၏ဇနီး၊ ဦးဇော်ဇော်-မထွေးထွေး၊ ဦးကျော်မောင်မောင်-ဒေါ်ဝင်းမမ၊ (ဦးဝင်းမောင်မောင်)၊ ကိုခိုင်လင်းမောင်-မသန္တာအေး၊ ကိုဖြိုးမောင်မောင်ကျော်-မချောချောတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁-၁၂-၂၀၂၀ (အင်္ဂါနေ့) နံနက် ၉:၁၀ နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၂၀ ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
### အသက် (၆၆) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂/တောင်) ရပ်ကွက်၊ မာန်ပြေ(၁)လမ်း အရှေ့၊ အမှတ်(၇၇၃)နေ (ဦးသိန်းဟန်-ဒေါ်ဥ)တို့၏သမီးကြီး၊ (ဦးတင့်-ဒေါ်ခင်စိန်)တို့၏သမီးချွေးမ၊ ပန်းပုဆရာကြီး (ဦးကျော်မြင့်)၏ချစ်လှစွာသောဇနီး၊ ဦးမင်းသူ၊ ဦးဇော်အေးထွန်း-ဒေါ်နီနီဝင်း၊ ဒေါ်တင်တင်ခိုင်၊ ဦးသူရလင်း၊ ဦးမြင့်သိန်းကျော်-ဒေါ်မေသဉ္ဇာနိုင်တို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မကြယ်စင်အေးထွန်း၊ မောင်လရောင်ဘုန်းသိင်္ဂါတို့၏ဘွားဘွား ဒေါ်အေးအေးသိန်းသည် ၂-၁၂-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄:၃၀ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသံဒိုင် (ခ) ကိုကို
### မြတ်သုခဆားစက်
### အသက် (၆၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးကြာညွန့်-ဒေါ်ခိုင်)တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၅၀၄)နေ ဒေါ်တင်တင်ယု၏ခင်ပွန်း၊ ဦးမိုးကျော်သူ(Ooredoo Myanmar)-ဒေါ်သင်းဆွေဖြိုး (CB Bank-Taik Kyi)၊ မနှင်းဝေစိုး(OIS)၊ မပေမာထွန်း(AYA Bank)၊ မောင်ချစ်ကိုကိုတို့၏ဖခင် ဦးသံဒိုင်(ခ) ကိုကိုသည် ၂-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၉:၄၄ နာရီတွင် အင်းစိန်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးဝင်ကြွင်စိန် (ခ) ဦးဝင်းထိန်
### အသက် (၉၈) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ယုန်သလင်းကျေးရွာ အနောက်မြို့ကွက်၊ လမ်းမတော်လမ်း၊ အမှတ် (၂၁၉)နေ (ဦးဝင်ယူစင်-ဒေါ်ငွေစိန်)တို့၏သား၊ (ဒေါ်ခြူးမေ)၏ ခင်ပွန်း၊ (ဦးအင်ယင်ကြို-ဒေါ်အွန်တန်ဖော)တို့၏ သားသမက်၊ ဦးအေးမောင်-ဒေါ်နီနီ၊ ဒေါ်ခင်အေးခိုင်-ဦးအေးမြင့်ဦး (အေး မိသားစုကုမ္ပဏီလီမိတက်)၊ ဒေါ်မွေးမွေး-ဦးသန်းအေး၊ ဦးသိန်းမောင်-မိုင်နွဲ့နွဲ့ရီ၊ ဒေါ်သန်းနွဲ့-Mr.Takayama Yoshikazu (Japan)၊ ဦးအောင်သန်း-ဒေါ်လဲ့ချိုဦး၊ ဦးကျော်တင့်၊ ဦးလှဝင်း-ဒေါ်သင်းသင်း၊ ဒေါ်ခင်မိုးအေးနိုင်-ဦးညီညီသန်းတို့၏ဖခင်၊ မြေး ၁၂ ယောက်၊ မြစ်ကိုးယောက်တို့၏ဘိုးဘိုးကြီး ဦးဝင်ကြွင်စိန်(ခ) ဦးဝင်းထိန်သည် ၃-၁၂-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂:၁၅ နာရီတွင် အမှတ် (92/A-C-D)၊ ကမ္ဘာအေးဘုရားလမ်း၊ ကုက္ကိုင်း၊ ဗဟန်းမြို့နယ် နေအိမ်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၂၀ (စနေနေ့) နံနက် ၉:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ကြည်း-၁၀၃၄၁ ဗိုလ်မှူး သက်ထွန်း(ငြိမ်း)
### O.T.S(31)
### ဒုတိယကျောင်းအုပ်ကြီး(ငြိမ်း)
### တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)
### အသက်(၈၆)နှစ်

ပြည်မြို့နေ (ဦးကိုကိုကြီး-ဒေါ်ငွေရီ)တို့၏သား၊ (ဦးထွန်းတင်-ဒေါ်ခလေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၁၁)လမ်း၊ 1(A-8)နေ (ဒေါ်ကြည်ကြည်စိန်)၏ခင်ပွန်း၊ ဦးမောင်သန်း-(ဒေါ်ကြည်သိန်း)တို့၏မောင်၊ ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း-ဒေါ်ကြည်ကြည်ထွန်း၊ ဗိုလ်မှူးမျိုးအောင်(ငြိမ်း)(ပုသိမ်ခရိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)-ဒေါ်သိင်္ဂီထွန်း(မြဝတီဘဏ်ရုံးချုပ်)၊ ဦးသီဟလွင်-ဒေါ်သင်းမာထွန်း၊ ဦးမျိုးသူရအောင်(Myint Moe Gone Yee & GAIA Construction Co.,Ltd. Director)-ဒေါ်မိုးမိုးထွန်း(K.K.P Co.,Ltd. Director)တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ ဗိုလ်ကြီးရဲထွန်းဝင်း-ဒေါက်တာခိုင်ခင်ဖြူ၊ မရွှန်းလဲ့သဒ္ဒါလွင်(Cabin Crew-Golden Myanmar Airlines)၊ မဆုလဲ့ရှုပါလွင်၊ မလင်းလက်ရှုပါ၊ မယွန်းမြတ်နိုးအောင်၊ မောင်အောင်ဘုန်းခန့်တို့၏ အဘိုးဖြစ်သူ ဗိုလ်မှူးသက်ထွန်း(ငြိမ်း) သည် ၃-၁၂-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၁:၅၅နာရီတွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃ နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) မင်္ဂလာဒုံငြိမ်းအေးဇရပ်၌ တရားနာယူပြီး မင်္ဂလာဒုံစစ်သင်္ချိုင်းတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကျော်သူ
### MD, Ocean World Shipping Pte.Ltd
### အသက် (၅၉) နှစ်

ရန်ကုန်မြို့နေ (ဦးခင်မောင်ကြီး)-ဒေါ်ရီတို့၏သားကြီး၊ ဦးစိုးနိုင်(USA)-ဒေါ်စိုးသီတာ၊ ဦးကိုကို-ဒေါ်လွင်မာဦး (ခေတ္တ-Singpore)၊ ကပ္ပတိန်ဦးမြတ်သူ-ဒေါ်ခင်သန်းကြည်၊ မောင်သန့်(ခေတ္တ-ဂျပန်)တို့၏ အစ်ကိုကြီး၊ တူ/တူမ ငါးယောက်တို့၏ ဦးလေး၊ မြေးတစ်ယောက်၏ အဘိုး၊ ဆရာမ ဒေါ်သူဇာဝင်း(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မဆုဝေဇင် (3rd Year Zoo)၊ မချမ်းမြစု၊ မောင်ရဲရင့်မင်းတို့၏ ချစ်လှစွာသောဖခင်သည် ၁-၁၂-၂၀၂၀ ရက် မွန်းလွဲ ၁၂:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကျော်သူ
### MD, Ocean World Shipping Pte.Ltd
### အသက် (၅၉) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ မြတ်လေးပန်းလမ်း၊ အမှတ်(E/201)နေ (ဦးမောင်မောင်ကြီး)-ဒေါ်ရီရီမြင့်တို့၏ သားကြီး၊ ဦးစိုးနိုင်-ဒေါ်ခင်သက်ဦး၊ ဒေါ်လွင်မာဦး-ဦးကိုကိုမောင်၊ ဦးမြတ်သူ-ဒေါ်ခင်သန်းကြည်၊ ဦးသန့်-CHIKAKO MIKUNI တို့၏ အစ်ကိုကြီး၊ မောင်အောင်ကျော်စိုး-မသစ်သစ်ရွှေ၊ မအိခိုင်စိုး၊ မသိမ့်သိမ့်အောင်၊ မသက်ထားဆွေတို့၏ဘကြီး၊ မောင်ကောင်းထက်ကျော်၏အဘိုးသည် ၁-၁၂-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၁၅ နာရီ တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## သွေးသည် အသက်

## ဒေါ်ရီရီဝင်း (ထားဝယ်)
### အသက် (၆၉) နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၅) ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၃၇၆)နေ (ဦးစံဝင်း-ဒေါ်တိုးခင်) တို့၏သမီး၊ ဒေါ်ခင်ခင်ဝင်း (အထပြ-ငြိမ်း)၊ ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း၊ ကပစ/UMEHL)၊ ဒေါ်အေးသန်း(လ/ထ ညွှန်မှူး၊ ကစလ)၊ ဦးရဲမြင့်-ဒေါ်အေးအေးဝင်း၊ ဦးတင်မောင်ဝင်း(မန်နေဂျာ-ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်၊ ရုံးချုပ်)၊ ဒေါ်အေးပိုတို့၏ညီမ၊ ဦးခင်မောင်ချို (အငယ်တန်းအင်ဂျင်နီယာ၊ ဆလရ)-ဒေါ်စောသီတာ၊ ဦးဟန်သွင်-ဒေါ်မူမူဝင်း (ရေနံသယ်ပို့-ငြိမ်း)၊ ဦးခင်မောင်ဘို-ဒေါ်ခင်မြင့်၊ (ဒေါ်ဖြူဖြူဝင်း)၊ ဦးမောင်မောင်ကျော်-ဒေါ်အေးအေးသွယ်တို့၏အစ်မသည် ၂-၁၂-၂၀၂၀ ရက် ညနေ ၃:၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မေဝင်း (ခ) မချို
### အသက် (၆၂) နှစ်

ရန်ကုန်မြို့၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်(၃၁) နေ (ဦးဝင်းရှိန်-ဒေါ်ခင်ခင်)တို့၏သမီး၊ ဦးကိုကိုလွင်-ဒေါ်တင်သီသီမော်၊ ဒေါ်တင်တင်ထူး၊ ဒေါ်တင်တင်ဌေးတို့၏ အစ်မ၊ ကိုသန့်ဇော်ဝင်း-မဝေဝေမွန်၊ ကိုချစ်ဖူး-မပေမာ၊ ကိုရန်အောင်-မခင်ငြိမ်းချမ်းတို့၏ ချစ်လှစွာသောမိခင်၊ မြေးနှစ်ယောက်တို့၏အဘွား၊ ဗိုလ်မှူးကြီးသီဟန် (အထွေထွေမန်နေဂျာ-ငြိမ်း၊ မြို့ပြ)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်မေဝင်း(ခ)မချိုသည် ၂၈-၁၁-၂၀၂၀ (စနေနေ့) နံနက် ၀၀:၂၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၂၀ (တနင်္လာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ဂူသွင်းပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၂၀ ပြည့်နှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်အမှာစကားပြောကြား





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၂၀ ပြည့်နှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၂၀ ပြည့်နှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာ ကိုကိုနိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်၊ ရင်ခွင်မဲ့ကလေးများလှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၊ ကျား/မရေးရာ တန်းတူညီမျှရေးကွန်ရက်နှင့် အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်တို့မှ တာဝန်ရှိသူများ၊ စာမျက်နှာ ၄ ကော်လံ ၁ ❍

## လိုင်လင်းပီမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ဆောင်ရွက်



**လိုင်လင်းပီ ဒီဇင်ဘာ ၃**

ချင်းပြည်နယ် လိုင်လင်းပီမြို့၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး ကျန်းမာရေးအသိပညာပေးခြင်းနှင့် နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရေးလှုပ်ရှားမှုလုပ်ငန်းကို ဌာနဆိုင်ရာများပူးပေါင်း၍ မြို့ဝင်/ထွက် စစ်ဆေးရေးဂိတ်များနှင့် မြို့တွင်းလမ်းဆုံနေရာတို့၌ ယနေ့နံနက် ၉ နာရီမှစ၍ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရီးသွားပြည်သူများနှင့် လမ်းသွားလမ်းလာပြည်သူများအား နှာခေါင်းစည်းတပ်ဆင်ခြင်းမရှိပါက နှာခေါင်းစည်းအခမဲ့တပ်ဆင်ပေးခြင်းနှင့် ညစ်ပေနေသည့် နှာခေါင်းစည်းတပ်ဆင်သူများအား နှာခေါင်းစည်းအသစ် အခမဲ့လဲလှယ်တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြကြောင်းနှင့် ကျန်းမာရေးအသိပညာပေးရေးလုပ်ငန်းများဆောင်ရွက်ပေးကြကြောင်း သိရသည်။

လိုင်လင်းပီမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့ဝင်/ထွက်စစ်ဆေးရေးဂိတ်များ၌ ခရီးသွားပြည်သူများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ ခရီးသွားရာဇဝင်များမှတ်တမ်းရေးသွင်းခြင်း၊ သက်ဆိုင်ရာအာဏာပိုင်များမှ စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❑

### ကြေးမုံ ယနေ့ ဖတ်စရာ


**ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၁၄၅ ဦးဖြင့် နေ့စဉ်ကူးစက်မှု စံချိန်တင်**
စာမျက်နှာ » ၁၂

**ဘရာဇီး၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ တစ်သိန်းခုနစ်သောင်းကျော်ရှိလာ**
စာမျက်နှာ » ၁၃

**မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်သူ့အငှားအိမ်ရာ အခန်းပေါင်း ၃၀၀၈ ခန်းအား ယခုဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားမည်**
စာမျက်နှာ » ၂၀




## လာမည့်ရာသီတွင် ကျင်းပမည့် ပြည်တွင်းပြိုင်ပွဲများနှင့်ပတ်သက်၍ ဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာနေရှင်နယ်လိဂ်သည် လာမည့်ရာသီတွင် ကျင်းပမည့် ပြည်တွင်းပြိုင်ပွဲများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီး MNL အမှတ်ပေးပြိုင်ပွဲကျင်းပရန်လျာထားသည့်ကာလကို ဆုံးဖြတ်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီအစည်းအဝေးကို ဒီဇင်ဘာ ၃ ရက်က အွန်လိုင်းမှတစ်ဆင့်ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဒုဥက္ကဋ္ဌများဖြစ်သည့် ဒေါက်တာစိုင်းဆမ်ထွန်းနှင့် ဦးပြည့်ဖြိုးတေဇ၊ MNL နှင့် MNL-2 ကလပ်အသင်းပိုင်ရှင်များနှင့် ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (ဝဲပုံ)

အစည်းအဝေးတွင် လာမည့်ရာသီ၌ ပြိုင်ပွဲများကျင်းပရန် စီစဉ်ထားမှု၊ ကလပ်အသင်းများအား ထောက်ပံ့မည့်အစီအစဉ်၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် ကလပ်အသင်းများ ဆက်လက်ရပ်တည်နိုင်ရန်နှင့် ဖျက်သိမ်းမည့်အသင်းများ၏အခြေအနေများကို ထည့်သွင်းဆွေးနွေးခဲ့သည်။ မြန်မာနေရှင်နယ်လိဂ်သည် ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေကြောင့် ၂၀၂၁ ရာသီကို အစောဆုံး ၂၀၂၁ ခုနှစ် ဧပြီလမှသာ စတင်ရန် စီစဉ်ထားသည်။

မြန်မာနေရှင်နယ်လိဂ်အနေဖြင့် ၂၀၂၁ ရာသီတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းအရေအတွက်၊ ပြိုင်ပွဲကျင်းပမည့်ပုံစံတို့ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် ထပ်မံပြုလုပ်မည့် လိဂ်ကော်မတီ အစည်းအဝေးမှသာ ထုတ်ပြန်မည်ဖြစ်သည်။ ထို့ပြင် MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲနှင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြည်သူ့လွှတ်တော် ဆန္ဒမဲရရှိမှုအခြေအနေ (၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မဲဆန္ဒရှင်ဦးရေ | မဲပေးသူဦးရေ | | | မဲပေးသူ ရာခိုင်နှုန်း | ပယ်မဲ/ပျောက်မဲအရေအတွက် | | | ရရှိသည့်နိုင်လုံမဲ | | | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | | ပယ် | ပျောက် | ပေါင်း | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | |
| ၁ | ကချင် | ၁၁၅၀၄၀၇ | ၅၉၇၈၅၆ | ၁၆၃၉၉၄ | ၇၆၁၈၅၀ | ၆၆.၂၂ | ၃၀၀၉၇ | ၂၃၉ | ၃၀၃၃၆ | ၅၇၂၈၀၂ | ၁၅၈၇၀၂ | ၇၃၁၅၀၄ | ၉၆.၀၂% |
| ၂ | ကယား | ၂၁၂၉၁၆ | ၁၂၈၅၀၀ | ၃၄၃၅၇ | ၁၆၂၈၅၇ | ၇၆.၄၉ | ၈၂၄၈ | ၆၂ | ၈၃၁၀ | ၁၂၁၀၂၄ | ၃၃၅၂၃ | ၁၅၄၅၄၇ | ၉၄.၉၀% |
| ၃ | ကရင် | ၁၂၃၆၈၃၈ | ၄၇၅၉၂၈ | ၁၈၅၇၇၀ | ၆၆၁၆၉၈ | ၅၃.၅၀ | ၃၇၂၈၇ | ၁၈၅၄ | ၃၉၁၄၁ | ၄၄၄၅၂၆ | ၁၇၈၀၃၁ | ၆၂၂၅၅၇ | ၉၄.၀၈% |
| ၄ | ချင်း | ၂၈၆၃၀၈ | ၁၇၉၅၀၀ | ၄၃၃၉၅ | ၂၂၂၈၉၅ | ၇၇.၈၅ | ၇၈၄၁ | ၉၀ | ၇၉၃၁ | ၁၇၂၇၃၅ | ၄၂၂၂၉ | ၂၁၄၉၆၄ | ၉၆.၄၄% |
| ၅ | စစ်ကိုင်း | ၄၃၀၅၄၀၃ | ၂၆၅၀၀၉၆ | ၇၃၃၀၈၉ | ၃၃၈၃၁၈၅ | ၇၈.၅၈ | ၆၉၄၀၃ | ၉၀၈၇ | ၇၈၄၉၀ | ၂၅၈၀၅၉၈ | ၇၂၄၀၉၇ | ၃၃၀၄၆၉၅ | ၉၇.၆၈% |
| ၆ | တနင်္သာရီ | ၁၁၉၁၈၉၀ | ၆၂၄၆၄၆ | ၁၆၈၀၇၉ | ၇၉၂၇၂၅ | ၆၆.၅၁ | ၃၀၆၅၅ | ၇၀၅ | ၃၁၃၆၀ | ၅၉၇၇၈၈ | ၁၆၃၅၇၇ | ၇၆၁၃၆၅ | ၉၆.၀၄% |
| ၇ | ပဲခူး | ၃၉၅၁၆၃၇ | ၂၁၈၈၅၁၃ | ၆၅၈၈၅၇ | ၂၈၄၇၃၇၀ | ၇၂.၀၆ | ၇၁၀၂၉ | ၁၈၈၈ | ၇၂၉၁၇ | ၂၁၁၇၈၈၇ | ၆၅၆၅၆၆ | ၂၇၇၄၄၅၃ | ၉၇.၄၄% |
| ၈ | မကွေး | ၃၃၁၀၀၃၂ | ၂၀၅၀၆၈၉ | ၅၂၆၈၇၁ | ၂၅၇၇၅၆၀ | ၇၇.၈၇ | ၅၅၇၁၀ | ၃၁၁၁ | ၅၈၈၂၁ | ၂၀၀၂၈၄၅ | ၅၁၅၈၉၄ | ၂၅၁၈၇၃၉ | ၉၇.၇၂% |
| ၉ | မန္တလေး | ၅၈၄၇၆၉၇ | ၃၆၈၈၈၆၀ | ၈၇၂၅၂၈ | ၄၅၆၁၃၈၈ | ၇၈.၀၀ | ၁၀၅၂၈၉ | ၃၈၀၈ | ၁၀၉၀၉၇ | ၃၅၈၈၉၀၇ | ၈၆၃၃၈၄ | ၄၄၅၂၂၉၁ | ၉၇.၆၁% |
| ၁၀ | မွန် | ၁၈၄၇၇၈၀ | ၇၈၆၁၀၂ | ၂၈၂၄၄၄ | ၁၀၆၈၅၄၆ | ၅၇.၈၃ | ၄၃၃၃၄ | ၃၃၄၁ | ၄၆၆၇၅ | ၇၄၇၈၈၆ | ၂၇၃၉၈၅ | ၁၀၂၁၈၇၁ | ၉၅.၆၃% |
| ၁၁ | ရခိုင် | ၄၇၇၉၅၇ | ၂၅၀၈၂၉ | ၇၈၃၃၅ | ၃၂၉၁၆၄ | ၆၈.၈၇ | ၁၅၈၉၄ | ၅၈၀ | ၁၆၄၇၄ | ၂၃၅၂၅၅ | ၇၇၄၃၅ | ၃၁၂၆၉၀ | ၉၄.၉၉% |
| ၁၂ | ရန်ကုန် | ၆၀၃၇၀၄၇ | ၃၃၂၅၆၂၂ | ၈၆၂၆၂၇ | ၄၁၈၈၂၄၉ | ၆၉.၃၈ | ၈၇၄၆၀ | ၅၆၀၈ | ၉၃၀၆၈ | ၃၂၃၈၁၆၂ | ၈၅၇၀၁၉ | ၄၀၉၅၁၈၁ | ၉၇.၇၈% |
| ၁၃ | ရှမ်း | ၃၉၃၄၂၈၃ | ၁၉၄၈၀၀၄ | ၆၇၃၀၃၄ | ၂၆၂၁၀၃၈ | ၆၆.၆၃ | ၁၄၄၄၃၈ | ၃၇၃၃ | ၁၄၈၁၇၁ | ၁၈၀၃၆၈၇ | ၆၆၉၁၈၀ | ၂၄၇၂၈၆၇ | ၉၄.၃၅% |
| ၁၄ | ဧရာဝတီ | ၄၇၁၃၀၅၂ | ၂၇၆၄၅၈၀ | ၈၀၁၃၄၂ | ၃၅၆၅၉၂၂ | ၇၅.၆၆ | ၁၀၂၉၆၉ | ၂၈၀၀ | ၁၀၅၇၆၉ | ၂၆၆၃၀၆၀ | ၇၉၇၀၉၃ | ၃၄၆၀၁၅၃ | ၉၇.၀၃% |
| | စုစုပေါင်း | ၃၈၂၇၁၄၄၇ | ၂၃၆၂၈၄၂၅ | ၅၈၈၄၄၂၀ | ၂၉၅၁၂၈၄၅ | ၇၇.၁၁ | ၈၀၆၄၂၃ | ၃၆၇၉၆ | ၈၄၃၂၁၉ | ၂၂၈၈၀၆၅၈ | ၅၇၈၈၉၆၈ | ၂၈၆၆၉၆၂၆ | ၉၇.၁၄% |

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ ဆန္ဒမဲရရှိမှုအခြေအနေ (၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ)

| စဉ် | မဲဆန္ဒနယ် | မဲဆန္ဒရှင် ဦးရေ | မဲပေးသူဦးရေ | | | မဲပေးသူ ရာခိုင်နှုန်း | ပယ်မဲ/ပျောက်မဲအရေအတွက် | | | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/ တစ်သီးပုဂ္ဂလ | ရရှိသည့်နိုင်လုံမဲ | | | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | | ပယ် | ပျောက် | ပေါင်း | | | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | |
| | ကချင်ပြည်နယ် | ၁၁၅၀၄၀၇ | ၅၉၇၈၅၆ | ၁၆၃၉၉၄ | ၇၆၁၈၅၀ | ၆၆.၂၂ | ၃၀၀၉၇ | ၂၃၉ | ၃၀၃၃၆ | | | ၅၇၂၈၀၂ | ၁၅၈၇၀၂ | ၇၃၁၅၀၄ | |
| ၁ | ခေါင်လန်ဖူးမဲဆန္ဒနယ် | ၈၉၇၉ | ၆၃၈၂ | ၉၄၈ | ၇၃၃၀ | ၈၁.၆၃ | ၃၉၃ | ၁ | ၃၉၄ | | | ၆၀၄၈ | ၈၈၈ | ၆၉၃၆ | |
| | | | | | | | | | | ဦးဆောင်ဆုနန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၁၇ | ၄၉၃ | ၃၁၁၀ | ၄၄.၈၄% |
| | | | | | | | | | | ဦးဇွဲခမ်း | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၅၀ | ၁၂၇ | ၁၁၇၇ | ၁၆.၉၇% |
| | | | | | | | | | | ဦးဆရာမိုးဆီ | တစ်သီးပုဂ္ဂလ | ၈၈၂ | ၁၂၂ | ၁၀၀၄ | ၁၄.၄၈% |
| | | | | | | | | | | ဦးအာပါးဆာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၇၉၀ | ၁၀၇ | ၈၉၇ | ၁၂.၉၃% |
| | | | | | | | | | | ဒေါ်ဆေးလတ်ဓမ္မ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၆၀၇ | ၂၉ | ၆၃၆ | ၉.၁၇% |
| | | | | | | | | | | ဦးခင်လံမုန် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၂ | ၁၀ | ၁၁၂ | ၁.၆၁% |
| ၂ | ဆွမ်ပရာဘွမ်မဲဆန္ဒနယ် | ၂၇၈၆ | ၁၆၂၅ | ၈၄၆ | ၂၄၇၁ | ၈၈.၆၉ | ၁၁၂ | - | ၁၁၂ | | | ၁၅၁၃ | ၈၄၆ | ၂၃၅၉ | |
| | | | | | | | | | | ဒေါ်လဂျန်ဂျာနန်ဆွပ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၄၆ | ၄၁၀ | ၈၅၆ | ၃၆.၂၉% |
| | | | | | | | | | | ဦးလှမြင့်ခါးဆောင်မိန်း | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၃၅၆ | ၂၂၅ | ၅၈၁ | ၂၄.၆၃% |
| | | | | | | | | | | ဦးဆလောင်လွယ်(ခ)၊ ဦးဆလောင်ထိတ်လွယ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၇၁၁ | ၂၁၁ | ၉၂၂ | ၃၉.၀၈% |
| ၃ | နောင်မွန်းမဲဆန္ဒနယ် | ၄၈၉၉ | ၃၇၁၃ | ၆၅၅ | ၄၃၆၈ | ၈၉.၁၆ | ၈၈ | - | ၈၈ | | | ၃၆၂၅ | ၆၅၅ | ၄၂၈၀ | |
| | | | | | | | | | | ဦးရယ်ဖိမ်းတောန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၆၆ | ၃၆၀ | ၂၂၂၆ | ၅၂.၀၁% |
| | | | | | | | | | | ဦးတန်နုဝ်တန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၅၅၉ | ၂၁၁ | ၁၇၇၀ | ၄၁.၃၆% |
| | | | | | | | | | | ဦးတူးဇော် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၂၀၀ | ၈၄ | ၂၈၄ | ၆.၆၄% |
| ၄ | ပူတာအိုမဲဆန္ဒနယ် | ၃၉၂၆၈ | ၂၄၄၇၄ | ၇၉၉၃ | ၃၂၄၆၇ | ၈၂.၆၈ | ၁၁၃၃ | ၁၀ | ၁၁၄၃ | | | ၂၃၄၇၀ | ၇၈၅၄ | ၃၁၃၂၄ | |
| | | | | | | | | | | ဦးမိုးနေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၉၅၈၀ | ၂၄၉၅ | ၁၂၀၇၅ | ၃၈.၅၅% |
| | | | | | | | | | | ဦးဇုလန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၄၇၆ | ၁၈၅၁ | ၆၃၂၇ | ၂၀.၂၀% |
| | | | | | | | | | | ဦးဆမ်တုံဆောင် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၂၇၉၇ | ၈၁၀ | ၃၆၀၇ | ၁၁.၅၂% |
| | | | | | | | | | | ဦးဒီမိနန်ဆိမ် | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၂၃၄၅ | ၁၀၀၀ | ၃၃၄၅ | ၁၀.၆၈% |
| | | | | | | | | | | ဦးဗိုလ်ဂျ(ခ)ဆရာမယ် | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၉၉၄ | ၅၈၂ | ၂၅၇၆ | ၈.၂၂% |
| | | | | | | | | | | ဦးကျော်စား | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၅၄ | ၄၂၄ | ၁၄၇၈ | ၄.၇၂% |
| | | | | | | | | | | ဦးခင်ထွန်းဆောင်ကိုမ် | ကချင်အမျိုးသားကွန်ဂရက်ပါတီ | ၄၁၅ | ၁၆၂ | ၅၇၇ | ၁.၈၄% |
| ၅ | မချမ်းဘောမဲဆန္ဒနယ် | ၅၉၀၂ | ၃၆၇၆ | ၁၂၉၁ | ၄၉၆၇ | ၈၄.၁၆ | ၁၈၄ | - | ၁၈၄ | | | ၃၅၉၂ | ၁၁၉၁ | ၄၇၈၃ | |
| | | | | | | | | | | ဦးအရောကျန်လဆောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၂၆၈ | ၃၇၉ | ၁၆၄၇ | ၃၄.၄၃% |

စာမျက်နှာ ၂ သို့

